ကေတုပဏ္ဍော စာစဉ်(၂)



# ချမ်းသာကြောင်းလေးပါး

အရှင်ကုဏ္ဍိကာဘိဝံသ

2009 GRAPHIC DESIGN: INK (Lingadipa)

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ်
ရက်စွဲ
သုတေသနစာကြည့်တိုက်

# ပုံနှိပ်မှတ်တမ်း

သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်
ညွှန်ကြားရေးမှူးဦးဝင်းနိုင်မှ ရိုက်နှိပ်ခွင့်ပြုသည်။
ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် ၀၃၈၄၃/၀၂၄၀၅
စာအမှတ် ၁၁၉/၀၁/ပုံနှိပ် သ·သ·န-၀၉

ထုတ်ဝေသည့်ကာလ-၂၀၀၉·နိုဝင်ဘာလ

ပုံနှိပ်သူ
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်အတွက်ဦးဇော်မြင့်ဝင်း
ကာလာဇုံပုံနှိပ်တိုက်၊ ၃၁-လမ်း၊ ရန်ကုန်က ပုံနှိပ်သည်။

မျက်နှာဖုံးပန်းချီ အရှင်ဇနက(န·ပ·သ၊ ရန်ကုန်)

တန်ဖိုး -၁၀၀၀ကျပ်

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | မင်းရဲ့ချမ်းသာ | ၅ |
| ၂။ | ကာမဂုဏ်ချမ်းသာ | ၅ |
| ၃။ | အစားကောင်းစားရတာ ချမ်းသာ | ၆ |
| ၄။ | မြတ်စွာဘုရားအား လျှောက်ထားကြ | ၇ |
| ၅။ | ဝဋ်ဆင်းရဲမှ မလွတ်ကင်းပါ | ၉ |
| ၆။ | ဗုဒ္ဓမြတ်စွာပွင့်ပေါ်တာ | ၁၀ |
| ၇။ | သံသရာထဲတဝဲလည်လည် | ၁၁ |
| ၈။ | လိုက်နာကျင့်သုံးက နိဗ္ဗာန်ရ | ၁၂ |
| ၉။ | နိဗ္ဗာန်ဆိုသည်မှာ | ၁၂ |
| ၁၀။ | ချမ်းသာစစ်ချမ်းသာမှန် | ၁၃ |
| ၁၁။ | တရားမေ့မှာ နာရတာ | ၁၄ |
| ၁၂။ | မြေးမလေး သုဒတ္တာ | ၁၅ |
| ၁၃။ | ဝိသာခါ ဝမ်းနည်းကြေကွဲ | ၁၆ |
| ၁၄။ | လူဦးရေ ခုနှစ်ကုဋေ | ၁၇ |
| ၁၅။ | ချစ်ခင်မှုမရှိတော့ရင် | ၁၈ |
| ၁၆။ | သင်ယူနာကြားမှုသာများသူ | ၁၉ |
| ၁၇။ | အရွတ်အအံသာများသူ | ၂၀ |

| | | |
|---|---|---|
| ၁၈။ | ကြံတွေးမှုသာမျှားသူ | ၂၁ |
| ၁၉။ | တရားနဲ့နေသူ | ၂၂ |
| ၂၀။ | မှတ်သားဖွယ်လင်္ကာ | ၂၃ |
| ၂၁။ | ကောင်းတော့ကောင်းတာပေါ့ | ၂၄ |
| ၂၂။ | ဒါပေမဲ့ | ၂၅ |
| ၂၃။ | ဂါဟတ်ကိုက်တက်သည် | ၂၅ |
| ၂၄။ | ဂါဟတ်ကင်းပြတ်သည် | ၂၆ |
| ၂၅။ | ပဋ္ဌာစာရီ | ၂၇ |
| ၂၆။ | မိမွေးတိုင်း ဖမွေးတိုင်း | ၂၇ |
| ၂၇။ | ပရိသတ် ရှစ်ပါး,လေးပါး | ၂၉ |
| ၂၈။ | ဝိနယရေ ဇေတဒဂ် | ၃၀ |
| ၂၉။ | ဗျာဒိတ်စကားမိန့်ကြား | ၃၁ |
| ၃၀။ | ဖယ်ကြဖယ်ကြ မတားကြနဲ့ | ၃၁ |
| ၃၀။ | နှမ သတိထားပါ | ၃၂ |
| ၃၁။ | အပူတွေ ပေါ့သွားသလို | ၃၃ |
| ၃၂။ | သောကငြိမ်းအေး တရားဆေး | ၃၄ |
| ၃၃။ | နိဗ္ဗာန်လမ်း ဖြောင့်တန်းအောင် | ၃၅ |
| ၃၄။ | ပဋ္ဌာစာရီ ဘိက္ခုနီမဖြစ်ပြီ | ၃၅ |
| ၃၅။ | ရေလောင်းတဲ့အခါ တရားရှာ | ၃၆ |

၃၆။ မဟာကရုဏာဉာဏ်ရှင် ၃၈
၃၇။ ဝိပဿနာတရား ဟောကြား ၃၈
၃၈။ ပဋ္ဌာစာရာ ၃၉
၃၉။ မုဏ္ဍာဘုရင်ရဲ့သောက ၄၀
၄၀။ ရွှေတိုက်စိုးရဲ့အကြံ ၄၁
၄၁။ အရှင်နာရဒအား လျှောက်ထား ၄၂
၄၂။ တောင့်တလို့ မရနိုင်ပါ ၄၃
၄၃။ ပုထုဇဉ် မဆင်ခြင်နိုင် ၄၄
၄၄။ အရိယာသာဝက ဆင်ခြင်နိုင် ၄၅
၄၅။ သောကငြောင့်တွေ ရှင်းသွားပြီ ၄၆
၄၆။ အပူမီးတွေငြိမ်းသွားပြီ ၄၇
၄၇။ သံဃာများစွာ ညီညွတ်တာ ၄၈
၄၈။ ညီညွတ်ခြင်းသည် ချမ်းသာ ၄၉
၄၉။ မြတ်စွာဘုရားကို မတားပါနဲ့ ၅၀
၅၀။ စည်းလုံးခြင်းသည် အင်အား ၅၁
၅၁။ အာလာပ,သလ္လာပ ၅၂
၅၂။ ချစ်ခင်တဲ့မျက်လုံးတွေနဲ့ ကြည့်လို့သာနေ ၅၃
၅၃။ မျက်မှောက်မျက်ကွယ် မေတ္တာတွေပါ ၅၄
၅၄။ သာသနာရဲ့အသက် ၅၆

| | | |
|---|---|---|
| ၅၅။ | ခမ္ဘီကကဲလေးမျိုး | ၅၇ |
| ၅၆။ | အပလောကနကံ | ၆၀ |
| ၅၇။ | နို့နဲ့ရေ ရောထားသလို | ၆၁ |
| ၅၈။ | မမေ့မလျော့ မပေါ့မဆ | ၆၂ |
| ၅၉။ | အပိုစကား မပြောကြ | ၆၃ |
| ၆၀။ | ညလုံးပေါက် တရားဆွေးနွေး | ၆၄ |
| ၆၁။ | ကွဲပြားပြီဆိုရင် | ၆၆ |
| ၆၂။ | ဆောင်ရန် ရှောင်ရန် | ၆၈ |
| ၆၃။ | သမ္မောဒမာနဇာတ် | ၆၉ |
| ၆၄။ | ဘုရားလောင်းငုံးရဲ့ လမ်းညွှန်ချက် | ၆၉ |
| ၆၅။ | မယားငယ်များ ရှိနေသလား | ၇၀ |
| ၆၆။ | ငြင်းကြ ခုံကြ ရန်ဖြစ်ကြ | ၇၁ |
| ၆၇။ | သူ့ထိုက်နဲ့သူ့ကံ | ၇၃ |
| ၆၈။ | သင်ခန်းစာယူစရာ | ၇၄ |
| ၆၉။ | ညီညွတ်ခြင်းသည် အင်အား | ၇၄ |
| ၇၀။ | အစ်ကိုနဲ့နှမ | ၇၅ |
| ၇၁။ | ဝမ်းသာစရာပါ | ၇၇ |
| ၇၂။ | တော်တော်တိုးတက်တယ် | ၇၈ |
| ၇၃။ | ညီညွတ်ကြသူများလူ၏ ပြုမူဖွယ်ရာအဖြာဖြာ | ၇၉ |

၇၄။ အလုပ်ကိုယ်စီ ၈၀

၇၅။ နှလုံးမွှေလျှော် ပျော်ဖွယ်ရာကောင်း ၈၁

၇၆။ ချိုးမွှမ်းစကား ပြောကြားကြ ၈၂

၇၇။ သာသနရက္ခိတ ၈၃

၇၈။ အထူးပြောစရာ မလိုပါ ၈၅

၇၉။ သုံးကြိမ်သုံးခါ ၈၅

၈၀။ ကုရင်္ဂမိဂဇာတ် ၈၇

၈၁။ ကျော့ကွင်းမှာမိပါလေရော ၈၈

၈၂။ တိုင်ပင်ကြ ဆွေးနွေးကြ ၈၉

၈၃။ သွားတွေကြွေကျမတတ်ဖြစ် ၉၀

၈၄။ ဘယ်သူသေသေ ငတေမာရင်ပြီးရော ၉၁

၈၅။ ခေါင်းငိုက်စိုက်ချကာ ၉၂

၈၆။ ချစ်ခြင်းကို မခွဲကြပါ ၉၃

၈၇။ ဥစ္စာဒိဋ္ဌိ ၉၅

၈၈။ မိစ္ဆာဒိဋ္ဌိ(၆၂)ပါး ၉၆

၈၉။ ရနိုင်တဲ့ဆိုးကျိုးတွေ ၉၇

၉၀။ နောင်ဘဝမှာ မဆုံရပါစေနဲ့ ၉၈

၉၁။ စားဖို့ ဝတ်ဖို့ ဝေလာဝေး ၉၉

၉၂။ ကုဋ္ဌိပြင်ရှိတဲ့ဗိမာန် ၁၀၀

၉၃။ တက်တက်ကြွကြွ လှူဒါန်းကြ ၁၀၁
၉၄။ နွားကျောင်းသားဘဝ ၁၀၁
၉၅။ အရှင်ဂဝံပတိမထေရ် ၁၀၂
၉၆။ မိစ္ဆာအယူက ကင်းကွာ ၁၀၃
၉၇။ ဥတ္တရနတ်သား ၁၀၄
၉၈။ အကြောင်းကြောင့် အကျိုးရ ၁၀၅
၉၉။ သက္ကစ္စဒါန ၁၀၆
၁၀၀။ ကိုယ်ထိလက်ရောက်လှူကြ ၁၀၇
၁၀၁။ တစ်ဆယ့်နှစ်သိန်းနဲ့နှစ်သောင်းသာ ၁၀၉
၁၀၂။ ကိုယ့်လက်နဲ့ ကိုယ်တိုင်လှူ ၁၁၀
၁၀၃။ မြတ်မြတ်နိုးနိုး တန်ဖိုးထား ၁၁၁
၁၀၄။ ကိုရင်ဒက်ချေးလေးတွေလို့ သဘောမထားရ ၁၁၂
၁၀၅။ စွန့်ပစ်သလို မလှူပါနဲ့ ၁၁၃
၁၀၆။ ထောင်မြင် ရာစွန့် ၁၁၄
၁၀၇။ အလှူတွေ ပေါ်မှပေါ် ၁၁၅
၁၀၈။ တစ်ဖက်တစ်လမ်းက ကူညီရ ၁၁၆
၁၀၉။ ငါးခြောက်ထောင်းနဲ့ကျွေး ၁၁၆
၁၁၀။ သံသရာအတွက် အမြင် ၁၁၇

| | | |
|---|---|---|
| ၁၂၁။ | သုမေဓာပညာရှိ | ၁၁၈ |
| ၁၂၂။ | ကိုယ့်နောက်ပါအောင် ယူခြင်း | ၁၂၀ |
| ၁၂၃။ | အတိုချုပ်လေး | ၁၂၁ |
| ၁၂၄။ | တရားလက်ဆောင် | ၁၂၂ |
| ၁၂၅။ | ကုသိုလ်သုံးမျိုးစုံရအောင် | ၁၂၂ |
| ၁၂၆။ | ကျေးဇူးတင်လွှာ | |

## အမှာစာ

# မင်းကွန်း တိပိဋကဓရဆရာတော်ကြီး
# နှင့်
# မှန်ကင်းပဋ္ဌာနတာရုံ

"ကတညုတ ကတဝေဒီ"အသိတရားနဲ့ ကျေးဇူး တရားကို ဆိုပါရစေ။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဟာ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ကြီး ဖွင့်နိုင်ဘို့အတွက် လိုအပ်တဲ့အဆောက်အအုံတွေ တော် တော်များများ ဆောက်လုပ်ပြီးနေပါပြီ။ ဇီဝတဒါန သာသန အထူးကုဆေးရုံကြီးကိုလည်း ဆက်လက် ဆောက်လုပ်လိုပါ တယ်။

ဒါကြောင့် မြေရှာဖွေရေးအဖွဲ့ဟာ စိန်တုံးကျောင်း တိုက်မြောက်ဘက်ပိုင်းမြေအချို့ကို "မြေအစား ပြန်ပေးပါ မယ်"ဆိုတဲ့ကတိစကားနဲ့ အလှူခံ ရယူပေးခဲ့ပါတယ်။

မန္တလေးမြို့ အနောက်ပြင် မဟာကုသိုလ်တော် ကျောင်းတိုက်မြေဟာ သာသနာရေးဦးစီးဌာနပိုင် မြေဖြစ် ပါတယ်။ အဲဒီမြေကို မြေစားပေးဘို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ မီးဘေးသင့်ထားလို့ ကျောင်းအဆောက်အဦး လုံးဝ

မရှိတဲ့ မဟာကုသိုလ်တော်ကျောင်းတိုက်မြေပေါ်မှာ ကျူး ကျော်ဆောက်လုပ်ထားတဲ့ လူနေအိမ်တွေက အပြည့်ရှိနေ ပါတယ်။

"မဟာကုသိုလ်တော်ကျောင်းတိုက်လို့သာ ပြောတာ ပါ၊ တကယ်တော့ မဟာကုသိုလ်တော်ရပ်ကွက်ကြီးပါပဲ"လို့ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးက မိန့်ပါတယ်။

"မှန်ကင်းဆရာတော် ! မှန်ကင်းကျောင်းတိုက်မြေ က အကျယ်ကြီးပဲ။ စိန်တုံးကျောင်းတိုက်ဆရာတော်များ အတွက် မှန်ကင်းမြေကိုခွဲပြီး မလှူနိုင်ဘူးလား"လို့ မှန်ကင်း ဆရာတော်အား ဆက်လက်မိန့်ကြားပါတယ်။ မှန်ကင်းမြေ တစ်ပိုင်းကို အလှူခံတော်မူတာ ဖြစ်ပါတယ်။

"တပည့်တော် လှူနိုင်ပါတယ်ဘုရား။ ဒါပေမဲ့ မှန်ကင်းမြေတဝက်ကို မုံရွာပဋ္ဌာနတာရုံဆရာတော်အား နှုတ်ကတိအနေနဲ့ တပည့်တော် လှူထားပြီး ဖြစ်နေပါပြီ၊ တပည့်တော်ကို ကူညီလိုက်တဲ့အတွက် မုံရွာ မိခင် ပဋ္ဌာန တာရုံကျောင်းတိုက်ကြီးတော့ မယိမ်းယိုင်ပါစေနဲ့လို့ လျှောက် ထား,ထားတဲ့အတွက် အခု မပေါ်လာသေးတာပါ။ အဆင် ပြေတဲ့အခါ စာသင်တိုက်ပေါ်လာမှာပါ"လို့ မှန်ကင်းဆရာ တော်က လက်အုပ်ချီပြီးတော့ တိပိဋကဓရ မင်းကွန်းဆရာ

တော်ကြီးအား ပြန်လည် လျှောက်ထားခဲ့ပါတယ်။

## သဘောတူ လက်ခံကြ

မှန်ပါတယ်။ မှတ်မှတ်ရရ ၁၃၄၃-ခုနှစ်က ဖြစ်ပါတယ်။ မုံရွာပဋ္ဌာနတာရုံဆရာတော်ရဲ့ ပထမဆုံးတိုက်ခွဲအဖြစ် မြင်းမူမြို့မှာ ပဋ္ဌာနတာရုံတိုက်ခွဲ ဖွင့်ခဲ့ပါတယ်။ အဲဒီနှစ်မှာ စစ်ကိုင်း ဆင်မျှားရှင်ရိပ်သာဆရာတော် ဦးသီဟဉာဏဟာ မြင်းမူပဋ္ဌာနတာရုံမှာ သီတင်းသုံးနေတဲ့ မုံရွာပဋ္ဌာနတာရုံဆရာတော်ထံ ကြွလာပါတယ်။

မန္တလေး မှန်ကင်းကျောင်းတိုက်မှာ မုံရွာ ပဋ္ဌာနတာရုံတိုက်ခွဲ ဖွင့်ပေးဘို့ လျှောက်ထားပါတယ်။ မုံရွာပဋ္ဌာနတာရုံဆရာတော်က "မုံရွာ မိခင်ပဋ္ဌာနတာရုံတိုက်မကြီးလဲ အားမနဲဘို့အကြောင်းနဲ့ မြင်းမူပဋ္ဌာနတာရုံကလဲ စဖွင့်ကာစဖြစ်တဲ့အကြောင်းတွေကြောင့် အခုတော့ မဖွင့်နိုင်သေးပါ။ အဆင်ပြေတဲ့အခါမှာ မှန်ကင်းပဋ္ဌာနတာရုံ စာသင်တိုက် ဖွင့်မှာပါ"လို့ မိန့်ကြားခဲ့ပါတယ်။

ဆင်မျှားရှင်ရိပ်သာ ဆရာတော် ဦးသီဟဉာဏက လျှူခဲ့လို့ ဆရာတော်ဦးဝိသုဒ္ဓဟာ မှန်ကင်းဆရာတော် ဖြစ်တာပါ။ ဆရာတော်ဦးဝိသုဒ္ဓအရင် မှန်ကင်းဆရာတော်ဟာ

ဆင်များရှင်ရိပ်သာဆရာတော် ဦးသီဟဉာဏပါ။

မှန်ကင်းဆရာတော် ဦးဝိသုဒ္ဓနဲ့ ဆင်များရှင်ရိပ်သာ ဆရာတော် ဦးသီဟဉာဏတို့ဟာ သာသနာရေးကိစ္စမှာ နှစ်ကိုယ်,တစ်စိတ်လို့ ပြောရလောက်အောင် စိတ်ထား တူညီကြပါတယ်။ အခြေခံကစပြီး ဂုဏ်ထူးကျမ်းများနှင့်တကွ စာချတန်း ကျမ်းရင်းသုံးကျမ်းပြီးတဲ့အထိ မြောင်းမြပဋ္ဌာ တာရုံကျောင်းတိုက်မှာ အတူတကွ စာသင်ခဲ့ကြပါတယ်။

ဒါကြောင့် ဆင်များရှင်ရိပ်သာဆရာတော် ဦးသီဟဉာဏတစ်ပါးတည်းက မြင်းမူ ပဋ္ဌာတာရုံကြွသွားပြီး လျှောက်ထားခဲ့တာပါ။ ဆရာတော် ဦးဝိသုဒ္ဓကလည်း ကျေကျေနပ်နပ် သဘောတူခဲ့ပါတယ်။

## ဒုတိယအကြိမ် လျှောက်ထားခြင်း

၁၃၄၅-ခုနှစ်က ဖြစ်ပါတယ်။ ဆရာတော်ဦးသီဟဉာဏနဲ့ ဆရာတော် ဦးဝိသုဒ္ဓတို့(၂)ပါးလုံး မုံရွာပဋ္ဌာတာရုံဆရာတော်ထံ ထပ်မံ ကြွလာကြပြန်ပါတယ်။

"ဆရာတော် ! မင်းကွန်း တိပိဋကဓရဆရာတော်ကြီးက မှန်ကင်းမြေတစ်ပိုင်းကို အလှူခံလာပါတယ်။ မုံရွာပဋ္ဌာတာရုံဆရာတော်အား မြေတစ်ပိုင်း လှူပြီးသားဖြစ်နေ

တဲ့အကြောင်း လျှောက်ထားလိုက်ရပါတယ်။ ဒါကြောင့် ဖြစ်နိုင်ယင် မှန်ကင်းမှာ.စာသင်တိုက် မြန်မြန်ဖွင့်ဘို့ လိုလာပါပြီ”လို့ မှန်ကင်းဆရာတော်က မုံရွာဆရာတော်အား လျှောက်ထားပါတယ်။

မုံရွာပဌာနတာရုံဆရာတော်က စာရေးသူ သကျသီဟစာမေးပွဲ အောင်ပြီးမှ မှန်ကင်းပဌာနတာရုံဖွင့်ဘို့ တွေးထားတာ ဖြစ်ပါတယ်။ အဲဒီအခါက သီလက္ခန်တစ်ကျမ်း ကျန်နေပါသေးတယ်။ မရှောင်သာလို့သာ မှန်ကင်းပဌာနတာရုံ စ,ရတာပါ။ ဒါကြောင့်လဲ စာရေးသူနေတဲ့ မန္တလေး ဝိသုဒ္ဓါရုံ ပိုက်ကျုံးဆရာတော်ကြီးက စာရေးသူကို ခွင့်မပြုနိုင် ဖြစ်ခဲ့ရပါတယ်။ ကံကောင်းထောက်မလို့ နောက်နှစ်မှာပဲ စာရေးသူ သကျသီဟ သီလက္ခန် အောင်သွားပါတယ်။

မန္တလေး ပဌာနတာရုံစာသင်တိုက် စတင်ဖွင့်တော့ တိပိဋကနိကာယသာသနာပြုအဖွဲ့ အထက်မြန်မာနိုင်ငံ ဥက္ကဋ္ဌ ဒေါ်ရွှေညွန့် မှန်ကင်းပဌာနတာရုံသို့ ဝင်/ထွက် လာပါတယ်။

“မှန်ကင်းဆရာတော်က မြေလှူတဲ့အတွက် မုံရွာပဌာနတာရုံဆရာတော်ဟာ မန္တလေးမှာ စာသင်တိုက် ဖွင့်လာပါတယ်။ တပည့်တော်မ မှန်ကင်းပဌာနတာရုံ သွား

ပါတယ်”လို့ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးအား ဒေါ်ရွှေညွှန့်က လျှောက်ထားပါတယ်။

“ဒကာမကြီး ဖြစ်အောင်လုပ်ပေးလိုက်၊ ငွေမရှိရင် ဒကာမကြီးအိတ်ထဲက စိုက်ထုတ် လုပ်ပေးလိုက်”လို့ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးက မိန့်ကြားခဲ့ပါတယ်။ မှန်ကင်း ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓက အသိပေးလို့ အချို့သော အကြောင်း အရာများကို စာရေးသူသိရတာ ဖြစ်ပါတယ်။

ဒါကြောင့် “ကတညုတ, ကတဝေဒီ” အသိတရားနဲ့ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးတရားလို့ ဆိုလိုက်ရပါတယ်။ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးနဲ့ မှန်ကင်းပဋ္ဌာနတာ ရုံကျောင်းတိုက် ဒီလို ဆက်စပ်ခဲ့ရပါတယ်။

## ဝါဆိုသံဃာ(၂၁၁)ပါး

ကျေးဇူးတော်ရှင် မုံရွာပဋ္ဌာနတာရုံဆရာတော် ဘုရားဟာ ၁၃၄၆-ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့မှာ မန္တလေး မြို့ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်အတွင်းမှာ ရှိတဲ့ လောကမှန်ကင်းကျောင်းတိုက်ကြီးရဲ့ အရှေ့ဘက်ခြမ်း (၆-ဧကခန့်)ကို စာသင်တိုက် စတင် တည်ထောင်ဖွင့်လှစ်ခဲ့ ပါတယ်။

စာရေးသူက ၁၃၄၆-ခုနှစ်၊ ဝါဆိုလဆန်း(၅)ရက်နေ့အထိ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းမှာ နေပါတယ်။ ကျေးဇူးတော်ရှင်မုံရွာပဋ္ဌာနတာရုံဆရာတော်ကိုယ်တိုင် လိုက်ပါအပ်နှံထားတာဖြစ်ပါတယ်။ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ ပိုက်ကျုံးဆရာတော်ကြီးက မှန်ကင်းသွားဖို့ ခွင့်မပြုချင်ပါ၊ အင်တင်တင်လုပ်နေပါသေးတယ်။

ပိုက်ကျုံးဆရာတော်ကြီးအား ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ဆရာတော်၊ မုံရွာပဋ္ဌာနတာရုံဆရာတော်၊ မှန်ကင်းဆရာတော်တို့သုံးပါးက အကျိုးအကြောင်း လျှောက်ထားပြလို့ နောက်ဆုံးတော့ မှန်ကင်းနေဖို့ ခွင့်ပြုလိုက်ပါတယ်။ မှန်ကင်းပဋ္ဌာနတာရုံကို ၁၃၄၆-ခုနှစ်၊ ဝါဆိုသံဃာ ရဟန်း(၅)ပါး၊ သာမဏေ(၁၀)ပါး၊ စုစုပေါင်း(၁၅)ပါးနဲ့ စတင် တည်ထောင်ခဲ့ပါတယ်။

နောက်ပိုင်း ဝါဆိုသံဃာ (၂၁၁)ပါးအထိ ရှိခဲ့ပါတယ်။ စာရေးသူ မှန်ကင်းပဋ္ဌာနတာရုံတည်ထောင်ကာစနှစ်က သက်တော် ၂၆-နှစ်၊ ဝါတော် ၆-ဝါ ရှိပါပြီ။

## မြောင်းမြဆရာတော်ရဲ့မူ

လောကမှန်ကင်းကျောင်းတိုက်ကို ပိုင်ဆိုင်တော်မူကြတဲ့ ဆရာတော်များက ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးရဲ့ မူအတိုင်း သာသနာပြုနေတဲ့ စာသင်တိုက် ဖြစ်စေချင်ကြပါတယ်။ ကြည်ညိုဖွယ်ကောင်းတဲ့သာသနာ ဖြစ်စေချင်ကြပါတယ်။ မြတ်ဗုဒ္ဓ၏ သာသနာတော်ကို ဂုဏ်တက်စေလိုကြပါတယ်၊ ကျက်သရေရှိစေချင်ကြပါတယ်။ သီလနဲ့သုတ နှစ်မျိုးလုံး ပြည့်စုံစေလိုကြပါတယ်။

စာသင်ရင်ပြီးရော၊ စာလုပ်ရင်ပြီးရော၊ နေချင်သလိုနေဆိုတဲ့တိုက်မျိုး မဖြစ်စေလိုကြပါ။ သံဃာများရင်ပြီးရော နေချင်သလိုနေဆိုတဲ့တိုက်မျိုး မဖြစ်စေလိုကြပါ။

## ပဋ္ဌာတာရုံကျောင်းတိုက်များ၏ ဦးတည်ချက်ငါးရပ်

၁။ အနေအထိုင်ကောင်းမှုသည် ပထမ၊
ပညာတတ်မှုသည် ဒုတိယ။

၂။ ကုသိုလ်ရမှုသည် ပထမ၊
စာမေးပွဲအောင်မြင်မှုသည် ဒုတိယ

၃။ စာသင်ရင်း သာသနာပြု၊

သာသနာပြုရင်း စာသင်။

၄။ အနေအထိုင် ရှေးကျရမည်၊

ပညာရေး ခေတ်မီရမည်။

၅။ သာသနာ့ယဉ်ကျေးမှုအစ စာသင်တိုက်က။

## ဗုဒ္ဓမြတ်စွာသာသနာအား ပူဇော်

ယခု ၁၃၇၁-ခုနှစ်မှာ မှန်ကင်းပဋ္ဌာနတာရုံကျောင်းတိုက်ရဲ့သက်တမ်းဟာ (၂၅)နှစ်ရှိပါပြီ။ မန္တလေးမြို့တည်ပြီးနောက် ရှစ်လမြောက်မှာ လောကမှန်ကင်းကျောင်း တိုက်ကြီးကို တည်ထောင်ခဲ့ကြပါတယ်။ လောကမှန်ကင်းကျောင်းတိုက်ကြီးလဲ နှစ်(၁၅၀)ပြည့်ပြီ ဖြစ်ပါတယ်။

**မှန်ကင်းပဋ္ဌာနတာရုံကျောင်းတိုက်၏(၂၅)နှစ်ပြည့်၊ လောကမှန်ကင်းကျောင်းတိုက်ကြီး၏နှစ်(၁၅၀)ပြည့်** သာသနာ့အောင်ပွဲ အထိမ်းအမှတ်အဖြစ် မြတ်စွာဘုရားဟောတော်မူထားသော **"ချမ်းသာကြောင်းလေးပါးတရားတော်"**စာအုပ်ကို ဗုဒ္ဓမြတ်စွာ သာသနာတော်အား ပူဇော်လိုက်ပါသည်။

အရှင်ကုဏ္ဍိကာဘိဝံသ

၁၃၇၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၇)ရက်၊

(၂၄-၁၀-၂၀၀၉)စနေနေ့

# ကျောင်းတိုက် ဂရုဘဏ်,လဟုဘဏ်ပစ္စည်းများ လွှဲအပ်လှူဒါန်းခြင်း ကတိစာချုပ်

နေ့စွဲ- သာသနာနှစ်၊ ၂၅၂၈-ခု၊
ကောဇာသက္ကရာဇ်- ၁၃၄၆-ခု၊ ဝါဆိုလဆန်း(၈)ရက်၊
ခရစ်နှစ်-၁၉၈၄၊ ဇူလိုင်လ(၅)ရက်၊

၁။ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး၏ မူနှင့်အညီ သာသနာပြုနိုင်ရန်အတွက် မန္တလေးတိုင်း အနောက်မြောက်မြို့နယ်၊ ဥပုသ်တော်ရပ်ကွက် လောကမှန်ကင်းကျောင်းတိုက်အတွင်း တောင်မြောက်တန်းတန်း အလယ်လမ်းမကြီး၏အရှေ့ဘက်ရှိ သံဃိကဖြစ်သော မြေနှင့်တကွ ဂရုဘဏ်,လဟုဘဏ် ပစ္စည်းအရပ်ရပ်တို့ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ ပဋ္ဌာနတာရုံကျောင်းတိုက်ဆရာတော် အရှင်နာဂဝံသအား လက်ရှိ စောင့်ရှောက်နေကြသော ဆရာတော်များက ထက်သန်သောသဒ္ဓါတရားဖြင့် ဝမ်းမြောက်ဝမ်းသာ လွှဲပြောင်းအပ်နှံကြပါသည်။

၂။ ထို လောကမှန်ကင်းကျောင်းတိုက် အလယ်လမ်း

မကြီး၏ အရှေ့ဘက်ရှိ ဆရာတော်ဦးသီဟညာဏပိုင်သော ဂရုဘဏ်,လဟုဘဏ်ပစ္စည်းအရပ်ရပ်၊

ဆရာတော်ဦးဝိသုဒ္ဓပိုင်သော ဂရုဘဏ်,လဟုဘဏ် ပစ္စည်းအရပ်ရပ်တို့ကိုလည်း မုံရွာမြို့ အောင်ချမ်းသာရပ် ပဋ္ဌာနတာရုံကျောင်းတိုက်ဆရာတော် အရှင်နာဂဝံသနှင့် တကွ မူလပိုင်ရှင် ဆရာတော်ဦးသီဟညာဏ၊ ဆရာတော် ဦးဝိသုဒ္ဓတို့ပါ သုံးပါးပိုင်အဖြစ် တိသန္တက ပြုလုပ်လှူဒါန်း ကြပါသည်။

၃။ အပိုဒ်(၁)ပါ လောကမှန်ကင်းကျောင်းတိုက်အတွင်း တောင်မြောက်တန်းတန်း အလယ်လမ်းကြီး၏ အရှေ့ဘက် ရှိ မြေပေါ်တွင် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော် ဘုရားကြီး၏ မူနှင့်အညီ သာသနာပြုနေသော ပရိယတ္တိ စာသင်တိုက်တစ်ခု ဖွင့်လှစ်တည်ထောင် သာသနာပြုရန် လွှဲအပ်သောဆရာတော်များက ဝမ်းသာအားရ သဘောတူ ကြပါသည်။

ထို လောကမှန်ကင်းကျောင်းတိုက်(ပဋ္ဌာနတာရုံ တိုက်ခွဲ)၏ နာယကဆရာတော်များအဖြစ်-

(က) မုံရွာမြို့ ပဋ္ဌာနတာရုံကျောင်းတိုက်ဆရာတော် အရှင်နာဂဝံသ၊

(ခ) စစ်ကိုင်းမြို့ ဆင်များရှင်ရိပ်သာဆရာတော်
ဦးသီဟညာဏ၊

(ဂ) မန္တလေးမြို့ လောကမှန်ကင်းကျောင်းတိုက်
ဆရာတော် ဦးဝိသုဒ္ဓ၊

ဤဆရာတော်(၃)ပါးတို့ကတာဝန်ယူကြရန် သဘောတူလက်ခံကြပါသည်။

ဆရာတော် ဦးသီဟညာဏနှင့်ဆရာတော်ဦးဝိသုဒ္ဓ တို့သည် နာယကဆရာတော်များအဖြစ် တာဝန်ယူ လက်ခံကြသော်လည်း ဆရာတော် အရှင်နာဂဝံသ သဘောမတူညီက မည်သည့်ကိစ္စတွင်မျှ ဝင်ရောက် စွက်ဖက်ကြမည် မဟုတ်ကြောင်း သဘောတူညီပါသည်။

## လွှဲပြောင်းအပ်နှံ လှူဒါန်းကြသောဆရာတော်များ

၁။ ဆရာတော်ဦးသီဟညာဏ
သာသနာ၀င်မှတ်တမ်း ၅/စကန(သ)၀၀၁၁၉၄
ဆင်များရှင်မဟာသတိပဋ္ဌာန်ရိပ်သာ စစ်ကိုင်းမြို့၊

၂။ ဆရာတော်ဦးဝိသုဒ္ဓ
သာသနာ၀င်မှတ်တမ်း ၉/မနမ(သ)၀၀၀၅၈၅

လောကမှန်ကင်းကျောင်းတိုက်၊ မြောက်ပြင်၊
မန္တလေးမြို့၊

## လက်ခံသောဆရာတော်

ဆရာတော်အရှင်နာဂဝံသ
သာသနာ၀င်မှတ်တမ်း ၅/မမတ(သ)၀၀၀၀၅၉
ပဏ္ဍောတာရုံကျောင်းတိုက် အောင်ချမ်းသာရပ်၊
မုံရွာမြို့၊

## အသိသက်သေများ

၁။ ဆရာတော်ဦးဇဝန
ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့
မန္တလေး၊ အနောက်မြောက်မြို့နယ်၊

၂။ ဦးကျော်ဆန်း
ရပ်ကွက်ပြည်သူ့ကောင်စီ၊ ဥပုသ်တော်ရပ်ကွက်၊
မန္တလေး၊ အနောက်မြောက်မြို့နယ်၊ မန္တလေးတိုင်း၊

၃။ ဦးဘဆွဲ ၉. D-၀၁၇၄၆၈၊
အောင်ချမ်းသာရပ် မုံရွာမြို့၊

၄။ ဦးရွှေကြည် M.Y.A-၀၈၀၆၆၉ မုံရွာမြို့၊

၅။ ဦးကျော်ဝင်း M.M.U-၀၃၃၁၉၈ မြင်းမူမြို့၊

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

သာသနာတော်နှစ်- ၂၅၄၉-ခုနှစ်၊
ကောဇာသက္ကရာဇ်- ၁၃၆၇-ခုနှစ်၊
တပို့တွဲလဆန်း(၁၀)ရက်။ ခရစ်နှစ်-၂၀၀၆၊ ဖေဖော်ဝါရီလ၊ ၇-ရက်၊ အင်္ဂါနေ့ည

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ် သာသနရက္ခိတဘုံ ဆွမ်းလောင်းအသင်းရဲ့ (၃)နှစ်ပြည့် အောင်ပွဲအထိမ်းအမှတ် အကြိုဓမ္မသဘင် (၅)ညတိုင်တိုင် ဆင်ယင်ကျင်းပကြတဲ့အခါ ၃-ညအထိ ဆင်ယင်ကျင်းပခဲ့ ပြီးပါပြီ။

ယနေ့ စတုတ္ထည တရားပွဲမှာ ပင်မ ဓမ္မဒါန ဓမ္မပူဇာ ကုသိုလ်ရှင်များဖြစ်ကြတဲ့ **"ကိုဝင်းသူ+မအေးမာကြည် သမီး-မကေခိုင်မြင့်၊ သား-မောင်ပြည့်ဖြိုးလျှံ မိသားစု"** တို့နှင့်နာယကကြီးများ၊ သာသနရက္ခိတဘုံ ဆွမ်းလောင်း အသင်းလူငယ်လေးများ၊ ယနေ့ ကြွရောက်လာကြတဲ့ တရား နာပရိသတ်အပေါင်း သူတော်ကောင်းတို့အား--

ဦးဇင်းတို့ ယနေ့ည ဟောကြားမည့်တရားတော်က ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ်၊ ဗုဒ္ဓဝဂ်မှာလာရှိတဲ့ **သမ္မဟုလ ဘိက္ခုဝတ္ထု** တရားတော်ဖြစ်ပါတယ်။

ဒီတရားတော်ကို ယနေ့ည တရားနာကြွရောက်လာ ကြတဲ့

ပရိသတ်အပေါင်း သူတော်ကောင်းတို့တွေ မှတ်မိ လွယ်အောင် မြန်မာလိုနာမည်ပေးရရင် **"ချမ်းသာကြောင်း လေးပါး တရားတော်"** လို့ နာမည်ပေးပါမယ်၊

ကဲ -တရားနာပရိသတ်ရေ တရားနာမည်က ဘာတဲ့လဲ?၊

**"ချမ်းသာကြောင်းလေးပါးတရား"** ပါဘုရား။

ပါဠိနဲ့တွဲပြောရင်တော့ သုခလေးပါးပေါ့၊ **'သုခ'** ဆိုတာ လူတိုင်းသိနေကြတယ်၊ 'သုခ' ဆိုတာ မြန်မာလိုဆိုရင်?၊

"ချမ်းသာပါဘုရား"၊

ဒါကြောင့် ချမ်းသာကြောင်းလေးပါးတရားတော်။

ဒီတရားတော်ကို ဦးဇင်းတို့ မြတ်စွာဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမအုပ်၊ အာဏဏျသုတ်မှာလဲ သုခ လေးပါး ချမ်းသာလေးပါးဆိုပြီး တစ်မျိုးဟောတော် မူပြီးထားပါတယ်။ အဲဒီတရားကိုလဲ ဦးဇင်းတို့ ဟောဖူးပါ တယ်။ ဒီမှာတော့ ဓမ္မပဒအဋ္ဌကထာမှာလာရှိတဲ့ "သုခ လေးပါး တရားတော်, ချမ်းသာကြောင်းလေးပါးတရားတော်"၊ အဲဒီဒေသနာတော်အစမှာ ဦးဇင်းတို့မြတ်စွာဘုရားက-

**သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ သုခါ သဒ္ဓမ္မဒေသနာ၊ သုခါ သံဃဿ သာမဂ္ဂီ သမဂ္ဂါနံ တပေါ သုခေါ။**

**သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ**- သုခေါ ဗုဒ္ဓါနံအစရှိသော၊ **ဣမံဓမ္မ**

# ချမ်းသာကြောင်းလေးပါး

**ဒေသနံ-** ဤချမ်းသာကြောင်းလေးပါးတရားတော်ကို၊ **သတ္ထာ-** လူ၊နတ်၊ဗြဟ္မာသတ္တဝါတို့၏ ဆရာတစ်ဆူ ဖြစ် တော်မူသော မြတ်စွာဘုရားသည်၊ **သာဝတ္ထိယံ-** သာဝတ္ထိမြို့ တော်၌၊ **ဇေတဝနေ-** ဇေတဝန်ကျောင်းတော်မှာ၊ **ဝိဟရန္တော-** ဣရိယာပထ မျှတရှင်ပြုံး သီတင်းသုံးနေတော် မူစဉ်၊ **သမ္ဗဟုလာနံ ဘိက္ခူနံ-** များစွာကုန်သောရဟန်း တို့၏၊ **ကထံ-** ပြောဆိုနေကြတဲ့စကားကို၊ **အာရဗ္ဘ-**ရည်ရွယ်သမှု အကြောင်း ပြု၍၊ **ကထေသိ-** ကရုဏာရေ့ထား ဉာဏ်တော်အားဖြင့် ကောင်းစွာမသွေ မိန့်ကြားတော်မူပါ ပေသတည်း--။

သာဓု- သာဓု- သာဓု၊

**သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ ၊ သုခါ သဒ္ဓမ္မဒေသနာ၊**
**သုခါ သံဃဿ သာမဂ္ဂီ ၊ သမဂ္ဂါနံ တပေါ သုခေါ-**

ဆိုတဲ့ သုခလေးပါးတရား ချမ်းသာကြောင်းလေးပါး တရားတော်ကို ဦးဇင်းတို့ မြတ်စွာဘုရား သာဝတ္ထိမြို့တော် အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် များစွာသော ရဟန်းတော်တွေကို အကြောင်းပြုပြီးတော့ ဟောကြားတော် မူခဲ့ပါတယ်။ အဲဒီမှာ ဘယ်လောက်များသလဲဆိုရင် ငါးရာသော ရဟန်းများတဲ့၊ ပရိသတ်ရေ ရဟန်းတွေ ဘယ်လောက်ရှိ

ပါသလဲ?၊

"ငါးရာပါဘုရား"။

အဲဒီရဟန်းတော်တွေ **ဥပဋ္ဌာနသာလာ**-ရဟန်း တော်တွေ ညီညီညွတ်ညွတ် ညီညီညာညာ စည်းဝေးရာဇရပ်၊ တရားနာရာ, တရားဆွေးနွေးရာ, တရားဟောရာ ကျောင်းဆောင်ကြီးပါ။ ဒီခေတ်လို ပြောရမယ်ဆိုရင် ဓမ္မာရုံကြီး ဓမ္မဗိမာန်တော်ကြီးပေါ့၊ သံဃာတော်တွေ ညီညီညွတ်ညွတ် ဘုရားဝတ်တက်ကြပါတယ်၊ ညီညီညွတ်ညွတ် စာအံ,စာ တက်ခြင်းအမှုပြုကြပါတယ်၊ စာပေပို့ချကြပါတယ်၊ ညီညီ ညွတ်ညွတ် စုပေါင်းတရားထိုင် ကြပါတယ်၊ အစည်းအဝေး ပြုလုပ်ကြပါတယ်။

အဲဒီလို သံဃာတော်များ စည်းဝေးညီမူရာဖြစ်တဲ့ ဥပဋ္ဌာနသာလာမှာ သံဃာတော်တွေ စုဝေးထိုင်နေတဲ့အချိန် သံဃာတော်တွေ စကားပြောဆိုပြီးနေကြပါတယ်။ စကားပြောတဲ့ အခါမှာလဲ ဘုရားလက်ထက်တော်က ပြောကြဆိုကြ ပုံလေးပါ။ ရဟန်းတော်တွေ ချမ်းသာနဲ့စပ်ပြီးတော့ ပြောဆို နေကြပုံလေးပေါ့။ "လောကမှာ ချမ်းသာ,ချမ်းသာနဲ့ ပြောနေကြပါတယ်၊ လောကမှာ ဘယ်ဟာ ချမ်းသာဆုံးပါလဲ?၊ ချမ်းသာဆုံးဟာ ဘာပါလဲ?"။

ချမ်းသာနှင့်စပ်ပြီး တစ်ပါးနဲ့တစ်ပါး ပြောနေကြပါတယ်၊ ကိုယ့်အမြင်နဲ့ကိုပဲ၊ ကိုယ်အားသန်ရာသန်ရာ ကိုယ်ထင်ရာမြင်ရာ ချမ်းသာကို ပြောနေကြပါတယ်၊ အဲဒီလို ပြောပြီးနေကြတဲ့အခါ

## ချမ်းသာကြောင်းလေးပါး

အဲဒီရဟန်းငါးရာထဲမှာ အချို့အချို့ ရဟန်းတွေက----

### မင်းရဲ့ချမ်းသာ

**"ရဇ္ဇ သုခသဒိသံ သုခံနာမ နတ္ထိ"**

**ကေစိ**-အချို့သောရဟန်းတော်တို့သည်၊ **ရဇ္ဇသုခသဒိသံ**- မင်းစည်းစိမ်မင်းချမ်းသာနှင့်တူသော၊ **သုခံနာမ**-ချမ်းသာဆိုတာ၊ **နတ္ထိ**-လောကမှာမရှိပါ၊

အဲဒီလို အချို့သောရဟန်းတော်တွေက လောကမှာ အချမ်းသာဆုံးက ဘာချမ်းသာလဲဆိုရင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရတဲ့ မင်းချမ်းသာ၊ စကြာဝတေးမင်းချမ်းသာ၊ ဧကရာဇ်မင်းချမ်းသာ၊ ပဒေသရာဇ်မင်းချမ်းသာစတဲ့ မင်းချမ်းသာအမျိုးမျိုးရှိပါတယ်၊ အဲဒီလို မင်းစည်းစိမ် ရှင်ဘုရင်စည်းစိမ်ခံစားနေရတဲ့ ရှင်ဘုရင်ရဲ့ချမ်းသာ မင်းရဲ့ချမ်းသာဟာ လောကမှာ အချမ်းသာဆုံးပဲ၊ အဲဒီလိုပြောနေကြပါတယ်။

### ကာမဂုဏ်ချမ်းသာ

တချို့ရဟန်းတော်တွေကြတော့---

**"ကာမသုခ သဒိသံ သုခံနာမ နတ္ထိ"**

**ကာမသုခသဒိသံ**- အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို

ခံစားစံစား၍ နေခြင်းတည်းဟူသော ကာမဂုဏ်ချမ်းသာနှင့် တူသော၊ **သုခံနာမ**-ချမ်းသာဆိုတာ၊ **နတ္ထိ**- မရှိပါ။

အဲဒီလို အချို့အချို့သောရဟန်းတော်တွေကတော့ လောကမှာ ဘဝမှာပေါ့၊ ကဲ လူ့ဘောင်လူ့လောက ကြည့် လိုက်မယ်ဆိုရင် ပြည့်ပြည့်စုံစုံပေါ့၊ အဆင်းမျိုးစုံ ရူပါရုံနဲ့စပ်လို့ ဖြစ်စေ၊ အသံမျိုးစုံ သဒ္ဒါရုံနဲ့စပ်လို့ဖြစ်စေ၊ အနံ့မျိုးစုံ ဂန္ဓာရုံနဲ့ စပ်လို့ဖြစ်စေ၊ အရသာမျိုးစုံ ရသာရုံနဲ့စပ်လို့ဖြစ်စေ၊ အတွေ့ အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံနဲ့စပ်လို့ဖြစ်စေ အာရုံမျိုးစုံ အမည်စုံပြီး တော့နေပါတယ်။

သုံးဆောင်ဖွယ်,ခံစားဖွယ်တွေဖြစ်တဲ့ ဥယျာဉ်ခြံမြေ စိန်ရွှေငွေစတဲ့ ရတနာတွေ၊ တိုက္ကီ အထက်စက် အောက်စက် ရေခဲသေတ္တာ အဲယားကွန်းတွေ စီးစရာနေစရာ ကား ယာဉ် ရထား တိုက်တာ အိမ်ဂေဟာတွေစသည်စသည်တွေနဲ့ ပြည့်ပြည့်စုံစုံ သိုက်သိုက်ဝန်းဝန်းနဲ့ ဘဝမှာနေရတာ အချမ်းသာဆုံးပဲ၊ ချမ်းသာတကာတွေထဲမှာ အချမ်းသာ ဆုံးပဲလို့ ပြောကြပါတယ်၊ ကိုယ်သန်ရာသန်ရာ ကိုယ်ထင်ရာ,မြင်ရာ ရဟန်းတော်တွေက ပြောပြီးတော့နေကြပါတယ်။

## အစားကောင်းစားရတာ ချမ်းသာ

တချို့ရဟန်းတော်တွေကတော့ -

**"ကေစိ သာလိမံသဘောဇနာဒိသဒိသံ သုခံနာမ နတ္ထိ"**

## ချမ်းသာကြောင်းလေးပါး

**ကေစိ**-အချို့သော ရဟန်းတော်တို့သည်၊ **သာလိ မံသဘောဇနာဒိ သဒိသံ**-သလေးထမင်း သားပွမ်းဟင်းကို စားသုံးရခြင်း ချမ်းသာနှင့်တူသော၊ **သုခံနာမ**-ချမ်းသာ ဆိုတာ၊ **နတ္ထိ**-လောကမှာ မရှိပါ။

အချို့ရဟန်းတော်တွေက သလေးဆန်နဲ့ အသားနဲ့ ချက်ပြုတ်ထားတဲ့ သလေးထမင်းနဲ့ အသားနဲ့ရောပြီးချက် ပြုတ်ထားတဲ့ သားပွမ်းထမင်းပေါ့။ ရှေးတုန်းကတော့ သာလိတဲ့၊ သလေးစပါး သလေးဆန်၊ သလေးထမင်းဟာ အကောင်းဆုံး ပေါ့ဗျာ။ ဟော ဒီခေတ်မှာတော့ ပေါ်ဆန်း မွှေးတို့ ဒံပေါက်ဆန် တို့ပေါ့၊ ဆန်ကောင်းတွေနဲ့ ဟင်းတွေနဲ့ ရောပြီး ချက်ထားတဲ့ ဒီခေတ်မှာဆို ဒံပေါက်ထမင်းတွေ ကြက်ဆီထမင်းတွေ အရသာ ရှိတဲ့ ကောင်းတဲ့ သားပွမ်း ထမင်းတွေ စားပြီးတော့နေရတာ အချမ်းသာဆုံးပဲ၊ ဒီလို ပြောနေကြတာပါ။ ရဟန်းတော်တွေ ကိုယ့်ရှုထောင့်နဲ့ကို ကိုယ့်အမြင်နဲ့ကို ပြောပြီးနေကြတာပါ။

### မြတ်စွာဘုရားအား လျှောက်ထားကြ

အဲဒီလိုပြောနေကြတဲ့အချိန်မှာ ဦးဇင်းတို့ မြတ်စွာ ဘုရား ကြွတော်မူလာပါတယ်၊ ကြွတော်မူလာတဲ့အခါမှာ မြတ်စွာ ဘုရားက ကြွတော်မူလာပြီဆိုရင် အမြဲတမ်း မိန့်ကြားတော်မူပါ တယ်၊ မေးတော်မူပါတယ်။

"ချစ်သားတို့ သင်တို့ ယခုထိုင်နေတဲ့အချိန်မှာ ဘာ

စကားတွေ ပြောနေကြသလဲ''လို့ ဦးဇင်းတို့မြတ်စွာဘုရားက ရဟန်းတော်တွေကို မေးတော်မူပါတယ်။

ထိုအတူပဲပေါ့၊ လူချင်းတွေပြီဆိုရင် ချမ်းသာနှင့်စပ်ပြီးတော့ ပြောမယ်ဆိုရင် ကိုယ့်ရဲ့ အားသန်ရာအားသန်ရာနဲ့ စပ်ပြီးတော့ ပြောကြမှာပါ။ ကဲ အခု သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေ ဘုရားလက်ထက်က အဲဒီမှာ ချမ်းသာနဲ့ စပ်ပြီးတော့ ခုနက သူတို့ မင်းချမ်းသာ ရှင်ဘုရင်ချမ်းသာ စတဲ့ ချမ်းသာ အမျိုးမျိုးကို ပြောနေကြတဲ့အကြောင်း မြတ်စွာဘုရားကို လျှောက်ထားကြပါတယ်။ လျှောက်ထားတဲ့အခါ ဦးဇင်းတို့ မြတ်စွာဘုရားက

''**ကုဒ္ဒါ ဘိက္ခဝေ သဗ္ဗမ္ပိ သုခံ ဝဋ္ဋဒုက္ခပရိယာပန္နမေဝ**''

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **သဗ္ဗမ္ပိ**-အလုံးစုံလည်းဖြစ်သော၊ **ကုဒံသုခံ**-ဤသင်တို့ ပြောပြခဲ့တဲ့ မင်းချမ်းသာစသော ချမ်းသာအမျိုးမျိုးသည်၊ **ဝဋ္ဋဒုက္ခပရိယာပန္နမေဝ**-ဝဋ်ဆင်းရဲ၌ အကျုံးဝင်တဲ့ချမ်းသာလို့၊ **ဘဂဝါ**-ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ **ကထေသိ**-ကရုဏာရှေးရှု မိန့်ကြားတော်မူပါပေသတည်း။

သာဓု- သာဓု- သာဓု၊

## ဝဋ်ဆင်းရဲမှ မလွတ်ကင်းပါ

မြတ်စွာဘုရားက ချစ်သားတို့ သင်တို့ပြောပြခဲ့တဲ့ ခုနကချမ်းသာတွေဟာ တကယ့်တော့ ဝဋ်ဆင်းရဲမှာ သံသရာဝဋ်ဆင်းရဲမှာ တဝဲလည်လည်ဖြစ်စေမဲ့ ချမ်းသာတွေပဲ၊ သံသရာဝဋ်ဆင်းရဲထဲမှာ တအိုတည်းအိုပြီးတော့ နေရမယ်၊ အကြိမ်ကြိမ်အခါခါ နာပြီးတော့နေရမယ်၊ တသေတည်း သေပြီးတော့နေရမယ်၊ အို၊နာ၊သေရေးစတဲ့ ဒုက္ခဘေးတွေက မလွတ်ကင်းနိုင်တဲ့အတွက်ကြောင့် သံသရာဝဋ်ဆင်းရဲမှာ အကျုံးဝင်နေတဲ့ ပါဝင်နေတဲ့ချမ်းသာတွေပဲလို့ မိန့်တော်မူပါတယ်။

မြတ်စွာဘုရားက မိန့်တော်မူပြီးတော့ ဒီမှာ မြတ်စွာဘုရားက ဟောတော်မူလိုတဲ့ ချမ်းသာကြောင်းလေးပါး ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်တဲ့ ချမ်းသာကြောင်း လေးပါးပေါ့၊ အဲဒီမှာ မြတ်စွာဘုရားက-

**သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ-**

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ဗုဒ္ဓါနံ**- သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင် ပေတတ် သိစေတော်မူတတ်သော ဘုရားရှင်ကိုယ်တော် မြတ်တို့၏၊ **ဥပ္ပါဒေါ**-လောကတစ်ခွင်မှာ ပွင့်ထွန်းပေါ်ပေါက် တော်မူ လာခြင်းသည်၊ **သုခေါ**-လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ချမ်းသာ ကြောင်းအစစ် ဧကန်ပင်ဖြစ်ပါပေတယ်လို့၊ **ဘဂဝါ**-

ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေကြွား မြတ်ဘုရားသည်၊ **အဝေါစ-ကောင်းစွာမသွေ** မိန့်ကြားတော်မူပါပေသတည်း။

သာဓု- သာဓု- သာဓု၊

## ဗုဒ္ဓမြတ်စွာပွင့်ပေါ်တာ

ဦးဇင်းတို့မြတ်စွာဘုရားက ချမ်းသာကြောင်းလေးပါးဟောတဲ့အခါမှာ နံပါတ်(၁)ချမ်းသာက ချစ်သားတို့လောကတစ်ခွင်မှာ-

**၁။ဒုက္ခသစ္စာ-** ဆင်းရဲကြောင်းအမှန်တရား၊
**၂။သမုဒယသစ္စာ-** ဆင်းရဲဖြစ်ကြောင်း အမှန်တရား၊
**၃။နိရောဓသစ္စာ-** ဆင်းရဲချုပ်ငြိမ်းရာဖြစ်သော အမှန်တရား(နိဗ္ဗာန်ပေါ့)၊
**၄။မဂ္ဂသစ္စာ-** ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်အမှန်တရား၊

ဒီသစ္စာတရားလေးပါးမြတ်တရားကို ပိုင်းခြားထင် ထင် ကိုယ်တော်တိုင်လည်းသိမြင်တော်မူတဲ့, ဝေနေယျသတ္တဝါတွေကိုလည်း သစ္စာတရားတွေကို သိစေတော်မူတတ်တဲ့ မြတ်စွာဘုရားတို့၏ ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းဟာ လောကမှာ အချမ်းသာဆုံးပါပဲ။

## သံသရာထဲတဝဲလည်လည်

ဘာကြောင့်လဲဆိုရင် သတ္တဝါတွေ လောကထဲ ကျင်လည် နေကြတဲ့အခါမှာ ကန္တာရတွေထဲမှာ ဘယ်လို ကန္တာရလဲဆိုရင်

**ရာဂကန္တာရ-** ကူးမြောက်နိုင်ဖို့ရန် ခက်ခဲတဲ့ ကူးခက် နိုင်ဖို့ရန်ခဲယဉ်းတဲ့ ကူးမြောက်နိုင်ခဲတဲ့ ရာဂတွေနဲ့ သံသရာ ထဲမှာ မျောပြီးတော့နေကြရပါတယ်။ ထို့အတူပဲ-

**ဒေါသကန္တာရ-** ဒေါသတရားတွေနဲ့ လွန်မြောက်နိုင် ခဲတဲ့ သံသရာထဲမှာ ကျင်လည်ပြီးနေကြရပါတယ်။

**မောဟကန္တာရ-** လွန်မြောက်နိုင်ခဲတဲ့ မောဟတရား တွေနဲ့ မလွန်မြောက်နိုင်ဘဲ သံသရာထဲမှာ တဝဲလည်လည် ကျင်လည် ပြီးတော့ နေကြရပါတယ်။

ကဲ- တနည်းအားဖြင့် ဦးဇင်းတို့မြတ်စွာဘုရား မပွင့် ဘူးဆိုရင် သတ္တဝါတွေဟာ ကုသိုလ်လဲမသိနိုင်ပါ။ အကု- သိုလ်လဲမသိနိုင်ပါ။ အပြစ်ရှိတဲ့တရားလဲ မသိနိုင်ပါ၊ အပြစ် မရှိတဲ့တရားတွေကိုလဲ မသိနိုင်ပါ။ ယုတ်ညံ့တဲ့ တရားတွေ ကိုလဲမသိနိုင်ပါ၊ မြင့်မြတ်တဲ့တရားတွေကိုလဲ မသိနိုင်ပါ။ သုဂတိဘဝ ကောင်းတဲ့ဘဝကိုလည်း မသိနိုင်ပါ။ ဒုဂ္ဂတိဘဝ မကောင်းတဲ့ဘဝတွေကိုလဲ မသိနိုင်ပါ။ အဲဒီမှာ ကုသိုလ် အကုသိုလ်ကို မသိတော့ မကောင်းမှုအကုသိုလ်တွေချည်းပဲ ပြုနေမယ်ဆိုရင် သံသရာထဲမှာ ဝဋ်ဆင်းရဲမှာ တဝဲလည် လည်နဲ့ ဆင်းရဲဒုက္ခတွေချည်းပဲ ကြုံနေကြရမှာပါ။

## လိုက်နာကျင့်သုံးက နိဗ္ဗာန်ရ

ကဲ မြတ်စွာဘုရားပွင့်တော်မူလာပြီ၊ အခု ဦးဇင်းတို့တတွေ တရားနာပရိသတ်အပေါင်း သူတော် ကောင်းတို့တတွေ မြတ်စွာဘုရားသာသနာနဲ့ ကြုံကြိုက် နေပြီဆိုရင် မိမိတို့ မြတ်စွာဘုရားသာသနာနဲ့ ကြုံကြိုက်တဲ့ အခါမှာ ခုနကပြောပြခဲ့တဲ့ သံသရာထဲမှာ ကူးမြောက်ဖို့ရန် ခဲယဉ်းတဲ့ ရာဂ ဒေါသ မောဟစတဲ့ ကိလေသာအညစ် အကြေးတွေ ကင်းဝေးအောင် ကျင့်ကြံကြိုးကုတ် အားထုတ် နိုင်ပါမယ်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်တုန်းကလဲ ဟောတော်မူထားတဲ့အတိုင်း မြတ်စွာဘုရားရဲ့ တရားတော် တွေကို လိုက်နာကြတဲ့ ကျင့်သုံးကြတဲ့ ပွားများကြတဲ့ အား ထုတ်ကြတဲ့ တပည့်သာဝကတိုင်း တပည့်သာဝကတိုင်း ရာဂ ဒေါသ မောဟစတဲ့ ကိလေသာအညစ်အကြေးတွေ ကင်းဝေးပြီး ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သို့ ရောက်ကြ ပါတယ်။

## နိဗ္ဗာန်ဆိုသည်မှာ

မြတ်စွာဘုရားလက်ထက်တော်က အချို့ပုဂ္ဂိုလ် တွေက လျှောက်ကြပါတယ်၊ “အရှင်ဘုရား ! နိဗ္ဗာန် နိဗ္ဗာန်လို့ပြောပြီး နေကြပါတယ်။ နိဗ္ဗာန်ဆိုတာ ဘယ်လို ပါလဲဘုရား” လို့ ဘုရားကို လျှောက်ကြပါတယ်၊ ဘုရားရဲ့ တပည့်သာဝက တွေကိုလဲ လာလျှောက်ကြပါတယ်။ အဲဒီလို လာလျှောက်တဲ့

အခါမှာ ဦးဇင်းတို့မြတ်စွာဘုရားနှင့်တကွ တပည့်သာဝကတွေက

**"ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော နိဗ္ဗာန်"**။

"ငါ့ရှင်တို့ နိဗ္ဗာန်ဆိုတာ

**ရာဂက္ခယော**-ရာဂ၏ကုန်ရာ၊

**ဒေါသက္ခယော**-ဒေါသ၏ကုန်ရာ၊

**မောဟက္ခယော**-မောဟ၏ကုန်ရာ၊

အဲဒီလို ရာဂ,ဒေါသ, မောဟစတဲ့ ကိလေသာတွေ ကုန်ခန်းရာကို 'နိဗ္ဗာန်'ခေါ်တယ်လို့" ပြောကြပါတယ်၊ ဟောပြကြပါတယ်၊ ရှင်းပြကြပါတယ်။

## ချမ်းသာစစ်ချမ်းသာမှန်

ဒါကြောင့် ဦးဇင်းတို့ မြတ်စွာဘုရားပွင့်တော်မူလာ တဲ့အခါ ဝေနေယျသတ္တဝါတွေအားလုံး မိမိတို့ ကျွတ်တမ်း ဝင်နိုင်တဲ့ အချိန်မှာ ရာဂ,ဒေါသ,မောဟစတဲ့ သံသရာခရီးခဲမှ လွန်မြောက် နိုင်ခဲတဲ့ တရားဆိုးတွေ ကိလေသာအညစ် အကြေးတွေ အပြတ် ရှင်းပြီးတော့ ချမ်းသာခြင်းသုခဖြစ်တဲ့ ချမ်းသာစစ် ချမ်းသာ မှန်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာအထိ ရရှိကြတာပါ။

ဒါကြောင့် မြတ်စွာဘုရား ပွင့်တော်မူလာခြင်းဟာ သတ္တဝါဝေနေယျတွေအတွက် သတ္တဝါအားလုံးအတွက် အမြတ်ဆုံးချမ်းသာဖြစ်ပါတယ်၊ ချမ်းသာခြင်းရဲ့အကြောင်း

ဖြစ်ပါတယ်။ ဒါကြောင့်- ကဲ အားလုံးဆိုကြည့်ရအောင်-
**ဗုဒ္ဓမြတ်စွာ၊ ပွင့်ပေါ်တာ၊ မှတ်ပါချမ်းသာကြောင်း၊**
(သုံးခေါက်ဆို)

**တရားဓမ္မာ နာရတာ**

နံပါတ်(၂)ချမ်းသာက **သုခါ သဒ္ဓမ္မဒေသနာ-**

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ဘိက္ခ ဝေ-** တရားနာပရိသတ်အပေါင်း အိုသူတော်ကောင်းတို့၊ **သဒ္ဓမ္မဒေသနာ**-သူတော်ကောင်းတရားကို ဟောနေရခြင်း၊ သူတော်ကောင်းတရားကို နာကြားနေရခြင်းသည်၊ **သုခါ-** လူနတ်ဗြဟ္မာ သတ္တဝါတို့အတွက် ချမ်းသာကြောင်းအစစ် အမှန်ပင်ဖြစ်ပါပေတယ်လို့၊ **ဘဂဝါ-** ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ **ကထေသိ**-ကရုဏာရှေ့ထား ဉာဏ်တော်အားဖြင့် မိန့်ကြားတော်မူပါပေသတည်း။

သာဓု- သာဓု- သာဓု၊

နံပါတ်(၂)ချမ်းသာက ဘာလဲဆိုရင် သဒ္ဓမ္မဒေသနာ၊ ဒီဂါထာမှာတော့ '**သဒ္ဓမ္မဒေသနာ**'လို့ ဒေသနာနဲ့သုံးပါတယ်၊ သူတော်ကောင်းတရားကို ဟောကြားခြင်း ညွှန်ပြခြင်းပေါ့၊ ဝတ္ထုကြောင်းစုဏ္ဏိယပါဠိမှာကျတော့ '**သဒ္ဓမ္မသဝနံ**'လို့ သဝနံ- နဲ့သုံးပါတယ်၊ သူတော်ကောင်းတရားကို နာကြား ရခြင်းပေါ့၊

ကဲ အခုလို ဦးဇင်းတို့ သူတော်ကောင်းတို့တတွေ တရားပွဲတွေကျင်းပပြီး ယနေ့ သာသနရက္ခိတ ဘုံဆွမ်း လောင်းအသင်းသုံးနှစ်မြောက်အထိမ်းအမှတ် အကြိုမင်္ဂလာသဘင် စတုတ္ထညကျင်းပကြပါတယ်။

ယခုလို တရားပွဲတွေ ကျင်းပကြတဲ့အခါမှာ ဆရာတော်တွေကလည်း ဟောကြပါတယ်၊ အခြားအခြားမှာလဲ မိမိတို့တတွေ တရားနာယူကြပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက သူတော်ကောင်းတရားတော်ကို ဟောကြားရခြင်း နာကြားရခြင်းဟာ ချမ်းသာကြောင်းပဲတဲ့၊ သူတော်ကောင်းတရားကို နာကြားရတဲ့အခါမှာ မိမိတို့မှာ စိတ်၏ချမ်းသာ ခြင်း၊ ကိုယ်၏ချမ်းသာခြင်းဆိုတဲ့ ချမ်းသာခြင်းအဝဝ ဖြစ်မှာပါ။

ဒီနေရာမှာ ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါရဲ့ အချစ်ရဆုံး မြေးမလေးသေလို့ သောကမီး ပရိဒေဝမီးတွေ ခံစားနေရတဲ့အခါ မြတ်စွာဘုရားရဲ့ တရာတော်ကို နာရလို့ ချမ်းသာသွားရတဲ့အကြောင်းကို ပြောပြပါအုံးမယ်။

### မြေးမလေး သုဒတ္တာ

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် အချိန်ကဖြစ်ပါတယ်။ ဝိသာခါကျောင်းအမကြီး မြတ်စွာဘုရားထံ ရောက်လာပါတယ်၊ ရောက်လာခြင်းရဲ့အကြောင်းကတော့ သူမမှာမြေးမလေး

သုဒတ္တာဆိုတာရှိပါတယ်။

သုဒတ္တာဟာ လိမ္မာရေးခြားရှိပါတယ်၊ သွက်သွက် လက်လက် ချက်ချက်ချာချာရှိတယ်၊ လာဘ်မြင်တယ်၊ ဘာနိုင်းနိုင်း စိတ်ချရတယ်။ ဝိသာခါကျောင်းအမကြီးက မြေးမလေးသုဒတ္တာကို သူ့နေရာမှာထားပြီးတော့ အိမ်မှာ ကြွလာတဲ့သံဃာတော်တို့ရဲ့ဝေယျာဝစ္စကို ဆောင်ရွက်နိုင်းပါတယ်၊ ပြုလုပ်နိုင်းပါတယ်။

ဝိသာခါကျောင်းအမကြီးက အလုပ်ကိစ္စတွေ များပါတယ်၊ အခြားအခြားသူတို့ရဲ့ ဆွမ်းကပ်ပွဲစတဲ့ပွဲတွေကို စီစဉ်ပေးရပါတယ်၊ လမ်းညွှန်ပေးရပါတယ်။ အခုလို သူက အပြင်မှာပဲ သွားနေရတာများတော့ အိမ်ကတာဝန်တွေကို သုဒတ္တာနဲ့ပဲ လွှဲထားရတာဖြစ်ပါတယ်။

## ဝိသာခါ ဝမ်းနည်းကြေကွဲ

တစ်နေ့တော့ သုဒတ္တာခမျာ ကွန်လွန်သွားရှာပါတယ်၊ ဝိသာခါက သုဒတ္တာရဲ့အလောင်းကို သင်္ဂြိုဟ်ရပါတယ်၊ သုဒတ္တာဆုံးပါးသွားတော့ သောကတွေ မပြေဆယ်နိုင် ဖြစ်နေပါတော့တယ်။ သောတာပန်ဖြစ်ပေမဲ့ တငိုတည်းငိုနေပါတော့တယ်၊ သောတာပန်က ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကိုသာ ပယ်သေးတာကိုး၊ ငိုရတဲ့ ပူဆွေးရတဲ့ဒေါသကိုတော့ မပယ်နိုင်သေးဘူးပေါ့။

## ချမ်းသာကြောင်းလေးပါး

ဝိသာခါဟာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲနဲ့ ငိုပွဲဆင်လာပါတယ်၊ မြတ်စွာဘုရားထံရောက်တဲ့အခါ ရှိခိုးဦးချပြီး တစ်နေရာမှာ ထိုင်နေပါတယ်။ မြတ်စွာဘုရားက "ဝိသာခါ ! သင် ဘာကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရတာလဲ၊ မျက်ရည်နဲ့မျက်ခွက်ပါလား။ ဘာကြောင့် ငိုရတာလဲ" လို့မေးတော်မူပါတယ်၊ ဝိသာခါက အကျိုးအကြောင်း လျှောက်ထားပါတယ်။

"မြတ်စွာဘုရား ! တပည့်တော်မရဲ့ ချစ်ရတဲ့မြေးမလေးက ကျင့်ဝတ်နဲ့ပြည့်စုံပါတယ်၊ လိမ္မာရေးခြားရှိပါတယ်၊ သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိပါတယ်ဘုရား၊ လာဘ်မြင်ပါတယ်ဘုရား၊ ဘာခိုင်းခိုင်း စိတ်ချရပါတယ်၊ သံဃာတော်တို့ရဲ့ ဝေယျာဝစ္စ ပြုလုပ်ပေးပါတယ်ဘုရား၊ အခု ချစ်ရတဲ့မြေးမလေး မရှိရှာတော့ပါဘုရား၊ အခု ချစ်ရတဲ့ မြေးမလေးကို မမြင်ရတော့ပါဘုရား" လို့ ဝမ်းနဲ့ကြေကွဲ စွာနဲ့ လျှောက်ထားပါတော့တယ်။

## လူဦးရေ ခုနစ်ကုဋေ

မြတ်စွာဘုရားက "ဝိသာခါ ! သာဝတ္ထိမြို့မှာ လူဦးရေဘယ်လောက်ရှိပါသလဲ" လို့ မေးတော်မူပါတယ်။

"မြတ်စွာဘုရား ! အရှင်ဘုရားတို့ပဲ လူဦးရေ ခုနစ်ကုဋေရှိကြောင်း ဟောထားပါတယ်ဘုရား" လို့ ပြန်လျှောက်ထားပါတယ်။

ဝိသာခါ ! အဲဒီလောက်ရှိတဲ့ လူတွေ သင်ရဲ့ မြေးမလေးလို ဖြစ်မယ်ဆိုရင် လိမ္မာမယ်ဆိုရင် မလိုချင်ဘူးလား? ''လို့ မြတ်စွာဘုရားက မေးတော်မူပါတယ်။

မှန်ပါ၊ လိုချင်ပါတယ် မြတ်စွာဘုရား။

သာဝတ္ထိမြို့မှာ နေ့တိုင်း လူတွေဘယ်လောက် သေကျသလဲလို့ မေးတော်မူပါတယ်။

အများကြီး သေကြပါတယ်ဘုရားလို့ ပြန်လျှောက်ပါတယ်။

ဝိသာခါ ! ဒီလိုဆိုရင် သင့်မှာ မပူဆွေးတဲ့အချိန် မငိုကြွေးရတဲ့အချိန် ရှိမှာမဟုတ်တော့ဘူး၊ နေ့ရောညရော အမြဲတမ်း ပူဆွေးနေရတော့မှာပေါ့၊ ငိုကြွေးနေရတော့မှာ ပေါ့လို့ မြတ်စွာဘုရားက သတိသံဝေဂရအောင် မိန့်ကြားတော်မူပါတယ်။

အဲဒီကျမှ ဝိသာခါက မှန်လှပါ မြတ်စွာဘုရား၊ တပည့်တော်မ နားလည်ပါပြီဘုရားလို့ လျှောက်ထားပါတော့တယ်။

## ချစ်ခင်မှုမရှိတော့ရင်

မြတ်စွာဘုရားက ''ဝိသာခါ ! ဒီလိုဆို ဝမ်းနည်းပူဆွေးမငိုကြွေးပါနဲ့တော့၊ သင့်မှာ ဝမ်းနည်းရတာ ပူဆွေးရတာ ငိုကြွေးရတာ ကိုယ်ဆင်းရဲဖြစ်ရတာ စိတ်ဆင်းရဲဖြစ်ရတာက သင့်ရဲ့မြေးမလေးကို ချစ်ခင်မှုကြောင့်ဖြစ်ပါတယ်၊

သင်လိုပါပဲ၊ သားသမီးစသူတို့ရဲ့အပေါ်မှာ ချစ်ခင်မှုရှိနေကြတဲ့လူတိုင်းမှာ ဝမ်းနည်းကြရမှာပါ၊ ပူဆွေးကြရမှာပါ၊ ငိုကြွေးကြရမှာပါ။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ကြရမှာပါ။

သင် သင့်ရဲ့မြေးမလေးအပေါ်မှာ ချစ်ခင်မှုမရှိတော့ ရင် ချစ်ခင်မှုမှလွတ်မြောက်ရင် ဝမ်းမနည်းရတော့ပါ၊ မပူဆွေးရတော့ပါ၊ မငိုကြွေးရတော့ပါ၊ ကိုယ်ဆင်းရဲ စိတ် ဆင်းရဲ မဖြစ်ရတော့ပါ''လို့ စိတ်သက်သာရာရစေတဲ့တရား စိတ်ချမ်းသာစေတဲ့တရားကို ဟောကြားတော်မူပါတယ်။

အခုလို မြတ်စွာဘုရားရဲ့ တရားတော်ကိုနာရလို့ သောကမီးတွေ ပရိဒေဝမီးတွေ ခံစားနေရတဲ့ ဝိသာခါ ကျောင်းအမကြီးမှာ သောကမီးတွေ ပရိဒေဝမီးတွေ ငြိမ်းပြီး စိတ်ချမ်းသာရပါတော့တယ်။

## သင်ယူနာကြားမှုသာများသူ

ဒါကြောင့် ဦးဇင်းတို့ သူတော်ကောင်းတရား နာကြားရတာနဲ့စပ်ပြီးတော့ မြတ်စွာဘုရားရှင်က **''ပရိယတ္တိ ဗဟုလာ-သင်ယူနာကြားမှုသာများတဲ့ပုဂ္ဂိုလ်''**တဲ့ ဦးဇင်းတို့ သံဃာတော်တွေဖြစ်စေ ဒါယကာ၊ဒါယိကာမတွေဖြစ်စေ မြတ်စွာဘုရားဟောထားတဲ့ ပရိယတ္တိစာပေတွေကို သင်ယူကြပါတယ်၊ နာကြားကြပါတယ်၊ ဖတ်ရှုကြပါတယ်၊ လေ့လာကြပါတယ်။

သင်ယူပေမယ်လို့ တရားနာပေမယ်လို့ ဖတ်ရှုပေမယ် လို့ လေ့လာပေမယ်လို့ ဒီပရိယတ်စာပေထဲကလာတဲ့ အတိုင်း ဒီနာယူထားတဲ့အတိုင်း တရားတော်ကလာတဲ့ အတိုင်း ဖတ်ရှုထားတဲ့အတိုင်း လေ့လာထားတဲ့အတိုင်း လက်တွေ့ မကျင့်သုံးဘူးဆိုရင် မလိုက်နာဘူးဆိုရင် အဲဒီ ပုဂ္ဂိုလ်ဟာ "ဓမ္မဝိဟာရီပုဂ္ဂိုလ်"မဟုတ်သေးပါဘူး၊ တရားဖြင့် နေတဲ့ပုဂ္ဂိုလ် မဟုတ်သေးပါဘူး။ အဲဒီလိုပုဂ္ဂိုလ်မျိုးကို ဘယ်လိုခေါ်သလဲဆိုရင် သင်ယူနာကြားမှုသာများတဲ့ပုဂ္ဂိုလ်။ ပရိသတ်ရေ- ဘယ်လို ပုဂ္ဂိုလ်တဲ့လဲ?

"သင်ယူနာကြားမှုသာများတဲ့ပုဂ္ဂိုလ်ပါဘုရား"၊

## အရွတ်အအံသာများသူ

နောက် ဆက်ပြီးတော့ "သဇ္ဈာယဗဟုလပုဂ္ဂိုလ်"တဲ့ သဇ္ဈာယဆိုတာ မြတ်စွာဘုရားဟောတော်မူထားတဲ့ တရားတော်တွေ ဓမ္မစကြာတရားတော်တွေ အနတ္တလက္ခဏာသုတ် တွေ ပရိတ်တရားတွေ အခြားအခြား ဂါထာတွေကို ဦးဇင်း တို့တတွေ သူတော်စဉ်တို့တတွေ ရွတ်ကြပါတယ်၊ ညချမ်း အချိန်အခါ မှာဆိုရင် စာသင်သား ဦးဇင်းတွေ၊ကိုရင်တွေ စာပြန်ကြပါတယ်၊ စာကိုရွတ်ကြပါတယ်၊ အဲဒါကို 'သဇ္ဈာယ' လို့ခေါ်ပါတယ်။

ဟော- မြတ်စွာဘုရားဟောထားတဲ့ တရားတော်တွေ ကို အံရုံသာအံ ပြန်ရုံသာပြန် ရွတ်ရုံသာ ရွတ်ပြီးတော့ အဲဒီ မိမိတို့

သုတေသနစာကြည့်တိုက်
[illegible]သနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန [illegible]
ချမ်းသာကြောင်း[illegible]အေး၊ ရန်ကုန်။

ရွတ်တဲ့ ပြန်တဲ့ အံတဲ့ တရားတော်တွေထဲကလာတဲ့ အတိုင်း လက်တွေ့မလိုက်နာဘူး၊ လက်တွေ့ မကျင့်သုံးဘူး ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ အရွတ်အအံသာများတဲ့ပုဂ္ဂိုလ်ပဲတဲ့။ ပရိသတ်ရေ- ဘယ်လို ပုဂ္ဂိုလ်တဲ့လဲ?

"အရွတ်အအံသာများတဲ့ပုဂ္ဂိုလ်ပါဘုရား"'။

တရားဖြင့်နေလေ့ရှိတဲ့ပုဂ္ဂိုလ် မဟုတ်သေးပါဘူး၊ "ဓမ္မဝိဟာရီ"ပုဂ္ဂိုလ်မဖြစ်သေးပါဘူး။

## ကြံတွေးမှုသာများသူ

နောက် ဝိတက္ကဗဟုလပုဂ္ဂိုလ်။ ဝိတက္ကဗဟုလ ဆိုတာက မြတ်စွာဘုရားဟောထားတဲ့ တရားတော်တွေကို ကြံစည်ပါတယ် စဉ်းစားပါတယ်။ ဒါပေမဲ့ ကြံစည်တဲ့အတိုင်း စဉ်းစားတဲ့အတိုင်း ကိုယ်ကိုယ်တိုင် လက်တွေ့ မလိုက်နာဘူး ဆိုရင် လက်တွေ့မကျင့်သုံးဘူးဆိုရင် အကြံတွေသာ များနေတဲ့ပုဂ္ဂိုလ်ပဲတဲ့။ ပရိသတ်ရေ- ဘယ်လိုပုဂ္ဂိုလ်တဲ့လဲ?

"အကြံတွေသာများတဲ့ပုဂ္ဂိုလ်ပါဘုရား"၊

"ဓမ္မဝိဟာရီ"တရားဖြင့်နေလေ့ရှိတဲ့ပုဂ္ဂိုလ် တရားအတိုင်း လိုက်နာကျင့်သုံးတဲ့ပုဂ္ဂိုလ် မဟုတ်သေးပါဘူး။

## အဟောအပြောသာများသူ

နောက် ပညတ္တိဗဟုလပုဂ္ဂိုလ်တဲ့။ ဦးဇင်းတို့ စာချ



၂၇၈၈၄

ဆရာတော်တွေ စာပေပို့ချကြပါတယ်၊ ဘုရားဟောပါဠိတော်တွေကို အဆင့်ဆင့်ပို့ချကြပါတယ်၊ အဋ္ဌကထာ၊ဋီကာတွေကို ပို့ချကြပါတယ်။ ဓမ္မကထိကတွေဆိုရင် မြတ်စွာဘုရားဟောကြားထားတဲ့ တရားတော်တွေကို ဒကာ၊ဒကာမတွေကို ဟောပြောကြပါတယ်။ ကမ္မဋ္ဌာနာစရိယတွေဆိုရင် ယောဂီသူတော်စင်တွေကို တရားရှုမှတ်ပုံရှုမှတ်နည်း ပွားများပုံပွားများနည်း အားထုတ်ပုံအားထုတ်နည်းတွေကို ရှုနည်းရှုကွက်တွေကို ညွှန်ကြားပြသကြပါတယ်။

ဒါပေမယ်လို့ စာချဆရာတော်တွေဖြစ်စေ တရားဟောတဲ့ပုဂ္ဂိုလ်တွေဖြစ်စေ၊ ကမ္မဋ္ဌာနာစရိယတွေဖြစ်စေ၊ လူတွေလဲ ထို့အတူပဲပေါ့ ကိုယ်က ဟောပြောတဲ့ပုဂ္ဂိုလ်ဆိုပါတော့ နိဗ္ဗာန်ဆော်ဆိုပါတော့၊ အဲဒီဟောပြောတဲ့အတိုင်း ညွှန်ပြတဲ့အတိုင်း မိမိကိုယ်တိုင်က လက်တွေ့လိုက်နာမှု လက်တွေ့ကျင့်သုံးမှု မရှိဘူးဆိုရင် အဲဒီပုဂ္ဂိုလ်သည် အဟောအပြောသာများတဲ့ပုဂ္ဂိုလ်တဲ့၊ ပရိသတ်ရေ- ဘာပုဂ္ဂိုလ်တဲ့လဲ?

"အဟောအပြောသာများတဲ့ပုဂ္ဂိုလ်ပါဘုရား"၊

"ဓမ္မဝိဟာရီ" တရားနဲ့နေတဲ့ပုဂ္ဂိုလ်မဟုတ်သေးပါဘူး။

## တရားနဲ့နေသူ

အဲဒီမှာ ဦးဇင်းတို့မြတ်စွာဘုရားက ဘယ်လိုနေမှ တရားနဲ့နေတဲ့ပုဂ္ဂိုလ်လဲဆိုရင် ဦးဇင်းတို့တတွေ သူတော်စင်

တို့တတွေ မိမိတို့သင်ယူထားတဲ့အတိုင်း မိမိတို့ ရွတ်တဲ့ အံတဲ့အတိုင်း မိမိတို့ကြံတွေးတဲ့အတိုင်း မိမိတို့ပြောပြော ပြသဆုံးမတဲ့အတိုင်း တရားတော်ထဲကလာတဲ့အတိုင်း ဦးဇင်းတို့ မြတ်စွာဘုရားဟောထားတဲ့အတိုင်း မိမိတို့ရဲ့ သန္တာန်မှာ ရရှိအောင် လိုက်နာမယ်၊ ကျင့်သုံးမယ်။ အဲဒီလို လိုက်နာကျင့်သုံးမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ "ဓမ္မဝိဟာရီ" ပုဂ္ဂိုလ်၊ တရားဖြင့်နေလေ့ ရှိတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ဒီ ဓမ္မဝိဟာရီသုတ္တန်တရားတော်ဟာ ဦးဇင်းတို့ သူတော်စင်တို့တတွေ တကယ့်ကို မှတ်သားသင့်တဲ့သုတ္တန် ပါ။

## မှတ်သားဖွယ်လင်္ကာ

ကဲ ဒါကြောင့် ဦးဇင်းတို့ ကျေးဇူးတော်ရှင် မုံရွာပန္နော တာရုံ ဆရာတော်ဘုရားကြီးရဲ့ မှတ်သားဖွယ်လင်္ကာကို ဆိုကြည့်ရအောင်-

**ဗုဒ္ဓဟောကြား၊ တရားဓမ္မာ၊**
**သင်ယူနာကြား ၊ မှတ်သားပြီးခါ၊**
**ကျင့်ကြံကြိုးကုတ် ၊ အားထုတ်သူသာ၊**
**ခေါ်ဝေါ်ရ ၊ ဓမ္မဝိဟာရာ။**

အဲဒီလင်္ကာမှာ 'ခေါ်ဝေါ်ရ ဓမ္မဝိဟာရာ"တဲ့၊ ကာရန် ကိုက်အောင် 'ရာ'လို့ဆိုထားတာ။ သုတ္တန်မှာတော့ "ဓမ္မ ဝိဟာရီ"လို့ ဟောတော်မူထားပါတယ်။

## ကောင်းတော့ကောင်းတာပေါ့

ဒါကြောင့် 'သင်ယူနာကြား မှတ်သားပြီးခါ' ဆိုတဲ့ အတိုင်း ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ ဗုဒ္ဓရဲ့ တရားတော်တွေကို သင်လည်းသင်ယူပေးရပါမယ်၊ နာလဲ နာယူရပါမယ်၊ ဖတ်လဲဖတ်ရပါမယ်၊ မှတ်သားလဲ မှတ်သားရ ပါမယ်။

**"ပါပသ္မိံ ရမတိ မနော"** ပုထုဇဉ်တို့ရဲ့စိတ်ဟာ မကောင်းတဲ့ဘက်မှာပဲ မွေ့လျော်နေတတ်ပါတယ်၊ ပျော်မွေ့ နေတတ်ပါတယ်။ မိမိရဲ့ စိတ် မကောင်းမှုမှာပဲ မကောင်း ဘက်မှာပဲ မွေ့လျော်နေမဲ့အစား ကိုယ်နဲ့မကောင်းတာတွေ ပြုလုပ်နေမဲ့အစား နှုတ်နဲ့မကောင်းတာတွေ ပြောနေမဲ့အစား စိတ်နဲ့ မကောင်းတာတွေ ကြံတွေးနေမဲ့အစား--

ဟော- မိမိ ရ,ထားတဲ့ ပရိတ်တွေရွတ်တယ်၊ သုတ္တန် တွေရွတ်တယ်၊ မိမိရတဲ့ဂါထာတွေ ရွတ်ဆိုတယ်။ ပရိတ်တွေ ရွတ်တာလည်း ကောင်းပါတယ်၊ ဓမ္မစကြာစတဲ့ သုတ်တော် တွေ ရွတ်တာလည်းကောင်းပါတယ်၊ ဘုရားဟောဂါထာ တွေ ရွတ်တာလည်းကောင်းပါတယ်၊ တရားတော်တွေကြံ တွေးပြီး တော့နေတာလည်း ကောင်းပါတယ်၊ တရားဟောတာ, တရားနာတာလည်း ကောင်းပါတယ်။။

## ဒါပေမဲ့

ဒါပေမဲ့ သင်ယူထားတဲ့အတိုင်း မှတ်သားထားတဲ့အတိုင်း ရွတ်တဲ့အတိုင်း ကြံ့တဲ့တွေးတဲ့အတိုင်း ဟောတဲ့ပြောတဲ့ အတိုင်း လက်တွေ့လိုက်နာမှု မရှိဘူး လက်တွေ့ကျင့်သုံးမှု မရှိဘူးဆိုရင် လက်တွေ့ပွားများမှု မရှိဘူးဆိုရင် လက်တွေ့ အားထုတ်မှု မရှိဘူးဆိုရင်တော့ တရားနဲ့နေတဲ့သူအစစ် မဖြစ်သေးပါဘူး။

ဆက်လက်ပြီးတော့ ဦးဇင်းတို့တတွေ သူတော်စင်တို့ တတွေ ဓမ္မဝိဟာရီပုဂ္ဂိုလ် တရားနဲ့နေတဲ့ပုဂ္ဂိုလ် အစစ် ဖြစ်ကြ ရလေအောင် မြတ်စွာဘုရားက မိမိသင်ယူထားတဲ့အတိုင်း ကြံ့တွေးတဲ့အတိုင်း ရွတ်ဆိုတဲ့အတိုင်း တရားနာတဲ့အတိုင်း တရားဟောတဲ့အတိုင်း တရားပြတဲ့အတိုင်း ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ မိမိတို့ကိုယ်တိုင် လက်တွေ့လိုက်နာ ကြရပါမယ်၊ လက်တွေ့ ကျင့်သုံးကြရပါမယ်၊ လက်တွေ့ရှုမှတ် ပွားများ အားထုတ်ကြရပါမယ်။ ဒါမှသာ တရားနဲ့နေတဲ့သူ အစစ် ဖြစ်မှာပါ။ ပရိသတ်ရေ- ဘယ်လိုဖြစ်မှာပါလဲ?၊

"တရားနဲ့နေတဲ့သူအစစ် ဖြစ်မှာပါဘုရား"။

## ဂါဟတ်ကိုက်တက်သည်

နောက် ဆရာတော်ကြီးတွေက သံဃာတော်တွေကို ဆုံးမဩဝါဒပေးကြတဲ့အခါ **"ကိုယ်မှာမတတ် စာမှာတတ် ဂါဟတ်ကိုက်တတ်သည်"**တဲ့၊

## အရှင်ဣန္ဒကာဘိဝံသ

ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ဘုရား ကြီးရဲ့ ဩဝါဒလင်္ကာပါ။ မှတ်သားစရာ သတိထားစရာ လိုက်နာစရာ အလွန်ကောင်းပါတယ်။

စာတော့ သင်တယ်၊ စာတော့ပို့ချတယ်၊ စာသင်ပေးမယ်လို့ စာပေပို့ချပေးမယ်လို့ စာမေးပွဲတွေအောင်ပေးမယ်လို့ စာထဲကလာသည့်အတိုင်း လက်တွေ့ မလိုက်နာဘူးဆိုရင် လက်တွေ့မကျင့်သုံးဘူးဆိုရင် ကိုယ့်မှာ မိမိမှာ ဂါဟတ်တရားတွေ ကိုက်တတ်ပါတယ်။

ဂါဟတ်တရားတွေဆိုတာ '**တဏှာ**'ရယ်, '**မာန**'ရယ်, '**ဒိဋ္ဌိ**'ရယ်ဆိုတဲ့ သံသရာကိုချဲ့ထွင်စေတတ်တဲ့ သံသရာကိုရှည်စေတတ်တဲ့တရားတွေဖြစ်ပါတယ်။

စာမေးပွဲအောင်တာကို အကြောင်းပြုပြီး, ဒီဂရီဘွဲ့တွေကို အကြောင်းပြုပြီးတော့, စာသင်နေတာ စာချနေတာကို အကြောင်းပြုပြီးတော့, လောဘတွေကြီးနေမယ် မာန်မာန တွေကြီးနေမယ် 'ငါမှငါ'လို့ ဖြစ်နေမယ်ဆိုရင် သွားပြီးပေါ့၊ သံသရာထဲမှာ မျောရပြီပေါ့။

### ဂါဟတ်ကင်းပြတ်သည်

နောက်- အကောင်းဘက်မှာတော့ "**စာမှာမတတ်၊ ကိုယ်မှာတတ် ဂါဟတ်ကင်းပြတ်သည်**"တဲ့၊

ဆရာတော်တွေက စာသင်သား သံဃာတော်တွေကို

ဆုံးမကြပါတယ်။ မိမိစာသင်တဲ့အခါမှာ စာမှာမတတ် ကိုယ်မှာတတ်တဲ့ စာ့ထဲကလာတဲ့အတိုင်း မိမိတို့ကိုယ်တိုင် လက်တွေ့ လိုက်နာပြီဆိုရင် လက်တွေ့ကျင့်သုံးပြီဆိုရင် အဲဒီ ရှင်ႇရဟန်းမှာ 'ဂါဟတ်'ပြတ်ပြီ၊ 'ဂါဟတ်'ဆိုတာ ခုနကပြော ပြခဲ့တဲ့အတိုင်း တဏှာရယ် မာနရယ် ဒိဋ္ဌိရယ်။ ဒီတရားတွေ ကင်းပြီးတော့ မိမိတို့မှာ ချမ်းသာသုခရရှိမှာပါ။ နောက်ဆုံး နိဗ္ဗာန်ချမ်းသာအထိ ရရှိမှာပါ။

အဲဒါကြောင့် ဦးဇင်းတို့တွေ သူတော်စင်တို့တွေ နံပါတ်(၂)ချမ်းသာအရ တရားနာရခြင်းဟာ ချမ်းသာ ကြောင်း ဖြစ်ပါတယ်၊ ဒါကြောင့် လိုက်ဆိုလိုက်ပါ။

**တရားဓမ္မာ၊ နာရတာ၊ မှတ်ပါချမ်းသာကြောင်း၊**

(သုံးခေါက်ဆို)

## ပဋ္ဌာစာရီ

ဒါကြောင့်မို့လို့ တရားစာအုပ်တွေဖတ်နေတာ ဓမ္မဿဝန ပဲပေါ့၊ ဓမ္မဒေသနာပဲပေါ့။

## မိမွေးတိုင်း ဖမွေးတိုင်း

ဦးဇင်းတို့မြတ်စွာဘုရားလက်ထက်က တရားနာ ပရိသတ်တို့ သိကြတဲ့အတိုင်း ပဋ္ဌာစာရီဆိုတဲ့အမျိုးသမီး တစ်ယောက်ရှိပါတယ်။

အဲဒီပဋာစာရီဆိုရင် သားငယ်က စွန်ချီလို့သေပါတယ်၊ သားကြီးက ရေနစ်လို့သေပါတယ်၊ လင်ယောကျ်ား က မိုးထိလို့သေပါတယ်၊ အမေရယ် အဖေရယ် မောင်ရယ် သုံးယောက်စလုံးက တစ်ညလုံး မိုးကြီးရွာတဲ့အတွက် အိမ်ပြိုပြီး သုံးလောင်းပြိုင် သေသွားပါတယ်။

အဲသလို သားနှစ်ယောက်ကလဲသေ၊ ယောကျ်ားကလဲသေ၊ အမေကလဲသေ၊ အဖေကလဲသေ၊ မောင်ကလဲသေတော့ သောကမီးတွေ ပရိဒေဝမီးတွေ တောက်လောင်နေပါတော့တယ်၊ အပူသယ်မကြီး အရူးမကြီး လုံးလုံးဖြစ်သွားပါတော့တယ်။ ခါးမှာဝတ်ထားတဲ့အဝတ် ကျွတ်ကျတာတောင် မသိတော့ပါဘူး။ အဝတ်မပါ ဗလာကိုယ်တည်း မိမွေးတိုင်း ဖမွေးတိုင်း ရူးနေပါတော့တယ်။

"ငါ့မှာ သားတွေကလဲသေပါပြီ၊ လင်ကလဲသေပါပြီ၊ အမေရယ် အဖေရယ် မောင်ရယ် သုံးလောင်းပြိုင်လဲ သင်္ဂြိုဟ်ရပါပြီ"လို့ ငိုကြွေးမြည်တမ်းနေပါတော့တယ်။ ရင်ဘတ်စည်တီး မြည်ဟီးကာ အရပ်တကာ,လမ်းတကာ လှည့်လည်သွားလာကာ အရူးကြီး ရူးနေပါတော့တယ်။

လူတွေက ပဋာစာရီ ရူးနေတာကို တွေ့မြင်ကြပါတယ်၊ "အရူးမကြီး အရူးမကြီး"လို့ပြောပြောပြီး အမှိုက်တွေ ခေါင်းပေါ်ကျဲကြပါတယ်၊ မြေမှုန့်တွေနဲ့ ခေါင်းပေါ်ကျဲကြ ပါတယ်၊ ခဲနဲ့ပေါက်ကြပါတယ်။

## ပရိသတ် ရှစ်ပါး၊ လေးပါး

တစ်နေ့တော့ မြတ်စွာဘုရား ဇေတဝန်ကျောင်းတော် ပရိသတ်ရှစ်ပါးအလယ်မှာ ထိုင်လျက် တရားဟောတော်မူနေပါတယ်။ ဒီနေရာမှာ ဗဟုသုတအဖြစ် ပြောရအုံးမယ်၊ ပရိသတ်ရှစ်ပါးဆိုတာ--

၁။ တာဝတိံသာပရိသတ်၊

၂။ ပုဏ္ဏားပရိသတ်၊

၃။ မင်းပရိသတ်၊

၄။ မာရ်နတ်ပရိသတ်၊

၅။ သူဌေးသူကြွယ်ပရိသတ်၊

၆။ ရဟန်းပရိသတ်၊

၇။ စာတုမဟာရာဇ်နတ်ပရိသတ်၊

၈။ ဗြဟ္မာပရိသတ်တို့ ဖြစ်ကြပါတယ်။

ပရိသတ်လေးပါးကိုလဲ တစ်ဆက်တည်းပြောလိုက်ပါအုံးမယ်။ ပရိသတ်လေးပါးဆိုတာ--

၁။ ရဟန်းပရိသတ်၊

၂။ ရဟန်းမပရိသတ်၊

၃။ ဥပါသကာ(ဒါယကာ)ပရိသတ်၊

၄။ ဥပါသိကာမ(ဒါယိကာမ)ပရိသတ်-တို့ ဖြစ်ကြပါတယ်။

## ဝိနယဓရ ဧတဒဂ်

ပဋာစာရီဟာ သာမန်မိန်းမသားမဟုတ်ပါဘူး၊ လွန်ခဲ့ တဲ့ ကမ္ဘာတစ်သိန်းကစပြီးတော့ ပါရမီဖြည့်ခဲ့တဲ့ မိန်းမသား ပါ။ ရှေးဆုတောင်းကောင်းမှုနဲ့ ပြည့်စုံခဲ့တဲ့ မိန်းမသားပါ။ မြတ်စွာဘုရား တရားဟောတော်မူနေတဲ့အခါမှာ ပဋာစာရီ လာနေတာကို မြင်တော်မူပါတယ်။

ပဋာစာရီရဲ့ ရှေးဘဝကဆုတောင်းကို အနည်းငယ် ပြောပြပါအုံးမယ်။

ပဋာစာရီဟာ ပဒုမုတ္တရာဘုရားရှင်လက်ထက်တော် က ဟံသာဝတီမြို့တော်မှာ အမျိုးသမီးတစ်ယောက်အနေနဲ့ ဖြစ်ခဲ့ပါတယ်။

ဥပမာ တစ်ယောက်သော အမျိုးသမီးရဲ့ လက်မောင်း ကို ကိုင်ပြီးတော့ တာဝတိံသာနတ်ပြည်မှာရှိတဲ့ နန္ဒဝန် ဥယျာဉ်တော်ထဲ ချထားသလိုတဲ့ ဥပမာလေးပေးတာ ဥပမာ ပေးတာပါ။

ပဒုမုတ္တရာဘုရားရှင်က ဝိနယဓရ (ဝိနည်းကိုဆောင် တဲ့) ထေရီမတစ်ပါး ဘိက္ခုနီမတစ်ပါးကို ဝိနယဓရဧတဒဂ် ရာထူးချီး ထားတာကို တွေ့ရပါတယ်။

ဒီခေတ်မှာ ဘွဲ့တံဆိပ်တော်တွေ ဆက်ကပ်အပ်နှင်း သလိုပေါ့။ ဝိနယဓရဧတဒဂ်ဆိုတာ ဝိနည်းကိုဆောင်တဲ့

ဘိက္ခုနီမတွေထဲမှာ အသာဆုံး အမြင့်ဆုံး အမြတ်ဆုံး အထက်တန်းကျဆုံးဖြစ်တဲ့ ဘွဲ့ထူးဂုဏ်ထူးပါ။

## ဗျာဒိတ်စကားမိန့်ကြား

အဲသလို ပဒုမုတ္တရဘုရားရှင်က ဘိက္ခုနီမတစ်ပါးကို ဝိနယဓရဧတဒဂ်ဘွဲ့ထူးဂုဏ်ထူးပေးတာ တွေ့ရတော့ ပဋာစာရီအလောင်းအမျိုးသမီးက ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းပါတယ်။

**"တပည့်တော်မလဲ အရှင်ဘုရားတို့လို ဘုရားတစ်ဆူရဲ့လက်ထက်မှာ ဝိနယဓရဧတဒဂ်ဘွဲ့ ရ,ရပါ လို၏"** လို့ ဆုတောင်းပါတယ်။

ပဒုမုတ္တရဘုရားရှင်က အနာဂတံသဉာဏ်တော် (အနာဂတ်ကို လှမ်းမြင်တဲ့ဉာဏ်)နဲ့ ကြည့်တော်မူပါတယ်။ သူမရဲ့ ဆုတောင်းပြည့်မည့်အကြောင်း မြင်တော်မူပါတယ်။

**"နောင် သောအခါ ဂေါတမဘုရားရှင်ရဲ့ သာသနာတော်မှာ ပဋာစာရာဆိုတဲ့နာမည်နဲ့ ဝိနယဓရ ဧတဒဂ်ဘွဲ့ ရလိမ့်မယ်"**လို့ ဗျာဒိတ်စကား မိန့်ကြားတော် မူပါတယ်။

## ဖယ်ကြဖယ်ကြ မတားကြနဲ့

အခုလို ပဒုမုတ္တရဘုရားရှင်ရဲ့ အထံတော်မှာ ဆုတောင်းခဲ့တဲ့ကောင်းမှုနဲ့ ပြည့်စုံတဲ့ ပဋာစာရီကို အဝေးက

လာနေတာကို မြတ်စွာဘုရား မြင်တော်မူပါတယ်။

"ပဋာစာရီအား ငါဘုရားမှတပါး အားကိုးစရာမရှိ"လို့ စဉ်းစားတော်မူမိပါတယ်။ ပဋာစာရီ ဇေတဝန်ကျောင်း တော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် လာရောက်နိုင်အောင် အဓိဋ္ဌာန်တော်မူ ပါတယ်။ တရားနာပရိသတ်က ပဋာစာရီ လာနေတာကို မြင်ရပါတယ်။

"ဒီအရူးမအား မြတ်စွာဘုရား တရားဟောတဲ့နေရာ မလာစေနဲ့"လို့ ပြောကြပါတယ်။ အဲဒီအခါ မြတ်စွာဘုရား က **"ဖယ်ကြ ဖယ်ကြ၊ မတားကြနဲ့"**လို့ မိန့်တော်မူပါတယ်။

## နှမ သတိထားပါ

ပဋာစာရီ မနီးမဝေးရောက်လာတဲ့အခါ **"နှမ သတိထားပါ"**လို့ မြတ်စွာဘုရားက မိန့်တော်မူပါတယ်။

ကဲ ဒီနေရာမှာ ဦးဇင်းတို့တတွေ သူတော်စင်တို့ တတွေ ပစ္ဆိမဘဝိက(နောက်ဆုံးဘဝမှာဖြစ်တဲ့)ဝိနယဓရ ဧတဒဂ်ဘွဲ့ ထူးရမဲ့ ရဟန္တာထေရီမကြီးဖြစ်မဲ့သူဖြစ်ပေမဲ့ သတိတရားတွေ လွတ်သွားရတာ၊ အရူးမကြီး ဖြစ်သွားရတာကို သံဝေဂ ယူစရာဖြစ်ပါတယ်။

**"ဒေသာ လောကဿ ဓမ္မတာ"**ဆိုတဲ့အတိုင်း လောက ဓာတ်ခုံပေါ်မှာ ကပြအသုံးတော်ခံနေကြရတဲ့ လူတိုင်းလူတိုင်း ပုဂ္ဂိုလ်တိုင်းပုဂ္ဂိုလ်တိုင်းမှာ လောကရဲ့ ကောင်းကျိုး၊ ဆိုးပြစ်တွေကို

တွေ့ကြုံခံစားနေရတာဟာ လောကရဲ့ဓမ္မတာပါ။

**"နမ သတိထားပါ"**လို့ မိန့်တော်မူတဲ့ခဏမှာပင် မြတ်စွာဘုရားရဲ့ တန်ခိုးအာနုဘော်ကြောင့် သတိရသွားပါတော့တယ်။ ရှက်စိတ်ကြောက်စိတ်ဖြစ်ပြီး ဆောင့်ကြောင့် ထိုင်လိုက်ပါတယ်၊ အမျိုးသားတစ်ယောက်က အပေါ်ရုံ အဝတ်တစ်ထည် ပစ်ပေးလိုက်ပါတယ်။

## အပူတွေ ပေါ့သွားသလို

ပဋာစာရီက အပေါ်ရုံအဝတ်ဝတ်ပါတယ်၊ မြတ်စွာဘုရားထံသွားပါတယ်။ မြတ်စွာဘုရားရဲ့ ရွှေအဆင်းလို ဝါဝင်းတဲ့ခြေတော်တို့ကို တည်ခြင်းငါးပါးနဲ့အညီ ရှိခိုးဦးချပါတော့တယ်။ ပါးစပ်မှလည်း

**"မြတ် စွာဘုရား ! တပည့်တော်မရဲ့အားကိုးရာ ဖြစ်တော်မူပါဘုရား၊ တပည့်တော်မရဲ့ ထောက်တည်ရာ ဖြစ်တော်မူပါဘုရား"**လို့ လျှောက်ထားပါတော့တယ်။

"တပည့်တော်မရဲ့ သားတစ်ယောက်ကို စွန်ချီသွားပါတယ်၊ သားတစ်ယောက်က ရေနစ်သေပါတယ်ဘုရား၊ တပည့်တော်မရဲ့ယောကျ်ားက လမ်းမှာ ပိုးထိလို့ ဆုံးပါတယ်ဘုရား၊ တပည့်တော်မရဲ့ အမေရယ် အဖေရယ် မောင်လေးရယ်က အိမ်ပြိုလို့ သုံးလောင်းပြိုင် မီးသင်္ဂြိုဟ်လိုက်ရပါတယ်ဘုရား"လို့ ဖြစ်ကြောင်းကုန်စဉ် ရင်ဖွင့် လျှောက်ထားပါ

တော့တယ်။

အခုလို အားကိုးရာ အားထားရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားအား ရင်ဖွင့်လိုက်ရလို့ သူမရဲ့ရင်မှာ ခံစားနေရတဲ့အပူတွေ ပေါ့သွားသလို ခံစားရပါတယ်။

## သောကငြိမ်းအေး တရားဆေး

မြတ်စွာဘုရားဟာ ပဋာစာရီရဲ့စကားကို ကြားရတဲ့ အခါ

**"ပဋာစာရာ ! ဘာမှမစဥ်းစားနဲ့တော့၊ ဘာမှ မကြံစည်နဲ့တော့။ သင့်ရဲ့အားကိုးရာ အားထားရာ မှီခိုရာဖြစ်တဲ့ ငါဘုရားရဲ့အထံတော်မှာ ရောက်လာပြီပဲ။**

**သင့်ရဲ့သားငယ်လေးကို စွန်ချီလို့ ငိုရတဲ့ ကျရတဲ့ မျက်ရည်၊ သားကြီးရေနစ်သေလို့ ငိုရတဲ့ ကျရတဲ့ မျက်ရည်၊ အမေသေလို့ ငိုရ၊ကျရတဲ့မျက်ရည်၊ အဖေသေလို့ ငိုရ ကျရတဲ့မျက်ရည်၊ မောင်သေလို့ ငိုရ၊ကျရတဲ့မျက်ရည်တွေလို- --**

**သံသရာထဲမှာ သားစတဲ့သူတွေ သေလို့ ချစ်ရ ခင်ရ ကြင်နာရတဲ့သူတွေသေလို့ ငိုခဲ့ရတဲ့ ကျခဲ့ရတဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာလေးစင်းထဲမှာရှိတဲ့ရေတွေ ထက်တောင်များပါတယ်"** လို့ အပူငြိမ်းအေး တရားဆေးကို တိုက်ကျွေးတော်မူပါတယ်၊ သောကငြိမ်းအေး တရားဆေးကို တိုက်ကျွေးတော်မူပါတယ်။

## နိဗ္ဗာန်လမ်း ဖြောင့်တန်းအောင်

အဲသလို မြတ်စွာဘုရားက မိန့်တော်မူတဲ့အခါ ပဋာစာရီရဲ့ကိုယ်မှာ အပူမီးတွေ အတော်ကို သက်သာသွားပါတော့တယ်၊ သောကတွေ အတော်ကို သက်သာသွားပါတော့တယ်။ ပဋာစာရီမှာ အပူမီးတွေ သောကမီးတွေ သက်သာသွားတာ သိတော်မူတဲ့အတွက် ဆက်လက်ကာ မိန့်တော်မူပါတယ်။

**"ပဋာစာရာ ! သား ယောကျာ်း မိဘ,မောင်,ဘွား စတဲ့သူတွေက မိမိကိုယ်တိုင် တမလွန်ဘဝ သွားရတဲ့ အခါ တကယ်တမ်းအားကိုးရာအစစ် မဟုတ်ကြပါ၊ အားထားရာအစစ် မဟုတ်ကြပါ၊ ထောက်တည်ရာအစစ် မဟုတ်ကြပါ။**

**ဒါကြောင့် သား ယောကျာ်း မိဘ မောင်တွေ ရှိနေပေမဲ့ အားကိုးရာအစစ် မဟုတ်လေတော့ မရှိ တာနဲ့ အတူတူပါပဲ။ ဒါကြောင့် ပညာရှိအမျိုးသား ပညာရှိအမျိုးသမီးဟာ မိမိရဲ့ ကိုယ်ကျင့်သီလကို လုံခြုံ အောင်စောင့်ထိန်းရပါမယ်၊ မိမိရဲ့ နိဗ္ဗာန်လမ်း ဖြောင့် တန်းအောင် မြန်မြန် ကြိုးစားပွားများရပါမယ်၊ အား ထုတ်ရပါမယ်"**လို့ တရားဒေသနာ ဟောကြားတော်မူပါတယ်။

## ပဋာစာရီ ဘိက္ခုနီမဖြစ်ပြီ

တရားဒေသနာတော်ရဲ့အဆုံးမှာ ပဋာစာရီဟာ မဟာပထဝီမြေကြီးထဲက မြေမှုန့်ပမာဏရှိကြတဲ့ ကိလေသာ တွေကို

လောင်ကျွမ်းစေပါတော့တယ်၊ သောတာပန်ဖြစ်သွားပါတော့တယ်။ အခြားအခြား များစွာသောပုဂ္ဂိုလ်တို့လဲ သောတာပန်စသည် ဖြစ်သွားကြပါတော့တယ်။

ပဋာစာရီက သောတာပန်ဖြစ်သွားတဲ့အခါ မြတ်စွာဘုရားကို ရဟန်းပြုခွင့်တောင်းပါတယ်။ မြတ်စွာဘုရားက ဘိက္ခုနီမတွေထံ စေလွှတ်ပြီး ဘိက္ခုနီမ ပြုပေးခိုင်းပါတယ်။ ပဋာစာရီဟာ ဘိက္ခုနီမ ဖြစ်သွားပါတော့တယ်။

ပဋာစာရီဘိက္ခုနီမရဲ့ အာသဝေါကင်းကွာ ရဟန္တာမကြီးဖြစ်သွားရပုံကလဲ စိတ်ဝင်းစားဖွယ် အတုယူဖွယ်ကောင်းပါတယ်။

## ရေလောင်းတဲ့အခါ တရားရှာ

တစ်နေ့သောအခါ ပဋာစာရီဘိက္ခုနီမဟာ ခြေဆေးမလို့ပါ၊ အိုးနဲ့ရေခပ်ပြီး ခြေထောက်ကို ရေနဲ့လောင်းလိုက်ပါတယ်။ လောင်းလိုက်တဲ့ရေက မြေပေါ်မှာ အနည်းငယ်စီးသွားပြီး ပြတ်သွား ပျောက်သွားပါတော့တယ်၊ ကုန်သွား ခန်းသွားပါတော့တယ်။

ဒုတိယအကြိမ် ခြေထောက်ပေါ် ရေနဲ့လောင်းလိုက်ပါတယ်။ လောင်းလိုက်တဲ့ရေက ပထမကရေထက် ပိုစီးသွားပြီး ပြတ်သွား ပျောက်သွားပါတော့တယ်၊ ကုန်သွား ခန်းသွားပါတော့တယ်။

## ချမ်းသာကြောင်းလေးပါး

တတိယအကြိမ် ခြေထောက်ပေါ် ရေနဲ့ လောင်းလိုက်ပါတယ်။ လောင်းလိုက်တဲ့ရေက ဒုတိယရေထက် ပိုစီးသွားပြီး ပြတ်သွား ပျောက်သွားပါတော့တယ်၊ ကုန်သွား ခန်းသွားပါတော့တယ်။

ပဋာစာရီဘိက္ခုနီမက အခုလို စဉ်းစားမိပါတယ်။

"ငါ ပထမလောင်းလိုက်တဲ့ရေလို သတ္တဝါတွေဟာ ပထမအရွယ်မှာလည်း သေကျရပါတယ်။ ပထမလောင်းတဲ့ ရေထက် ပိုစီးသွားတဲ့ ဒုတိယအကြိမ် လောင်းလိုက်တဲ့ ရေလို သတ္တဝါတွေဟာ ဒုတိယအရွယ် လူလတ်ပိုင်းအရွယ် မှာလဲ သေကျရပါတယ်။

တတိယအကြိမ်လောင်းလိုက်တဲ့ရေလို သတ္တဝါတွေ ဟာ တတိယအရွယ်မှာလဲ သေကျရပါတယ်"လို့ စဉ်းစား နေမိပါတယ်။

ဦးဇင်းတို့ သူတော်စင်တို့တွေလဲ ပဋာစာရီဘိက္ခု နီမကို အတုယူပြီးတော့ သံဝေဂယူတတ်ရပါမယ်။

ဥပမာဆိုကြပါစို့၊ ဦးဇင်းတို့ သူတော်စင်တို့ နေ့စဉ် နေ့တိုင်း တံမျက်စည်းလှည်းတဲ့အခါမှာ ကြွေကျနေတဲ့ သစ်ရွက်တွေကိုကြည့်ပြီး--

**"အော်- သစ်ပင်မှ ကြွေကျတဲ့ ရွက်ဝါတွေလို သစ်ရွက်တွေလို ကြွေရအုံးမယ်။ တစ်နေ့နေ့တစ်ချိန် ချိန်မှာ သေရအုံးမယ်"**လို့ သေခြင်းတရားကို အောင့်မေ့ကြမယ်၊

ဆင်ခြင်ကြမယ်ဆိုရင် မရဘူးလား?

"ရပါတယ်ဘုရား"

အဲဒီလို အောင့်မေ့လိုက်ရင် ဆင်ခြင်လိုက်ရင် ဘာဝနာ ကမ္မဋ္ဌာန်းလေးဆယ်ထဲမှာ မရဏာဿတိဘာဝနာ ဖြစ်ပါတယ်။ ဘာ ဘာဝနာဖြစ်ပါလဲ?

"မရဏာဿတိ ဘာဝနာပါဘုရား"

**မဟာကရုဏာဉာဏ်ရှင်**

မြတ်စွာဘုရားက ဉာဏ်တော်နဲ့သိတော်မူလို့ ဂန္ဓကုဋီ ကျောင်းတော်မှာ ထိုင်နေတော်မူလျက်ပင် ကိုယ်ရောင် ကိုယ်ဝါတွေလွှတ်တော်မူပါတယ်။ မြတ်စွာဘုရားသခင်ဟာ ပဋာစာရီဘိက္ခုနီမရဲ့ တကယ်ပင်အားကိုးရာ အစစ်အမှန် အားထားရာအစစ်အမှန် ဖြစ်တော်မူပါပေတယ်။

အခြားအခြားသော ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါတွေအပေါ်မှာလဲ ဒီအတိုင်းပါ။ မြတ်စွာဘုရားက အဝေးမှာ သီတင်းသုံးနေပါသော်လဲ ယခုလိုပင် အမြဲမပြတ် သတိပြု ကြည့်ရှုစောင့်ရှောက်တော်မူပါတယ်။ ဒါ မြတ်စွာ ဘုရားရှင်ရဲ့ ကြီးမားတော်မူလှတဲ့ မဟာကရုဏာဉာဏ် တော်မြတ်ပါ။

**ဝိပဿနာတရား ဟောကြား**

မြတ်စွာဘုရားရှင်က ပဋာစာရီဘိက္ခုနီမရဲ့ရှေ့မှာ

ထိုင်နေတော်မူတဲ့အတိုင်းပါ။ အခုလို အားတတ်ဖွယ်တရား မှတ်သားဖွယ်တရားတော်ကို ဟောကြားတော်မူပါတယ်။

**"ပဋာစာရာ ! ခန္ဓာငါးပါး ရုပ်တရားနာမ်တရား တို့ရဲ့ ဖြစ်မှု ပျက်မှုကို မမြင်ဘဲ အနှစ်တစ်ရာလုံးလုံး အသက်ရှင်နေရတဲ့သူထက် ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့ရဲ့ ဖြစ်မှု ပျက်မှုကို မြင်တဲ့သူရဲ့ တစ်နေ့ တစ်ရက် တစ်နံနက် တစ်ခဏမျှ အသက်ရှင်နေရတာက မြတ်ပါတယ်"** လို့ ဝိပဿနာတရား ဟောကြားတော်မူ ပါတယ်။

## ပဋာစာရာ

ဒီတရားဒေသနာတော်ရဲ့အဆုံးမှာ ပဋာစာရီ ဘိက္ခုနီ မဟာ ပဋိသမ္ဘိဒါလေးပါးနဲ့တကွ အာသဝေါကင်းကွာ ရဟန္တာ ထေရီမကြီး ဖြစ်သွားပါတော့တယ်။

နောင်အခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ပဋာစာရီဘိက္ခုနီမအား ဝိနည်းကိုဆောင်ကြတဲ့ ဝိနယဓရ ဖြစ်ကြတဲ့ ဘိက္ခုနီမတွေထဲမှာ အသာဆုံး အမြတ်ဆုံး အမြင့် ဆုံးဖြစ်တဲ့ **"ဝိနယဓရဧတဒဂ်ဘွဲ့"** ကို ပေးတော်မူပါတယ်၊ အပ်နှင်းတော်မူပါတယ်။

ဝိနယဓရဧတဒဂ်ဘွဲ့ထူးကိုရတဲ့ ထေရီမဟာ ပဋာ စာရာဖြစ်ပါတယ်။ ဗုဒ္ဓစာပေမှာတော့ 'ပဋာစာရာ' လို့ သုံးပါတယ်။ အရပ်ပြောကြတော့ "ပဋာစာရီ ပဋာစာရီ" လို့

ပြောကြပါတယ်။

ဒါကြောင့်မို့ ဦးဇင်းက ဗုဒ္ဓစာပေမှာ လာတဲ့အတိုင်း ပဌာစာရာလို့လဲ ပြောခဲ့ပါတယ်၊ အရပ်သုံးစကားအတိုင်း ပဌာစာရီလို့လဲ ပြောခဲ့ပါတယ်။

ထို့အတူပဲပေါ့၊ တချို့တချို့ပုဂ္ဂိုလ်တွေမှာ သောကမီး တွေ ပရိဒေဝမီးတွေ ဆင်းရဲဒုက္ခတွေ ခံစားနေရတဲ့အခါ မြတ်စွာဘုရားရဲ့ တပည့်သာဝကတွေ ဟောကြားတဲ့ တရားတော်တွေကို နာယူကျင့်သုံးလိုက်တဲ့အခါ သူတို့မှာ အပူမီး တွေ ဆင်းရဲဒုက္ခတွေ ငြိမ်ငြိမ်းတော့ သွားကြပါတယ်။

## မုဏ္ဍာဘုရင်ရဲ့သောက

တစ်ချိန်သောအခါက အရှင်နာရဒအရှင်သူမြတ်ဟာ ပါဋလိပုတ်ပြည် ကုက္ကုဋာရုံကျောင်းမှာ သီတင်းသုံး နေပါတယ်။ မုဏ္ဍာအမည်ရှိတဲ့ ဘုရင်မင်းမြတ်ရဲ့ အချစ်ဆုံး အမြတ်နိုးဆုံးဖြစ်တဲ့ ဘဒ္ဒါမိဖုရား နတ်ရွာစံပါတယ်။

မုဏ္ဍာမည်သောဘုရင်မင်းမြတ်ဟာ ဘဒ္ဒါမိဖုရား နတ်ရွာစံတဲ့အတွက်ကြောင့် ယူကျုံးမရ အပူလုံးကြွ ဖြစ်နေ ပါတော့တယ်၊ သောကမီး ပရိဒေဝမီးတွေ အပူမီးတွေ တောက်လောင်နေပါတော့တယ်။ မုဏ္ဍာမင်းဟာ ရေလဲမချိုး တော့ပါ၊ နံ့သာလဲမလိမ်းတော့ပါ၊ ပွဲတော်လဲ မတည်တော့ပါ၊ တိုင်းရေးပြည်ရေးအလုပ်တွေကိုလဲ မလုပ်တော့ပါ၊ မစီမံ

တော့ပါဘူး။ နေ့ရောညပါ ဘဒ္ဒါမိဖုရားရဲ့အလောင်းနား မှာပဲ ဆွေးနေပါတော့တယ်၊ မိန်းမောတွေဝေနေပါတော့တယ်။

မုဏ္ဍာမင်းဟာ ပိယကမည်သော ရွှေတိုက်စိုးကို အခု လို အမိန့်ပေးပါတယ်။

"အမောင်ပိယက ! ကွယ်လွန်ရှာလေပြီးတဲ့ ဘဒ္ဒါ မိဖုရားရဲ့အလောင်းကို ငါတို့ ကြာမြင့်စွာ ကြည့်ရှုလို့ရအောင် သံခေါင်းလုပ်ပါ၊ ဆီအပြည့်ထည့်စိမ်ထားပါ၊ သံခေါင်းအဖုံးနဲ့ ဖုံးထားပါ"လို့ အမိန့်ပေးပါတော့တယ်။

## ရွှေတိုက်စိုးရဲ့အကြံ

ရွှေတိုက်စိုးပိယက,က မုဏ္ဍာမင်းခိုင်းတဲ့အတိုင်း လုပ် ပေးပါတယ်၊ ရွှေတိုက်စိုးပိယကဟာ အခုလိုလဲ အကြံဖြစ် ပါတယ်၊

"မုဏ္ဍာမင်းဟာ အချစ်ဆုံးဖြစ်တဲ့ ဘဒ္ဒါမိဖုရား နတ်ရွာ စံတဲ့အတွက်ကြောင့် ရေလဲမချိုး၊ နံ့သာလဲမလိမ်း၊ စားတော် လဲ,မတည်၊ တိုင်းရေးပြည်ရေးတွေကိုလဲ မလုပ်၊ နေ့ရောညပါ ဘဒ္ဒါမိဖုရားရဲ့အလောင်းနားမှာပဲ ဆွေးနေပါတယ်၊ တွေဝေ မိန်းမောနေပါတယ်။

မုဏ္ဍာမင်းဟာ ရဟန်း,ပုဏ္ဏား တစ်ပါးပါးရဲ့အထံမှ တရားကိုနာရတဲ့အတွက်ကြောင့် ရင်မှာစူးဝင်နေတဲ့ သောက တည်းဟူသောငြောင့်ကို ပယ်နှုတ်နိုင်မယ်။ အဲဒီ ရဟန်း,

ပုဏ္ဏား တစ်ပါးပါးထံ ချဉ်းကပ်ရရင် ကောင်းမှာပဲ''လို့ အကြံဖြစ်ပါတယ်။

## အရှင်နာရဒအား လျှောက်ထား

ရွှေတိုက်စိုးပိယကဟာ အခုလို ဆက်လက် အကြံဖြစ်ပါတယ်၊

''အရှင်နာရဒဟာ ပါဋလိပုတ်ပြည် ကုက္ကုဋာရာမ ကျောင်းမှာ သီတင်းသုံးနေပါတယ်။ အရှင်နာရဒဟာ ပညာရှင်ဖြစ်တယ်၊ အရာရာကျွမ်းကျင်လိမ္မာတယ်၊ ထက်မြက်သော ဉာဏ်အမြင်ရှိတယ်၊ အကြားအမြင်များတယ်၊ ဆန်းဆန်းကြယ်ကြယ် ပြောဆိုတတ်တယ်၊ ကောင်းသော အသိဉာဏ်ရှိတယ်၊ ထေရ်ကြီးဝါကြီးဆရာတော်ကြီး ဖြစ်တယ်၊ ရဟန္တာလည်းဖြစ်တယ်-လို့ အရှင်နာရဒရဲ့ ကောင်းတဲ့ဂုဏ်သတင်းတွေပျံ့နှံ့နေတယ်။

မုဏ္ဍမင်း အရှင်နာရဒထံသွားရရင် ကောင်းမှာပဲ၊ မုဏ္ဍမင်းဟာ အရှင်နာရဒရဲ့တရားတော်ကို နာရတဲ့အတွက်ကြောင့် ရင်မှာစူးဝင်နေတဲ့ သောကတည်းဟူသောငြောင့်ကို နုတ်ပယ်နိုင်လိမ့်မယ်''လို့ စဉ်းစားမိပါတယ်။

အဲဒီတော့ ရွှေတိုက်စိုးပိယကဟာ မုဏ္ဍမင်းထံ သွား ပြီး အကျိုးအကြောင်း သံတော်ဦးတင်ပြပါတယ်။ မုဏ္ဍမင်းက သဘောတူလက်ခံတဲ့အတွက် အရှင်နာရဒအထံ သွားကြပါတယ်။

အရှင်နာရဒအား အကြောင်းစုံ လျှောက် ထားပြပါတယ်။

## တောင့်တလို့ မရနိုင်ပါ

အရှင်နာရဒက မုဏ္ဍမင်းအား တောင့်တလို့မရနိုင်တဲ့တရားငါးပါးကို ဟောတော်မူပါတယ်။ ဦးဇင်းတို့ ပရိသတ်- ဘာတရားတဲ့လဲ?၊

"တောင့်တလို့မရနိုင်တဲ့တရားငါးပါးပါဘုရား"၊

အဲဒီ တောင့်တလို့မရနိုင်တဲ့ တရားငါးပါးကို အကျဉ်းချုပ် ပြောပြပါမယ်။

"မြတ်သောမင်းကြီး ! ရဟန်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ လောကမှာ တစ်စုံတစ်ယောက်သောသူကမျှ တောင့်တလို့မရနိုင်တဲ့ တရားငါးပါးရှိပါတယ်။

၁။ အိုတတ်တဲ့သဘောတရားကို "မအိုပါစေနဲ့"လို့ မည်သူမှ တောင့်တလို့မရနိုင်ပါ၊

၂။ နာတတ်တဲ့သဘောတရားကို "မနာပါစေနဲ့"လို့ မည်သူမှ တောင့်တလို့မရနိုင်ပါ၊

၃။ သေတတ်တဲ့သဘောတရားကို "မသေပါစေနဲ့" လို့ မည်သူမှ တောင့်တလို့မရနိုင်ပါ၊

၄။ ကုန်ခန်းတတ်တဲ့သဘောတရားကို "မကုန်ခန်းပါစေနဲ့"လို့ မည်သူမှ တောင့်တလို့မရနိုင်ပါ၊

၅။ ပျက်စီးတတ်တဲ့သဘောတရားကို ''မပျက်စီးပါစေနဲ့''လို့ မည်သူမှ ကောင့်တလို့မရနိုင်ပါ။''

## ပုထုဇဉ် မဆင်ခြင်နိုင်

''မြတ်သောမင်းကြီး ! အကြားအမြင်မရှိတဲ့ ပုထုဇဉ်အား အိုတတ်တဲ့သဘောအရ အိုရပါတယ်၊ အဲသလို အိုရတဲ့အခါ အခုလို မဆင်ခြင်နိုင်ပါ၊ နှလုံးမသွင်းနိုင်ပါ၊

''ငါတစ်ယောက်တည်းမှာသာ အိုတတ်တဲ့သဘော အရ အိုရတာမဟုတ်ပါ။ ဖြစ်ဖြစ်သမျှ သတ္တဝါတွေအားလုံး မှာ အိုတတ်တဲ့သဘောအရ အိုရပါတယ်။

ငါ အိုတတ်တဲ့ သဘောတရားအရ အိုရသော် ပူဆွေးမယ်၊ ငိုကြွေးမယ်၊ ရင်ဘတ်စည်တီး မြည်ဟီးမယ်၊ မိန်းမော တွေဝေမယ်ဆိုရင် ထမင်းလဲ မစားလိုတော့ပါ၊ ခန္ဓာကိုယ်လဲ အလှပျက်တော့မယ်၊ အလုပ်အကိုင်တွေလဲ ပျက် တော့မယ်၊ ရန်သူတွေ မလိုသူတွေ ဝမ်းသာကြမယ်၊ မိတ်ဆွေတွေ ဝမ်းနည်းကြမယ်''လို့ မစဉ်းစားနိုင်တော့ပါ။

အိုတတ်တဲ့သဘောတရားအရ အိုရသော် ပုထု ဇဉ်ဟာ ပူဆွေးပါတယ်၊ ငိုကြွေးပါတယ်၊ ရင်ဘတ်စည်တီး မြည်ဟီးပါတယ်၊ တွေဝေခြင်းသို့ရောက်ပါတယ်။

မြတ်သောမင်းကြီး ! အကြားအမြင်မရှိတဲ့ပုထုဇဉ်ကို အဆိပ်ရှိသော သောကတည်းဟူသောမြောင့်စူးဝင်တဲ့ အတွက်

## ချမ်းသာကြောင်းလေးပါး

ကိုယ့်ကိုယ်ကို ပူပန်စေတတ်သူ ဆင်းရဲစေတတ်သူ လို့သာ ဆိုရပါတော့တယ်''လို့ အရှင်နာရဒမထေရ်က သောကနှုတ်ပယ် ကြောင်းတရား ဟောတော်မူပါတယ်။

ထို့အတူပဲ နာတတ်တဲ့သဘောတရားအရ နာရပုံ၊
သေတတ်တဲ့သဘောတရားအရ သေရပုံ၊
ကုန်ခန်းတတ်တဲ့သဘောတရားအရ ကုန်ခန်းရပုံ၊
ပျက်စီးတတ်တဲ့သဘောတရားအရ ပျက်စီးရပုံတို့နဲ့ စပ်လို့ အမြင်မှန်မရှိပုံတို့ကို အထက်ပါအတိုင်း ဟောတော်မူပါတယ်။

### အရိယာသာဝက ဆင်ခြင်နိုင်

မြတ်သောမင်းကြီး ! အကြားအမြင်ရှိတဲ့ အရိယာရဲ့ တပည့်အား အိုတတ်တဲ့သဘောအရ အိုရပါတယ်။ အဲသလို အိုရတဲ့အခါ အခုလို ဆင်ခြင်နိုင်ပါတယ်၊ နှလုံးသွင်းနိုင် ပါတယ်။

''ငါတစ်ယောက်ထဲမှသာ အိုတတ်တဲ့သဘောအရ အိုရတာမဟုတ်ပါ၊ ဖြစ်ဖြစ်သမျှ သတ္တဝါတွေအားလုံးမှာ အိုတတ်တဲ့သဘောတရားအရ အိုရပါတယ်၊ ငါ အိုတတ်တဲ့ သဘောတရားအရ အိုရသော် ပူဆွေးမယ်၊ ငိုကြွေးမယ်၊ ရင်ဘက်စည်တီး မြည်ဟီးမယ်၊ မိန်းမောတွေဝေမယ်ဆိုရင် ထမင်းလဲ မစားလိုတော့ပါ၊ ခန္ဓာကိုယ်လဲ အလှပျက်တော့ မယ်၊ အလုပ်အကိုင်တွေလဲ ပျက်တော့မယ်၊ ရန်သူတွေ မလိုသူတွေလဲ

ဝမ်းသာကြမယ်၊ မိတ်ဆွေတွေလဲ ဝမ်းနည်း ကြမယ်''လို့ စဉ်းစားပါတယ်၊ ကြံစည်မိပါတယ်။

မင်းကြီး ! အကြားအမြင်ရှိတဲ့ အရိယာရဲ့တပည့်ဟာ အခုလို ကြံစည်စဉ်းစားပြီးတော့ အိုတတ်တဲ့ သဘောတရား အရ အိုရတဲ့အခါ မပူဆွေးတော့ပါ၊ မငိုကြွေးတော့ပါ၊ ရင်ဘက်စည်တီး မမြည်ဟီးတော့ပါ၊ မိန်းမောတွေဝေမှု မရှိတော့ပါ။

မင်းကြီး ! အကြားအမြင်ရှိတဲ့ အရိယာရဲ့တပည့်ကို အဆိပ်ရှိတဲ့ သောကတည်းဟူသောငြောင့်ကို ထုတ်နှုတ် ပယ်ရှားသူလို့သာ ဆိုရပါတော့တယ်''လို့ ဟောတော်မူ ပါတယ်။

ထို့အတူ အကြားအမြင်ရှိတဲ့အရိယာရဲ့တပည့်ဟာ-

နာတတ်တဲ့သဘောတရားအရ နာရပုံ၊

သေတတ်တဲ့သဘောတရားအရ သေရပုံ၊

ကုန်ခန်းတတ်တဲ့သဘောတရားအရ ကုန်ခန်းရပုံ၊

ပျက်စီးတတ်တဲ့သဘောတရားအရ ပျက်စီးရပုံတို့နဲ့ စပ်၍ အမြင်မှန်ရှိပုံကို ပြီးခဲ့တဲ့အတိုင်း ဟောတော်မူပါတယ်။

## သောကငြောင့်တွေ ရှင်းသွားပြီ

မုဏ္ဍမင်းဟာ အရှင်နာရဒကို 'အရှင်ဘုရား ! ဒီ တရားဒေသနာရဲ့နာမည်က ဘယ်လိုပါလဲဘုရား' လို့ မေးလျှောက်တဲ့အခါ **''သောကငြောင့်ကို နှုတ်ပယ်**

**ကြောင်းတရား**”လို့ခေါ်တဲ့အကြောင်း မိန့်တော်မူပါတယ်။

“အရှင်ဘုရား! သောကပြောင့်ကို နုတ်ပယ်ကြောင်းတရားဆိုတာ မှန်လှပါတယ်၊ အရှင်ဘုရားရဲ့ တရားတော်ကို နာရလို့ တပည့်တော်မှာ သောကပြောင့်တွေ ရှင်းသွားပါပြီ၊ အပူမီးတွေ ငြိမ်းသွားပါပြီ”လို့ အားရဝမ်းသာ လျှောက်ထားပါတော့တယ်။

## အပူမီးတွေငြိမ်းသွားပြီ

မုဏ္ဍာဘုရင်ဟာ ရွှေတိုက်စိုးပိယကကို ခေါ်ပါတယ်၊ ငါ့ရဲ့ရင်မှာ သောကပြောင့်တွေရှင်းသွားပြီ၊ ဘဒ္ဒါရဲ့ အလောင်းကို မီးသင်္ဂြိုဟ်ပါတော့၊ အရိုးပြာယူထားပါ၊ စေတီတည်ပါလို့ မိန့်ပါတော့တယ်။ ဒီနေ့ကစပြီး ရေလဲချိုးပါတော့မယ်၊ နံ့သာလဲလိမ်းပါတော့မယ်၊ ပွဲတော်လဲတည်ပါတော့မယ်၊ တိုင်းရေးပြည်ရေးတို့ကိုလည်း လုပ်ဆောင်ပါတော့မယ်လို့ ဆက်လက် မိန့်ကြားပါတော့တယ်။

ဒီဝတ္ထုကြောင်းမှာ အရှင်နာရဒရဲ့ **သောကပြောင့်ကို နုတ်ပယ်ကြောင်းတရား**-တဲ့၊ ဘာတရားတဲ့လဲ?

**“သောကပြောင့်ကို နုတ်ပယ်ကြောင်းတရားပါ ဘုရား”**။

အေး- သောကပြောင့်ကို နုတ်ပယ်ကြောင်းတရားကို နာရတဲ့အတွက်ကြောင့် မုဏ္ဍာမင်းရဲ့ သောက ပရိဒေဝတွေ ငြိမ်းပြီး

အပူမီးတွေငြိမ်းပြီး စိတ်၏ချမ်းသာခြင်း ကိုယ်၏ ချမ်းသာခြင်းဆိုတဲ့ ချမ်းသာခြင်းအဝဝကို ခံစားရပုံပါ။

အော်- ဒီခေတ်မှာလဲ ထို့အတူပဲ တချို့မှာ သောက, ပရိဒေဝတွေ အရမ်းကိုခံစားကြရတာပါ။ အဲဒီလို ခံစားရတဲ့ပုဂ္ဂိုလ်တွေ ဆရာတော်တွေက တရားဟောလိုက်တဲ့အခါ အဲဒီတရားနာပြီးတော့ သူတို့မှာ သောက,ပရိဒေဝတွေ ဆင်းရဲဒုက္ခတွေငြိမ်းပြီးတော့ သွားကြပါတယ်၊ စိတ်ထဲမှာ ချမ်းသာပြီးတော့သွားကြပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက **သဒ္ဓမ္မဒေသနာ**- သူတော်ကောင်းတရားကို နာကြားရခြင်း ဟောကြားရခြင်း သည်၊ **သုခံ**-ချမ်းသာကြောင်းစင်စစ် အမှန်ပင်ဖြစ်ပါပေ၏လို့ ဟောတော်မူထားတာပါ။

## သံဃာများစွာ ညီညွတ်တာ

နံပါတ်(၃)ချမ်းသာကြတော့-

**သုခါ သံဃဿ သာမဂ္ဂီ၊**

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ဘိက္ခဝေ**-တရားနာပရိသတ်အပေါင်း အိုသူတော်ကောင်းတို့၊ **သံဃဿ**-သံဃာတော်အပေါင်း၏၊ **သာမဂ္ဂီ**-ညီညွတ်ခြင်း သည်၊ **သုခါ**-ချမ်းသာကြောင်းစင်စစ်အမှန်ပင် ဖြစ်ပါပေ၏၊ **ဣတိ**-ဤသို့၊ **ဘဂဝါ**-မြွေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊

**အဝေါစ**-ကောင်းစွာမသွေ မိန့်ကြားတော် မူပါပေသတည်း။
သာဓု- သာဓု- သာဓု၊

## ညီညွတ်ခြင်းသည် ချမ်းသာ

မြတ်စွာဘုရားဟောကြားတဲ့ နံပါတ်(၃)ချမ်းသာက ဘာချမ်းသာလဲဆိုရင် **"သုခါ သံဃဿ သာမဂ္ဂီ"**တဲ့၊

သံဃာတော်တွေ ညီညွတ်ပြီးနေတာ ချမ်းသာကြောင်းပဲတဲ့။ သံဃာဆိုတာ အစုအပေါင်း၊ အဖွဲ့အစည်း အသင်းအဖွဲ့ မိသားစုလို့ ပြောလို့ရပါတယ်။

ကဲ ဦးဇင်းတို့ စာသင်တိုက်တွေမှာ တရားရိပ်သာတွေမှာ သံဃာတော်တွေ သီတင်းသုံးကြပါတယ်၊ သံဃာတော်တွေ ရာချီပြီးတော့ သီတင်းသုံးကြတယ်။ တချို့ စာသင်တိုက်တွေ ရိပ်သာတွေမှာဆိုရင် ငါးရာ တစ်ထောင် နှစ်ထောင်စသည်ဖြင့် ရာချီ,ထောင်ချီပြီးတော့ သီတင်းသုံးကြ ပါတယ်၊

အဲဒီလို သံဃာတော်တွေ ညီညွတ်နေပြီဆိုရင် သံဃာတော်တွေညီညွတ်ခြင်းဟာလည်း ချမ်းသာခြင်းရဲ့ အကြောင်းပဲ။

အေး-- အဲဒီမှာ **'သာမဂ္ဂီ'**ကို **"ဧကစိတ္တတာ** တစ်ခုသောစိတ်ရှိသည်၏အဖြစ်, တစ်စိတ်တည်း တစ်သဘောတည်းရှိခြင်း"လို့လည်း သုံးပါတယ်။

တစ်စိတ်တည်း တစ်သဘောတည်းရှိတဲ့သံဃာတော် တွေ တစ်ပါးနှင့်တစ်ပါး အသားမည်းတာ အသားဖြူတာ

အပူမီးတွေငြိမ်းပြီး စိတ်၏ချမ်းသာခြင်း ကိုယ်၏ ချမ်းသာခြင်းဆိုတဲ့ ချမ်းသာခြင်းအဝဝကို ခံစားရပုံပါ။

အော်- ဒီခေတ်မှာလဲ ထို့အတူပဲ တချို့မှာ သောက, ပရိဒေဝတွေ အရမ်းကိုခံစားကြရတာပါ။ အဲဒီလို ခံစားရတဲ့ပုဂ္ဂိုလ်တွေ ဆရာတော်တွေက တရားဟောလိုက်တဲ့အခါ အဲဒီတရားနာပြီးတော့ သူတို့မှာ သောက, ပရိဒေဝတွေ ဆင်းရဲဒုက္ခတွေငြိမ်းပြီးတော့ သွားကြပါတယ်၊ စိတ်ထဲမှာ ချမ်းသာပြီးတော့သွားကြပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက **သဒ္ဓမ္မဒေသနာ**- သူတော်ကောင်းတရားကို နာကြားရခြင်း ဟောကြားရခြင်း သည်၊ **သုခံ**-ချမ်းသာကြောင်းစင်စစ် အမှန်ပင်ဖြစ်ပါပေ၏လို့ ဟောတော်မူထားတာပါ။

## သံဃာများစွာ ညီညွတ်တာ

နံပါတ်(၃)ချမ်းသာကြတော့-

**သုခါ သံဃဿ သာမဂ္ဂီ၊**

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ဘိက္ခဝေ**-တရားနာပရိသတ်အပေါင်း အိုသူတော်ကောင်းတို့၊ **သံဃဿ**-သံဃာတော်အပေါင်း၏၊ **သာမဂ္ဂီ**-ညီညွတ်ခြင်း သည်၊ **သုခါ**-ချမ်းသာကြောင်းစင်စစ်အမှန်ပင် ဖြစ်ပါပေ၏၊ **ဣတိ**-ဤသို့၊ **ဘဂဝါ**-ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊

**အဝေါစ**-ကောင်းစွာမသွေ မိန့်ကြားတော် မူပါပေသတည်း။
သာဓု- သာဓု- သာဓု၊

## ညီညွတ်ခြင်းသည် ချမ်းသာ

မြတ်စွာဘုရားဟောကြားတဲ့ နံပါတ်(၃)ချမ်းသာက ဘာချမ်းသာလဲဆိုရင် **"သုခါ သံဃဿ သာမဂ္ဂီ"**တဲ့၊

သံဃာတော်တွေ ညီညွတ်ပြီးနေတာ ချမ်းသာကြောင်းပဲတဲ့။ သံဃာဆိုတာ အစုအဝေါင်း၊ အဖွဲ့အစည်း အသင်းအဖွဲ့ မိသားစုလို့ ပြောလို့ရပါတယ်။

ကဲ ဦးဇင်းတို့ စာသင်တိုက်တွေမှာ တရားရိပ်သာတွေမှာ သံဃာတော်တွေ သီတင်းသုံးကြပါတယ်၊ သံဃာတော်တွေ ရာချီပြီးတော့ သီတင်းသုံးကြတယ်။ တချို့ စာသင်တိုက်တွေ ရိပ်သာတွေမှာဆိုရင် ငါးရာ တစ်ထောင် နှစ်ထောင်စသည်ဖြင့် ရာချီ,ထောင်ချီပြီးတော့ သီတင်းသုံးကြ ပါတယ်၊

အဲဒီလို သံဃာတော်တွေ ညီညွတ်နေပြီဆိုရင် သံဃာတော်တွေညီညွတ်ခြင်းဟာလည်း ချမ်းသာခြင်းရဲ့ အကြောင်းပဲ။

အေး-- အဲဒီမှာ **'သာမဂ္ဂီ'**ကို **"ဧကစိတ္တတာ** တစ်ခုသောစိတ်ရှိသည်၏အဖြစ်, တစ်စိတ်တည်း တစ်သဘောတည်းရှိခြင်း"လို့လည်း သုံးပါတယ်။

တစ်စိတ်တည်း တစ်သဘောတည်းရှိတဲ့သံဃာတော် တွေ တစ်ပါးနှင့်တစ်ပါး အသားမည်းတာ အသားဖြူတာ

ကွဲပြီးတော့နေရင်နေပါမယ်၊ အရပ်ပုတာ အရပ်ရှည်တာ ကွဲပြီးတော့နေရင်နေပါမယ်၊ အဆင်းရူပကာယ လှတာ၊ မလှတာ ကွဲပြီးတော့ နေရင်နေပါမယ်။

ဒါပေမယ်လို့ စိတ်အနေအားဖြင့်တော့ စိတ်တွေ ဆန္ဒတွေတူညီနေပြီ သဘောတူနေပြီ ညီညီညွတ်ညွတ် ရှိနေပြီဆိုရင် ချမ်းသာကြောင်းဖြစ်ပါတယ်။

## မြတ်စွာဘုရားကို မတားပါနဲ့

ဦးဇင်းတို့ မြတ်စွာဘုရားလက်ထက်တော်က အရှင်အနုရုဒ္ဓါရယ် အရှင်နန္ဒိယရယ် အရှင်ကိမိလရယ် အရှင်မြတ်သုံးပါး အရှေ့ဝါးတောမှာ သီတင်းသုံးနေကြပါတယ်။

တစ်နေ့တော့ မြတ်စွာဘုရား အဲဒီအရှင်မြတ်သုံးပါး ထံကြွတော်မူပါတယ်။ မြတ်စွာဘုရား ကြွလာတာကို တောကိုစောင့်နေတဲ့လူက မြင်တယ်။ မြတ်စွာဘုရားကို မြင်တဲ့အခါ ဒီလိုပြောပါတယ်။ သူက မြတ်စွာဘုရားကို ဘုရားမှန်းမသိဘူး။

"ဟာ- အရှင်ဘုရား ဒီတောထဲမဝင်ပါနဲ့၊ ဒီတော ထဲမှာ မိမိရဲ့ကောင်းကျိုးကိုလိုလားတဲ့ အမျိုးကောင်း သားသုံးယောက် နေကြပါတယ်။ အဲဒီ အမျိုးကောင်းသား သုံးယောက်တို့ကို မနှောက်ယှက်ပါနဲ့၊ မချမ်းမသာဖြစ်အောင် မလုပ်ပါနဲ့"လို့ ပြောပါတယ်၊ မဝင်ဖို့ တားပါတယ်။

## ချမ်းသာကြောင်းလေးပါး

အဲဒီအခါ အရှင်အနုရုဒ္ဓါက တောစောင့်ဒကာနဲ့ မြတ်စွာဘုရား ပြောနေတဲ့အသံကို ကြားရပါတယ်။ အဲသလို ကြားရတဲ့အခါ တောစောင့်ဒကာကို အရှင်အနုရုဒ္ဓါက ပြောပြပါတယ်။

“ငါ့ရှင် ဒကာ! မြတ်စွာဘုရားကို မတားပါနဲ့။ မြတ်စွာဘုရားဟာ ငါတို့ရဲ့ဆရာဘုရားပါ၊ မြတ်စွာဘုရားဟာ တို့ဆီ ကြွတော်မူလာတာပါ”လို့ ပြောပြပါတယ်။

## စည်းလုံးခြင်းသည် အင်အား

အဲသလိုပြောပြပြီး အရှင်နန္ဒိယနဲ့အရှင်ကိမိလတို့ထံ သွားပါတယ်။ မြတ်စွာဘုရား ကြွတော်မူလာတဲ့အကြောင်း ပြောပြခြင်းပါ။

အဲဒီနေရာမှာ ဦးဇင်းတို့ သူတော်စင်တို့ အတုယူရ ပါမယ်။ အရှင်အနုရုဒ္ဓါဟာ သူတစ်ပါးထဲ မြတ်စွာဘုရားကို မျက်နှာလိုမျက်နှာရ မကြိုဆိုပဲ သုံးပါးစလုံး အတူတူ မြတ်စွာဘုရားကို ကြိုဆိုကြမယ်ပေါ့။

ဒါကြောင့် မိမိတို့ရဲ့ဆရာသမား မိမိတို့ရဲ့မိဘစတဲ့ အကြီးအကဲတွေ မိမိတို့အထံလာတဲ့အခါ တပည့်တွေ အားလုံး, သားသမီးတွေအားလုံး ညီညီညွတ်ညွတ်နဲ့ ကြိုဆိုရပါမယ်၊ စုံစုံညီညီ ကြိုဆိုရပါမယ်၊ စည်းစည်းလုံးလုံး ကြိုဆိုရပါမယ်၊ သိုက်သိုက်ဝန်းဝန်းနဲ့ ကြိုဆိုရပါမယ်။ ဒါကြောင့်

မြန်မာစကားပုံမှာ **"စည်းလုံးခြင်းသည် အင်အား"** တဲ့။ ဘာတဲ့လဲ?

"စည်းလုံးခြင်းသည် အင်အားပါဘုရား"

အရှင်ဘုရားတို့ မြန်မြန်လာကြပါ၊ မြန်မြန်လာကြပါ။ တပည့်တော်တို့ရဲ့ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရား ကြွတော်မူလာပါတယ်လို့ ပြောပါတယ်။

**အာလာပ, သလ္လာပ**

အဲဒီအခါ အရှင်အနုရုဒ္ဓါ အရှင်နန္ဒိယ အရှင်ကိမလ တို့သုံးပါးစလုံး မြတ်စွာဘုရားကို ကြိုဆိုကြပါတယ်၊ ပင့်ကြပါတယ်။ တစ်ပါးက မြတ်စွာဘုရားရဲ့ သပိတ်သင်္ကန်းကို ယူပါတယ်။ တစ်ပါးက နေရာခင်းပါတယ်။ တစ်ပါးက ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်စရာအိုးခြမ်းတို့ကို မြတ်စွာဘုရား အနီးမှာ ထားပါတယ်၊ အဆင်သင့် ထား ပါတယ်။

မြတ်စွာဘုရားက ခင်းထားတဲ့နေရာမှာ ထိုင်တော်မူပါတယ်၊ ထိုင်တော်မူပြီးမှ ခြေဆေးတော်မူပါတယ်။ အရှင်မြတ်သုံးပါးက မြတ်စွာဘုရားကို ရှိခိုးဦးချကြပါတယ်၊ သင့်တော်တဲ့နေရာမှာ ထိုင်နေကြပါတယ်။ ထိုင်နေကြတဲ့ အရှင်မြတ်သုံးပါးကို မြတ်စွာဘုရားက-

"အနုရုဒ္ဓါတို့ ! ကျန်းမာကြရဲ့လား၊ ဣရိယာပုထ် မျှတကြရဲ့လား၊ ဆွမ်းကွမ်းပြည့်စုံကြရဲ့လား"လို့ မေးတော်မူပါတယ်။

## ချမ်းသာကြောင်းလေးပါး

အရှင်မြတ်သုံးပါးတို့က ကျန်းမာကြပါကြောင်း၊ ကြံရိယာပုထ် မျှတကြပါကြောင်း ဆွမ်းကွမ်း ပြည့်စုံကြပါကြောင်း ပြန်ပြီး လျှောက်ထားကြပါတယ်။

### ချစ်ခင်တဲ့မျက်လုံးတွေနဲ့ ကြည့်လို့သာနေ

"အနုရုဒ္ဓါတို့ ! သင်တို့ ညီညွတ်ကြရဲ့လား၊ ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြရရဲ့လား၊ ဆန့်ကျင်ဘက်စကား မပြောကြဘူးမို့လား၊ နို့နဲ့ရေရောထားသလို တစ်ဦးနဲ့တစ်ဦး မေတ္တာမျက်လုံးတွေနဲ့ မေတ္တာသက်ဝင် ချစ်ခင်တဲ့ မျက်လုံးတွေနဲ့ ကြည့်လို့ရှုလို့ နေကြရဲ့မို့လား"လို့ မေးတော်မူပါတယ်။

"အရှင်အနုရုဒ္ဓါက မြတ်စွာဘုရား ! တပည့်တော်တို့ ညီညွတ်ကြပါဘုရား၊ ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြရပါဘုရား၊ ဆန့်ကျင်ဘက်စကား မပြောကြပါဘုရား၊ နို့နဲ့ရေရောထားသလို တစ်ဦးနဲ့တစ်ဦး မေတ္တာမျက်လုံးတွေနဲ့ မေတ္တာသက်ဝင် ချစ်ခင်တဲ့မျက်လုံးတွေနဲ့ ကြည့်လိုသာ နေကြပါဘုရား"လို့ ပြန်ကြားလျှောက်ထားပါတယ်။

"နောက် ဆက်ပြီးတော့ မြတ်စွာဘုရားက အနုရုဒ္ဓါတို့! သင်တို့ဟာ ဘယ်လို ညီညွတ်ကြတာလဲ၊ ဘယ်လို ဝမ်းမြောက်ကြရတာလဲ၊ ဘယ်လို ဆန့်ကျင်ဘက်စကား မပြောကြရတာလဲ၊ နို့နဲ့ရေရောထားသလို တစ်ပါးနဲ့တစ်ပါး မေတ္တာမျက်လုံးတွေနဲ့ မေတ္တာသက်ဝင် ချစ်ခင်တဲ့ မျက်လုံး

တွေနဲ့ ဘယ်လို ကြည့်ရှုကာ နေကြပါသလဲလို့" မေးတော်မူ ပြန်ပါတယ်။

## မျက်မှောက်မျက်ကွယ် မေတ္တာတွေပါ

မြတ်စွာဘုရား ! တပည့်တော်တို့မှာ အခုလို အကြံ ဖြစ်ကြပါတယ်ဘုရား။ "ငါဟာ ဒီလိုသဘောရှိတဲ့ စိတ်သဘောထားဖြူစင်တဲ့ သီတင်းသုံးဖော်ရဟန်းတော်တွေနဲ့ အတူနေ,နေရတယ်၊ ဒီလို အတူတူနေရခြင်းဟာ ငါ့မှာ အရတော်ပေစွ၊ ငါ့ဘဝ ကောင်းစွာ အရတော်ပါပေစွလို့" ဝမ်းသာမှုကြည်နူးမှုဖြစ်ရပါကြောင်း အားရဝမ်းသာ လျှောက်ထားကြပါတယ်။

မြတ်စွာဘုရား ! ဤအရှင်မြတ်နှစ်ပါးတို့အပေါ်မှာ တပည့်တော်ရဲ့ ကာယကံမေတ္တာဟာ မျက်မှောက်မှာရော မျက်ကွယ်မှာပါ ရေးရှုတည်နေပါတယ်။ ဝစီကံမေတ္တာ လည်း မျက်မှောက်မှာရော မျက်ကွယ်မှာပါ ရှေးရှုတည်နေ ပါတယ်။ မနောကံမေတ္တာလည်း မျက်မှောက်မှာရော မျက်ကွယ်မှာပါ ရှေးရှုတည်နေပါတယ်။

မြတ်စွာဘုရား ! တပည့်တော်အား ဒီလိုအကြံ ဖြစ်ပါတယ်ဘုရား။ "ငါဟာ ငါ့ရဲ့စိတ်ကို ငါ့ရဲ့အကြိုက်ကို ငါ့ရဲ့သဘောကို ဘေးဖယ်ထားမယ်။ ဤအရှင်မြတ်နှစ်ပါး တို့ရဲ့ အလိုသို့သာ အကြိုက်သို့သာ လိုက်ရရင် ကောင်းမှာပဲ"လို့

ကြံစည်မိပါတယ်၊ စဉ်းစားမိပါတယ်။

မြတ်စွာဘုရား ! အဲဒီလို စဉ်းစားကြံစည်တဲ့အတိုင်း တပည့်တော် မိမိရဲ့စိတ်ကို ချထားပါတယ်၊ ဘေးဖယ်ထားပါတယ်။ ဤအရှင်မြတ်နှစ်ပါးတို့ရဲ့ စိတ်အလိုအတိုင်းသာ လိုက်ပါတယ်ဘုရား၊ အကြိုက်တိုင်းသာ လိုက်ပါတယ်ဘုရား၊ တပည့်တော်ရဲ့ ခန္ဓာကိုယ်ကသာ အမျိုးမျိုးဖြစ်ပါတယ်၊ စိတ်ကတော့ တစ်စိတ်ထည်းပါဘုရား-လို့ လျှောက်ထားပါတယ်။

ဒါကြောင့် ရှေးလူကြီးသူမတွေက **"နှစ်ကိုယ် တစ်စိတ်"**လို့ မြန်မာမှုပြုကြတာပါ။ ဘယ်လို မြန်မာမှု ပြုကြပါသလဲ?

"နှစ်ကိုယ် တစ်စိတ်ပါဘုရား"။

အရှင်နန္ဒိယကလည်း အခု အရှင်အနုရုဒ္ဓါလျှောက် သလို ဒီအတိုင်းပဲ လျှောက်ထားပါတယ်။ တသဘောထည်း လျှောက်ထားပါတယ်။

အရှင်ကိမိလကလည်း အရှင်အနုရုဒ္ဓါနဲ့အရှင်နန္ဒိယ တို့နှစ်ပါး လျှောက်သလို ဒီအတိုင်းပဲ လျှောက်ထားပါတယ်၊ တစ်သဘောတည်း လျှောက်ထားပါတယ်။

## သာသနာရဲ့အသက်

ဦးဇင်းတို့ဗုဒ္ဓစာပေမှာ "**ဝိနယောနာမ ဗုဒ္ဓသာသ နဿ အာယု**"တဲ့။ ဝိနည်းဆိုတာ မြတ်စွာဘုရားရှင်၏ သာသနာတော်ရဲ့ အသက်ပါတဲ့၊ သူတော်စင်တို့ ဘာတဲ့လဲ?

"ဝိနည်းဆိုတာ မြတ်စွာဘုရားရှင်၏ သာသနာတော် ရဲ့ အသက်ပါဘုရား"။

ဒါကြောင့် လိုက်ဆိုလိုက်ပါ

**ဝိနည်းဆိုတာ ၊ မှတ်ကြပါ၊ သာသနာရဲ့အသက်ပါ၊**

(၃-ခေါက်ဆိုကြပါ)

ဒီလင်္ကာမှာ"မှတ်ကြပါ"ဆိုတာ သူတော်စင်တို့တွေ မြတ်စွာဘုရားရှင်၏ သာသနာတော်ရဲ့ အသက်ဖြစ်တဲ့ ဝိနည်းကို ဝိနည်းအကြောင်းကို သင်ယူကြပါ၊ လေ့လာကြပါ၊ ဖတ်ရှုကြပါ၊ မှတ်သားကြပါလို့ ဆိုလိုပါတယ်။ လူတွေ ဝိနည်းနားလည်တော့ ဆရာတော်တွေမှာ ပိုပြီးတော့ အပြစ် ကင်းတာပေါ့၊ သန့်ရှင်း စင်ကြယ်တာပေါ့။

ဒါကြောင့် ဦးဇင်းတို့ သူတော်စင်တို့ရဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရဲ့ ဦးတည်ချက်က "**သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး**"တဲ့၊ မြတ်ဗုဒ္ဓရဲ့ သာသနာတော်ဟာ----

၁။ သန့်ရှင်းရမယ်၊

၂။ တည်တံ့ရမယ်၊
၃။ ပြန့်ပွားရမယ်၊
ဗုဒ္ဓစာပေမှာ '**ဝိနယော ဋ္ဌိတေ သာသနံ ဋ္ဌိတံ**' တဲ့။
ဝိနည်းတည်ရင် သာသနာတည်ပြီတဲ့၊ ဘာတဲ့လဲ?
"ဝိနည်းတည်ရင် သာသနာတည်ပြီပါဘုရား"။

## ဓမ္မကကံလေးမျိုး

ကဲ ကြုံတုံးဆုံတုံး၊ အကြောင်းတိုက်ဆိုင်တုန်း ဓမ္မကကံ တရားသဖြင့်ပြုရတဲ့ကံလေးမျိုးအကြောင်း ပြောပြပါဦးမယ်။

**၁။ အပလောကနကံ၊**
**၂။ ဉတ္တိကံ၊**
**၃။ ဉတ္တိဒုတိယကံ၊**
**၄။ ဉတ္တိစတုတ္ထကံ**-လို့ ကံလေးမျိုးရှိပါတယ်။

**အပလောကနကံ**-ဆိုတာ ညီညွတ်တဲ့သံဃာတော် ၏ ခွင့်ပြုချက်နဲ့ ဖြစ်ပေါ်လာတဲ့ အကြောင်းကိစ္စတစ်ခုခုကို သံဃာ့အလယ်မှာ လျှောက်ထားရတာပါ။

ဘယ်လိုလျှောက်ရသလဲလို့ဆိုရင် "ရုစ္စတိ သံဃဿ" သံဃာအား နှစ်သက်ပါသလား၊ သဘောတူပါသလား၊ သဘောတူက ဆိတ်ဆိတ်နေတော်မူကြပါဘုရား-လို့ သုံးကြိမ်သုံးခါ သံဃာအား ပန်ကြားလျှောက်ထားပြီးတော့ ပြုလုပ်ရတဲ့ကံကို "**အပလောကနကံ**"လို့ ခေါ်ပါတယ်။

**ဥဒ္ဒကံ** - ဆိုတာ သံဃာတော်၏ခွင့်ပြုချက်ဖြင့် ဥတ်တစ်ကြိမ်နဲ့ပြုလုပ်ရတဲ့ကံကို "**ဥဒ္ဒကံ**"လို့ခေါ်ပါ တယ်။

ဦးဇင်းတို့ လစဉ်လစဉ် လပြည့်နေ့တိုင်း လကွယ်နေ့ တိုင်း သံဃာတော်တွေ သိမ်ထဲမှာသွားပြီး ဥပုသ်ပြုကြ ပါတယ်။ အဲဒီ ဥပုသ်ပြုကြတဲ့အခါ သံဃာလေးပါးကနေ လေးပါးရဲ့ အထက်မှာရှိကြတဲ့ ကျောင်းတိုက်တိုင်းမှာ သုဏာတု မေ ဘန္တေ သံဃော-စသည်ဖြင့် ဥတ်တစ်ကြိမ် ထားပြီး ဥပုသ်ပြုရပါတယ်။

**ဥဒ္ဒဒုတိယကံ** - ဆိုတာ ဥတ်ကတစ်ကြိမ် ကမ္မဝါ စာကတစ်ကြိမ် ပေါင်းလိုက်တော့--

"နှစ်ကြိမ်ပါဘုရား"၊

အေး အဲသလို ဥတ်တစ်ကြိမ် ကမ္မဝါစာတစ်ကြိမ် ပေါင်းလိုက်တော့ နှစ်ကြိမ်နဲ့ပြုလုပ်ရတဲ့ကံကို "**ဥဒ္ဒဒုတိယ ကံ**"လို့ ခေါ်ပါတယ်။

သူတော်စင်တို့အမြင်ပဲလေ။ သိမ်နှုတ်တဲ့အခါ သိမ် သမုတ်တဲ့အခါ ထုံးကြောင်းလေးတွေ ထုံးကွက်လေးတွေ ထဲမှာ သံဃာတော်တွေနေပြီးတော့ ကမ္မဝါစာရွတ်ဖတ် ရတာ မမြင်ဘူးကြဘူးလား?

"မြင်ဘူးပါတယ် ဘုရား"၊

အဲဒီ သိမ်နှုတ်,သိမ်သမုတ် ကမ္မဝါစာရွတ်တဲ့အခါ ပြုလုပ်တဲ့အခါ ဥတ်တစ်ကြိမ်နဲ့ ကမ္မဝါစာတစ်ကြိမ် အားလုံး နှစ်ကြိမ်ရွတ်ဖတ်ရပါတယ်။

**ဥတ္တိစတုတ္ထကံ**-ဆိုတာ ဥတ်ကတစ်ကြိမ်၊ ကမ္ဗဝါ စာသုံးကြိမ် ပေါင်းလိုက်တော့--

"လေးကြိမ်ပါဘုရား"၊

အေး-- အဲသလို ဥတ်တစ်ကြိမ် ကမ္ဗဝါစာသုံးကြိမ် အားလုံးပေါင်းလိုက်တော့ လေးကြိမ်နဲ့ပြုလုပ်ရတဲ့ကံကို "**ဥတ္တိစတုတ္ထကံ**"လို့ ခေါ်ပါတယ်။

ရဟန်းခံ ၊ရှင်ပြုအလှူတော်မင်္ဂလာ ပြုလုပ်ကြတဲ့အခါ မှာဖြစ်စေ၊ သင်္ကြန်စတဲ့အချိန်အခါတွေမှာဖြစ်စေ၊ ရဟန်းခံ သိမ်ဝင်နေတာတွေကို မမြင်ဘူးကြဘူးလား?

"မြင်ဘူးပါတယ်ဘုရား"၊

အေး-- အဲဒီ ရဟန်းခံတဲ့ကံ ဥပသမ္ပဒကံဟာ 'ဥတ္တိ စတုတ္ထကံ'ဖြစ်ပါတယ်။

အခုပြောပြခဲ့တာဟာ ဝိနည်းမှာလာတဲ့ ဝိနည်း တရားနဲ့အညီ ပြုလုပ်ရတဲ့ ကံလေးမျိုးတို့ရဲ့အကြောင်းကို ဗဟုသုတဖြစ်ဖွယ် ပြောပြရခြင်းပါ။

အဲဒီ ကံလေးမျိုးထဲမှာ ဦးဇင်းတို့ကျောင်းတိုက်ဆိုပါစို့၊ တကယ်တော့ ဦးဇင်းတို့ကျောင်းတိုက်တင်မကပါဘူး၊ ဦးဇင်း တို့ မြန်မာနိုင်ငံတော် တစ်နိုင်ငံလုံးမှာ ရှိကြတဲ့ ကျောင်းတိုက် တွေလဲ ဒီအတိုင်းပါပဲ။ မြတ်စွာဘုရားရှင်ရဲ့ တစ်သာသနာ လုံး ဒီအတိုင်းပါပဲ။ အခု ဦးဇင်းပြောပြမဲ့အတိုင်းပါပဲ။

ဦးဇင်းတို့ မြတ်စွာဘုရားရှင် ပညတ်တော်မူထားတဲ့

ဝိနည်းဥပဒေတော်မှာ **"အပလောကနကံ"**တဲ့။ ဘာကံ တဲ့လဲ?၊
"အပလောကနကံ ပါဘုရား"။

## အပလောကနကံ

အပလောကနကံကို ပေါ်လွင်အောင် ထင်ရှားအောင် ထပ်ပြောရရင် ဦးဇင်းတို့ကျောင်းတိုက်မှာ ဝါဆိုတဲ့အချိန် ဝါဆိုသင်္ကန်းကပ်တဲ့အခါမှာ သင်္ကန်းမျိုးစုံပါပါ တယ်။ ဈေးနဲတဲ့ တရုတ်တက်ထရွန်တို့ တရုပ်စိဝိုင်စီတို့ ပါတယ်၊ သရီးရိုင်ဖယ်၊ သရီးသုံးလုံး ဗိုလ်မစီဝိုင်စီစတဲ့ ဈေးတန်တဲ့သင်္ကန်းတွေ လည်းပါပါတယ်။

သံဃာတော်(၂၀၀)ပါးကို လှူတဲ့အခါ မညီမျှပါဘူး၊ မဲစနစ်နဲ့ လုပ်ရပါတယ်၊ မဲချပါတယ်။ အဲ- မဲချမလှူခင်မှာ မှန်ကင်းရိပ်သာဆရာတော်ကြီးက--

"သံဃာတော်အရှင်မြတ်တို့ဘုရား ! ယခုရလာတဲ့ ဝါဆိုသင်္ကန်းများဟာ တန်ဖိုးချင်း မတူကြပါဘူးဘုရား၊ တစ်ချို့က ငါးထောင်တန်၊ တစ်ချို့က တစ်သောင်းတန်၊ တစ်ချို့က နှစ်သောင်းကျော်တန်ဖြစ်ပါတယ်ဘုရား၊ တစ်ချို့မဲမှာ အပေါ်တင်တွေလဲပါပါတယ်ဘုရား။

အခုလိုတန်ဖိုးချင်းမတူတဲ့အတွက် မဲချလှူဒါန်း တာကို သဘောမတူက သဘောမတူကြောင်း မိန့်တော်မူကြ ပါဘုရား။ သဘောတူက ဆိတ်ဆိတ်နေတော်မူကြပါဘုရား"လို့

သုံးကြိမ်သုံးခါ သံဃာများအား လျှောက်ထားရပါတယ်၊ သံဃာအား ပန်ကြားရပါတယ်။

အဲသလို သံဃာအား ပန်ကြားလျှောက်ထားတဲ့ အခါ သံဃာတော်များက ဆရာတော်ကြီး လုပ်တာ,ကိုင်တာ, စီမံတာကို မဲချတာကို သဘောတူတဲ့အတွက်ကြောင့် ဆိတ်ဆိတ် နေတော်မူကြပါတယ်။

ဒါ '**နှစ်ကိုယ်တစ်စိတ်**' ဆိုသလို သံဃာတော်များရဲ့ ခန္ဓာကိုယ်ဟာ နှစ်ရာရှိနေပေမဲ့ စိတ်ကတော့ တစ်စိတ်တည်း ဖြစ်နေပါတယ်။ သဘောချင်း,ဆန္ဒချင်း,စိတ်ချင်း တူညီနေ ကြပါတယ်။

ဒါကြောင့် အပလောကနကံဖြင့် ပန်ကြားပြီး ဆောင် ရွက်တဲ့အခါ စိတ်တူ ဆန္ဒတူ သဘောတူကြတာပဲ များပါ တယ်။

## နို့နဲ့ရေ ရောထားသလို

အရှင်အနုရုဒ္ဓါတို့သုံးပါး ညီညွတ်ကြပုံ, စိတ်တူ, ဆန္ဒတူ ရှိကြပုံတွေကို မြတ်စွာဘုရားအား လျှောက်ထား တဲ့အကြောင်း ပြောနေတာပါ။

မိမိရဲ့စိတ်၊ မိမိရဲ့သဘောထား၊ မိမိရဲ့အလိုဆန္ဒ၊ မိမိရဲ့ အကြိုက်တွေကို ဘေးချထားတယ်၊ ဘေးဖယ်ထားတယ်၊ ကျန်တဲ့ အရှင်မြတ်နှစ်ပါးရဲ့ စိတ်သဘောထားအတိုင်းသာ အလိုဆန္ဒ အတိုင်းသာ အကြိုက်အတိုင်းသာ လိုက်ပါတယ်။

## အရှင်ကုဏ္ဍဓါနဘိဝံသ

အခုပြောပြခဲ့တဲ့အတိုင်း အရှင်အနုရုဒ္ဓါတို့သုံးပါးက တစ်ပါးစီ မြတ်စွာဘုရားအား လျှောက်ထားကြပါတယ်၊ သူတို့သုံးပါးစလုံး လျှောက်ထားခဲ့တဲ့အတိုင်း ညီညွတ်ကြပါကြောင်း ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြရပါကြောင်း တစ်ပါးနဲ့တစ်ပါး ဆန့်ကျင်ဘက်စကား မပြောကြရပါ ကြောင်း၊ နို့နဲ့ရေ ရောထားသလို တစ်ပါးနဲ့တစ်ပါး မေတ္တာ မျက်လုံးတွေနဲ့ မေတ္တာသက်ဝင်ချစ်ခင်တဲ့မျက်လုံးတွေနဲ့ ကြည့်ရှုလို့နေကြရ ပါကြောင်း လျှောက်ထားကြပါတယ်။

### မမေ့မလျော့ မပေါ့မဆ

မြတ်စွာဘုရားက ဆက်ပြီးတော့ မေးတော်မူပါသေးတယ်။

အနုရုဒ္ဓါတို့ သင်တို့ဟာ မမေ့မလျော့ မပေါ့မဆ နေကြရရဲ့လား၊ ကိလေသာတွေကို ပူပန်စေတတ်တဲ့စိတ်နဲ့ နေကြရရဲ့လား၊ ကိုယ်နဲ့အသက်ကို မငဲ့ကွက်ပဲ နိဗ္ဗာန်သို့ စေလွှတ်အပ်တဲ့စိတ်နဲ့ နေကြရရဲ့လားလို့ မေးတော်မူ ပါတယ်။

မြတ်စွာဘုရား ! တပည့်တော်တို့ဟာ မမေ့မလျော့ မပေါ့မဆနဲ့ နေကြရပါဘုရား။ ကိလေသာတွေကို ပူပန်စေ တတ်တဲ့စိတ်နဲ့ နေကြရပါအရှင်ဘုရား။ ကိုယ်နဲ့အသက်ကို မငဲ့ကွက်ပဲ နိဗ္ဗာန်သို့ စေလွှတ်အပ်တဲ့စိတ်နဲ့ နေကြရပါ အရှင်ဘုရားလို့ ပြန်ပြီး လျှောက်ကြပါတယ်။

## ချမ်းသာကြောင်းလေးပါး

ဒီနေရာမှာ မှတ်သားဖွယ်ကောင်းလွန်းလို့ အကျဉ်း မချုံးပဲ စာလာ၊ပေလာအတိုင်းပဲ ပြောပြပါမယ်။

မြတ်စွာဘုရားက ဆက်ပြီးတော့ အနုရုဒ္ဓါတို့ ! သင်တို့ ဘယ်လိုဘယ်လို မမေ့မလျော့ မပေါ့မဆ နေကြသလဲ၊ ဘယ်လိုကိလေသာတွေကို ပူပန်စေတတ်တဲ့စိတ်နဲ့ နေကြ သလဲ၊ ဘယ်လို ကိုယ်နဲ့အသက်ကို မငဲ့ကွက်ပဲ နိဗ္ဗာန်သို့ စေလွှတ်အပ်တဲ့ စိတ်နဲ့ နေကြသလဲလို့ မေးတော်မူပြန်ပါတယ်။

## အပိုစကား မပြောကြ

အရှင်ဘုရား တပည့်တော်တို့သုံးပါးထဲမှာ ရွာမှ ဆွမ်းခံအရင်ပြန်ကြွလာသောရဟန်းက နေရာခင်းပါတယ် ဘုရား။ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အဆင်သင့် ထားပါတယ်ဘုရား။ ဆွမ်းကျန်ထည့်ဘို့ရန် ခွက်ကို ဆေးကြောပြီး အဆင်သင့်ထားပါတယ်ဘုရား။ သောက်ရေသုံးရေ ခပ်ထား ပါတယ်ဘုရား။

ဆွမ်းခံရာမှ နောက်ဆုံးပြန်ကြွလာသောရဟန်းက ဆွမ်းကျန်ထည့်ထားတဲ့ခွက်မှဆွမ်းကို လိုအပ်ရင် ယူဘုဉ်း ပေးပါတယ်ဘုရား။ အလိုမရှိတော့ရင် စိမ်းစိုသော မြက် သစ်ပင်မရှိတဲ့နေရာမှာ စွန့်ပစ်ပါတယ်ဘုရား၊ ပိုးကောင်ယ် မရှိတဲ့ရေထဲမှာ မျှောလိုက်ပါတယ်ဘုရား။

ထိုရဟန်းက နေရာထိုင်ခင်း သိမ်းပါတယ်အရှင်ဘုရား။

ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိမ်းပါတယ်ဘုရား။ ဆွမ်းပိုထည့်စရာခွက်ကို ဆေးကြော သိမ်းဆည်းပါတယ်ဘုရား။ သောက်ရေအိုး သုံးရေအိုးကို သိမ်းပါတယ်ဘုရား။ ဆွမ်းစားကျောင်းကို တံမြက်စည်းလှည်း ပါတယ်အရှင်ဘုရား။

အခု ဦးဇင်းပြောခဲ့တာက အားလုံး ဆွမ်းခံပြန် ဆွမ်း စားပြီးတဲ့အခါ နောက်ဆုံးကျတဲ့ရဟန်းတော်က ဆွမ်း ကျောင်းသုံးပစ္စည်းတွေကို သိမ်းဆည်းပုံလေးတွေပါ။

သောက်ရေအိုး သုံးရေအိုး ကုဋီမှာသုံးတဲ့အိုး ရေနည်း နေမယ်ဆိုရင် ရေမရှိဘူးဆိုရင် တွေ့တဲ့မြင်တဲ့ရဟန်းက ခပ်ပါတယ်။ အဲဒီရဟန်းက တစ်ပါးတည်း ရေအိုးကို မ,မနိုင် ဘူးဆိုပါတော့ လက်အမူအရာနဲ့ လက်ယပ်ပြီး အခြား ရဟန်းတစ်ပါးကို ခေါ်ပါတယ်။ နှစ်ပါး လက်ယှက်ပြီး မကြပါတယ်အရှင်ဘုရား။

မြတ်စွာဘုရား! တပည့်တော်တို့သည် ရေအိုးကို နှစ်ပါးမ,ရတဲ့အခါ စကားမပြောကြပါဘုရားလို့ လျှောက် ထားကြပါတယ်။

## ညလုံးပေါက် တရားဆွေးနွေး

ဆက်လက်ပြီးတော့ မြတ်စွာဘုရား ! တပည့်တော် တို့သည် ငါးရက်တစ်ကြိမ် ညလုံးပေါက် တရားဆွေးနွေး

ကြပါတယ်အရှင်ဘုရား။

မြတ်စွာဘုရား ! တပည့်တော်တို့သည် ယခုတင်ပြခဲ့တဲ့အတိုင်း မမေ့မလျော့မပေါ့မဆ နေကြပါအရှင်ဘုရား။ ကိလေသာတွေကို ပူပန်စေတတ်တဲ့စိတ်နဲ့ နေကြပါ အရှင်ဘုရား။ ကိုယ်နဲ့အသက်ကို မငဲ့ကွက်ပဲ နိဗ္ဗာန်သို့စေလွှတ်အပ်တဲ့စိတ်နဲ့ နေကြပါအရှင်ဘုရား''လို့ မြတ်စွာဘုရားအား ရိုသေလေးစားစွာ လျှောက်ထားကြပါတယ်။

အခု ဦးဇင်းဟောပြခဲ့တဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် အရှေ့ဝါးတောကြွတော်မူတဲ့အခန်းဟာ မြတ်စွာဘုရားရဲ့ သားတော်များဖြစ်ကြတဲ့ အရှင်အနုရုဒ္ဓါ, အရှင် နန္ဒိယ, အရှင်ကိမိလတို့ ညီတော်,နောင်တော်သုံးပါး ညီညီ ညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံးနဲ့ တစ်ပါးနဲ့တစ်ပါး ချစ်ချစ် ခင်ခင် ကြင်ကြင်နာနာနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ ရဟန်းတရား အားထုတ်နေကြပုံဖြစ်ပါတယ်။

အခုလို မြတ်စွာဘုရားရဲ့ သားတော်သံဃာတော်တွေ ညီညီညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံးနဲ့ တစ်ပါးနဲ့တစ်ပါး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ ရဟန်းတရားအားထုတ်ကြပြီဆိုရင် ပရိယတ်,ပဋိပတ် သာသနာ့တာဝန်နှစ်ရပ်ကို အားသွန်ကြိုးပမ်း ထမ်းဆောင် နေကြပြီဆိုရင် ချမ်းသာကြောင်းဆိုတာ အထူးပြောစရာ တောင် မလိုတော့ပါ။

ဦးဇင်းတို့သံဃာတော်တွေ ဥပုသ်, ပဝါရဏာစသော

သံဃာ့ကံတွေ ပြုပြီဆိုပါတော့။ အဲဒီလို သံဃာ့ကံတွေ ပြုတဲ့အခါမှာ

**'ကာယသာမဂ္ဂီ'** ကိုယ်အားဖြင့် ညီညွတ်ခြင်း၊

**'စိတ္တသာမဂ္ဂီ'** စိတ်အားဖြင့်ညီညွတ်ခြင်းဆိုတဲ့ ညီညွတ်ခြင်းနှစ်မျိုးရှိပါတယ်။

ဦးဇင်းတို့ သံဃာတော်တွေ သိမ်ထဲမှာသွားပြီးတော့ ရဟန်းခံတယ်၊ သို့မဟုတ် ဥပုသ်ပြုတယ်ဆိုပါတော့၊ သံဃာတော်တွေ တစ်ပါးနဲ့တစ်ပါး နှစ်တောင်ထွာဟတ္ထပါသ် အတွင်းမှာ နေကြရပါတယ်၊ တစ်ပါးနဲ့တစ်ပါး နှစ်တောင် ထွာထက် ဝေးကွာပြီးတော့ မနေရပါဘူး။ အဲဒါကို **'ကာယသာမဂ္ဂီ'** ကိုယ်အားဖြင့် ညီညွတ်ခြင်းလို့ဆိုပါတယ်။

'စိတ္တသာမဂ္ဂီ' စိတ်အားဖြင့် ညီညွတ်ခြင်းဆိုတာ သံဃာ့ကံတွေကို သံဃာတော်တွေအားလုံး သဘောတူကြရပါတယ်၊ ဆန္ဒတူကြရပါတယ်။ အဲသလို စိတ်တူ ဆန္ဒတူ ဖြစ်ခြင်းကို **'စိတ္တသာမဂ္ဂီ'** စိတ်အားဖြင့် ညီညွတ်ခြင်း လို့ဆိုပါတယ်။

## ကွဲပြားပြီဆိုရင်

ဦးဇင်းတို့ စာသင်တိုက်တွေဆိုပါတော့၊ ရာချီ ထောင်ချီရှိတဲ့သံဃာတော်တွေအားလုံး(ကျောင်းဆောင်တစ်ဆောင်ထဲမှာ ဓမ္မာရုံကြီးထည်းမှာ)စုပေါင်းပြီးတော့ ညီညီ ညွတ်ညွတ်

စည်းစည်းလုံးလုံးနဲ့ မိသားစုစိတ်ဓာတ်အပြည့်နဲ့ အတူ ဆွမ်းစားကြပါတယ်၊ ဘုရားဝတ်တက်ကြပါတယ်၊ စာအံ စာကျက်ကြပါတယ်၊ သံဃာကိစ္စအဝဝကို ပြုလုပ် ကြပါတယ်။ အဲသလို သံဃာတော်တွေ ညီညွတ်ပြီဆိုရင် ချမ်းသာကြောင်း ပါတဲ့။

ညီညွတ်ခြင်းရဲ့ဆန့်ကျင်ဘက် သံဃာတော်တွေ ကွဲပြားနေပြီ ခိုက်ရန်ဖြစ်နေပြီဆိုရင် ဆင်းရဲကြောင်းပေါ့။

အော် သံဃာတွေအချင်းချင်း ဆင်းရဲဒုက္ခတွေ ခံစားရ တယ်ဆိုရင် ကိုးကွယ်တဲ့ ဒကာ၊ဒကာမတွေငဲ ဆင်းရဲ ဒုက္ခတွေ ခံစားရပါတယ်။ သံဃာတော်တွေကွဲပြီဆိုရင် ဘယ်လိုလဲဆိုရင် နတ်တွေတောင် ကွဲပြီးတော့သွားတာတဲ့။ အေး- သူ့ဘက် ကိုယ့်ဘက် ကွဲပြီးတော့သွားတာတဲ့။

ဒါ ကြောင့်မို့ သံဃာတော်တွေ ညီညွတ်ခြင်းဟာလဲ ချမ်းသာကြောင်းပါပဲ။

အဲဒီမှာ သံဃာဆိုတာ ဦးဇင်းတို့ သံဃာတော်တွေ ကိုလည်း ပြောလို့ရပါတယ်။ တနည်းအားဖြင့် သံဃာဆိုတာ အသင်းအဖွဲ့ အစုအဖွဲ့ကိုလည်း သံဃာလို့ ခေါ်ပါတယ်။

ကဲ- ဆိုပါတော့၊ အိမ်မှာ မိသားစုတစ်စုဆိုပါတော့၊ အဲဒီမိသားစုတွေ ညီအစ်ကိုမောင်နှမတွေ အချင်းချင်း မိဘနဲ့ သားသမီးတွေအားလုံး အကုန်လုံး ညီညွတ်နေကြပြီဆိုရင် ညီညွတ်ခြင်းသည် ချမ်းသာ၊ ညီညွတ်ခြင်းဟာဘာတဲ့လဲ?

"ချမ်းသာပါဘုရား"။

ညီညွတ်ခြင်းသည် ချမ်းသာနော်။

ထို့အတူပဲ နိုင်ငံတစ်နိုင်ငံဟာ ဦးဇင်းတို့ သူတော်စင်တို့အနေနဲ့ဆိုရင် ဦးဇင်းတို့သူတော်စင်တို့ရဲ့ မြန်မာနိုင်ငံ တော်ဟာ နိုင်ငံသူနိုင်ငံသားတွေအားလုံး ညီညီညွတ်ညွတ် ရှိကြတယ် စည်းစည်းလုံးလုံးရှိကြတယ်ဆိုရင် ချမ်းသာ ကြောင်းပေါ့။

အဲ- ညီညွတ်ခြင်းရဲဆန့်ကျင်ဘက် ကွဲပြားနေကြပြီ တိုက်နေကြ၊ ခိုက်နေကြပြီဆိုရင် ဆင်းရဲကြောင်းဆိုတာ အထူးပြောစရာ မလိုတော့ပါဘူး။

## ဆောင်ရန် ရှောင်ရန်

ဒီနေရာမှာ ဇာတကအဋ္ဌကထာ ပထမအုပ်မှာ လာရှိတဲ့ သမ္မောဒမာနဇာတ်တော်အကြောင်း ပြောပြပါဦးမယ်။

ဦးဇင်းတို့မြတ်စွာဘုရားဟာ ကိုယ်တော်မြတ်ရဲ့ မွေးရပ်မြေဖြစ်တဲ့ ကပိလဝတ္ထုမြို့တော်မှာ သီတင်းသုံးတော်မူစဉ်အချိန်ကဖြစ်ပါတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က ဆွေတော်မျိုးတော်တို့ကို အစည်းအဝေး ခေါ်တော်မူပါတယ်။ အဲဒီအစည်းအဝေးမှာ-

သာကီဝင်မင်းတို့ ! ဆွေတော်မျိုးတော်တို့ရဲ့ အချင်းချင်းငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်းဆိုတာ မသင့်လျော်ပါ။ ရှေးတုန်းက တိရစ္ဆာန်တွေသော်မှ ညီညွတ်တဲ့အခါ ရန်သူကို

အောင်နိုင်ကြပါတယ်၊ ချမ်းချမ်းသာသာ နေကြရပါတယ်။

ငြင်းခုံကြတဲ့အခါ ခိုက်ရန်ဖြစ်ကြတဲ့အခါ မညီညွတ်ကြတဲ့အခါမှာတော့ မရှုမလှ ပျက်စီးကြရပါတယ်လို့ သတိရှိရှိ ဆောင်ရန်၊ ရှောင်ရန်တို့ကို အတုယူကျင့်သုံးနိုင်ရန် သင်ခန်းစာယူနိုင်ရန် အခုလို မိန့်ကြားတော်မူပါတယ်။

## သမ္မောဒမာနဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်းတိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့အချိန်ဖြစ်ပါတယ်။ ဘုရားအလောင်းတော်ဟာ ငုံးမျိုးမှာဖြစ်ပါတယ်၊ အထောင်မကသော ငုံးများခြံရံကာ တောထဲမှာနေပါတယ်။

အဲဒီအခါ မုဆိုးတစ်ယောက်ဟာ ငုံးတွေရဲ့နေရာသို့ ရောက်လာပါတယ်။ မုဆိုးက ငုံးတွန်သံပေးတဲ့အခါ ငုံးတွေ စုဝေးညီညာရောက်လာကြပါတယ်။ မုဆိုးက ငုံးတွေရဲ့ အပေါ် ပိုက်ကွန်နဲ့ ပစ်အုပ်ဖမ်းယူပြီး ငုံးတွေကို တောင်းထဲ မှာထည့်ကာ အိမ်ယူသွားပါတော့တယ်။ ငုံးတွေကိုရောင်းပြီး အသက်မွေးဝမ်းကျောင်းပြုပါတယ်။

## ဘုရားလောင်းငုံးရဲ့ လမ်းညွှန်ချက်

တစ်နေ့တော့ ဘုရားလောင်းက ငုံးတွေကို အခုလို ပြောပြပါတယ်။

''ဒီမုဆိုးက ဒို့ရဲ့ဆွေမျိုးတွေကို သတ်ဖြတ်နေပါတယ်၊ မုဆိုးက ဒို့ရဲ့ဆွေမျိုးတွေကို မသတ်နိုင်တဲ့နည်းလမ်း ရှိပါတယ်။ ဒီနေ့မှစ၍ မုဆိုးက ပိုက်ကွန်နဲ့ ပစ်အုပ်ဖမ်းယူတဲ့ အခါ ငုံးတွေအားလုံး ပိုက်ကွန်ရဲ့အပေါက်လေးတွေထဲ ခေါင်းကိုယ်စီ လျှိုကြပါ၊ ပိုက်ကွန်ကို အားလုံး ညီညီ ညွတ်ညွတ် ချီမကြပါ၊ ချုံတစ်ချုံပေါ်သို့ချထားကြပါ။ အဲသလို ချုံပေါ်သို့ချထားပြီး အောက်ကနေထွက်ကာ လိုရာသို့သွား ကြပါလို့ ပြောပြပါတယ်။

ဘုရားလောင်းငုံး လမ်းညွှန်တဲ့အတိုင်း ငုံးအပေါင်းက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး တက်ညီလက်ညီ ဆောင်ရွက်ကြတဲ့အခါ ပိုက်ကွန်အတွင်းမှ လွတ်မြောက်ကြရ ပါတယ်၊ အသက်ချမ်းသာရာ ရကြပါတယ်။

ဦးဇင်းတို့ သူတော်စင်တို့တတွေ အရာရာမှာ အမြော်အမြင်ဆိုတာ ရှိသင့်ပါတယ်၊ အသိဉာဏ်ပညာဆိုတာ ရှိသင့်ပါတယ်။ဘုရားလောင်းငုံးဟာ အမြော်အမြင်ရှိတဲ့အတွက် ကြောင့် အသိဉာဏ်ပညာရှိတဲ့အတွက်ကြောင့် ငုံးအပေါင်း ကို ဆွေတော်မျိုးတော်အပေါင်းကို အသက်အန္တရာယ်ကနေ လွတ်အောင် ဦးဆောင်နိုင်ခဲ့ပါတယ်၊ လမ်းညွှန်နိုင်ခဲ့ ပါတယ်။

## မယားငယ်များ ရှိနေသလား

ငှက်မုဆိုးဟာ ဆူးချုံပေါ်မှာ ပိုက်ကွန်ကိုဖြေနေရတာ ချွေးဒီးဒီးကျနေပါတော့တယ်၊ မိုးချုပ်သွားပါတော့တယ်၊

လက်ချည်းသာ အိမ်ပြန်သွားရပါတော့တယ်။ နောက်နေ့ နောက်နေ့တွေမှာလဲ ဒီအတိုင်းသာဖြစ်ပါတယ်၊ လက်ချည်း သာ အိမ်ပြန်ပြန်သွားရပါတယ်။ အဲဒီအခါ အိမ်ကဇနီးက မကြည်တော့ပါ။

"ရှင်ဟာ နေ့တိုင်း၊ နေ့တိုင်း ငုံးမပါ လက်ချည်းသာ ပြန်ပြန်လာတယ်၊ လာတော့လည်း မိုးချုပ်ချုပ်နေတယ်။ ရှင့်မှာ လုပ်ကျွေးရမဲ့မယားငယ်ရှိနေသလား" လို့ အောင့်ကာ ဆောင့်ကာ ပြောပါတော့တယ်၊ ဆူပါတော့တယ်။

"ရှင်မ ငါ့မှာ လုပ်ကျွေးရမဲ့ မယားငယ်မရှိပါဘူး၊ ငုံးတွေက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ရှိကြပါတယ်။ ငါ့ရဲ့ပိုက်ကွန်ကို ချီမပြီးတော့ ချုံပေါ်မှာ ပစ်ထားကြပါတယ်။ ရှိပါစေအုံး၊ ငုံးတွေ အမြဲ ညီညီညွတ်ညွတ် စည်းစည်း လုံးလုံးနဲ့ နေနိုင်မှာမဟုတ်ပါဘူး။

ငုံးတွေ ငြင်းခုံကြတဲ့အခါ ခိုက်ရန်ဖြစ်ကြတဲ့အခါ ကွဲပြားကြတဲ့အခါ ဖမ်းယူခဲ့ပါမယ်၊ ရှင်မမျက်နှာ ကြည်စေရပါမယ်၊ ပြုံးရွှင်စေရပါမယ်" လို့ ပြန်ပြောပြပါတယ်။

## ငြင်းကြ ခုံကြ ရန်ဖြစ်ကြ

မကြာပါ၊ သုံးရက်လောက်ကြာသောအခါ ငုံးတစ်ကောင်က စားကျက်သို့ သက်ဆင်းတဲ့အခါ အခြားငုံးတစ်ကောင်ရဲ့ခေါင်းကို နင်းမိပါတယ်။ ငါ့ခေါင်း ဘယ်သူနင်း

တာလဲလို့ စိတ်ဆိုးမာန်ဆိုးအော်ပါတယ်။ မတော်တဆ နင်းမိလို့ သည်းခံပါလို့တောင်းပန်ပေမဲ့ စိတ်ဆိုးမြဲဆိုး ပါတယ်။

အခုလိုစိတ်ဆိုးတာဟာ ငုံးအပေါင်း သေပန်းပွင့်ဘို့ အတိတ်နိမိတ်ပါ။ ငုံးတွေ တစ်ကောင်နဲ့တစ်ကောင် အပြန်အလှန် ငြင်းကြခုံကြပါတယ်၊ ရန်တွေကြပါတယ်၊ နင်သာ ပိုက်ကွန်ကို ချီမ,နိုင်ဟာမှတ်နေသလား? လို့ ပြောကြ ဆိုကြ ငြင်းကြပါတယ်။

ငုံးတွေ ငြင်းခုံကြတဲ့အခါ ဘုရားအလောင်းအား အခုလို အကြံဖြစ်ပါတယ်။

**ဝိဝါဒကေ သောတ္ထိဘာဝေါနာမ နတ္ထိ၊**

**ဝိဝါဒကေ**-ငြင်းခုံခြင်း၌၊ **ဝါ**-ငြင်းကြခုံကြ ခိုက်ရန်ဖြစ်ကြတဲ့အတွက်ကြောင့်၊ **သောတ္ထိဘာဝေါနာမ**-ချမ်းသာသည်၏အဖြစ်မည်သည်၊ **ဝါ**-ချမ်းသာခြင်းဆိုတာ၊ **နတ္ထိ**-လုံး၀(လုံး၀)မရှိပါလို့၊ **ဗောဓိသတ္တော**-ဘုရားအလောင်း ငုံးမင်းသည်၊ **စိန္တေသိ**-ကောင်းစွာမသေ့ ကြံစည်မိလေတော့သတည်း-။

သာဓု- သာဓု- သာဓု၊

"ငြင်းကြခုံကြ ခိုက်ရန်ဖြစ်ကြတဲ့အတွက်ကြောင့် ချမ်းသာတယ်ဆိုတာ လုံး၀မရှိပါဘူး၊ အခုအခါ ငုံးတွေ ပိုက်ကွန်ကို ချီမကြတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ငုံးတွေ ကြီးစွာ သောပျက်စီးခြင်းသို့ ရောက်ကြလိမ့်မယ်။ မရှမလှ

သေကျေ၊ပျက်စီးကြလိမ့်မယ်။ ငှက်မှုဆိုးတော့ အခွင့်ကောင်း အခါကောင်းရတော့မယ်။

ငါတို့ ဒီအရပ်မှာ နေလို့မသင့်တော့ဘူး''လို့ ကြံစည်မိပါတယ်၊ စဉ်းစားမိပါတယ်။ ဘုရားအလောင်းငုံးက သူရဲ့ ငုံးပရိသတ်ကို ခေါ်ဆောင်ကာအခြားအရပ်သို့ သွားပါတော့တယ်။

## သူ့ထိုက်နဲ့သူ့ကံ

ဒီနေရာမှာ ဘုရားလောင်းငုံးက ကိုယ်လွတ်ရုံးသွားတယ်လို့တော့ မထင်လိုက်ပါနဲ့။ တစ်ချို့ လူတွေဖြစ်စေ၊ ဒီမှာတော့ ငုံးတွေပေါ့၊ ငြင်းကြခုံကြ ရန်တွေကြ ခိုက်ရန်ဖြစ်ကြ ကွဲကြတဲ့အခါ ဘယ်လိုမှ စေ့စပ်လို့မရအောင် ကွဲကြပါတယ်၊ ဘယ်လိုမှ နားချလို့မရအောင် ဘယ်လိုမှ ညှိနှိုင်းလို့မရအောင် ဘယ်လိုမှ စည်းရုံးလို့မရအောင် ကွဲကြပါတယ်၊ ဘယ်လိုမှ ပြောဆိုလို့မရအောင် ကွဲကြပါတယ်။

တစ်ချို့ဆို မောင်နှမအချင်းချင်း ညီအစ်ကို အချင်း ချင်း ညီအစ်မအချင်းချင်း အမွေကြောင့် စိတ်ဝမ်းကွဲပြီးတော့ သွားကြပါတယ်၊ ရုံးပြင်ကနားအထိ ရောက်သွားကြပါတယ်၊ မခေါ်နိုင် မပြောနိုင် အကွဲကြီး ကွဲပြီးတော့သွားကြပါတော့ တယ်။ အဲဒီအခါ စေ့စပ်တဲ့သူ ညှိနှိုင်းပေးတဲ့သူတွေက မတတ်နိုင်တော့တဲ့အဆုံးမှာ "**သူ့ထိုက်နဲ့သူ့ကံ**"လို့ လက်လျှော့လိုက်ကြရပါတော့တယ်။

## သင်ခန်းစာယူစရာ

မုဆိုးက နှစ်ရက်သုံးရက်လောက်ကြာတော့ အရင်တုန်းကလို ပိုက်ကွန်နဲ့လာဖမ်းပါတော့တယ်။ အဲဒီ အခါ ငုံးတွေက ပိုက်ကွန်ကို မချီမကြတော့ပါ၊ ငြင်းခုံနေကြတာနဲ့ မုဆိုးရဲ့ လက်တွင်း သက်ဆင်းကျရောက်ကာ အသက်ဆုံးရှုံး ကြရပါတော့တယ်။

ဒီဇာတ်တော်မှာ ငုံးတွေ ညီညီညွတ်ညွတ် စည်းစည်း လုံးလုံး တက်ညီလက်ညီနဲ့ တက်တက်ကြွကြွနဲ့ ပိုက်ကွန်ကို ချီမကြတဲ့အခါ အသက်ချမ်းသာရာကို ရကြတဲ့အကြောင်း ဆောင်စရာ အတုယူစရာ နမူနာယူစရာကို အတုယူကြရ ပါမယ်။

ငုံးတွေအချင်းချင်း စိတ်ဝမ်းကွဲပြီးတော့ ပိုက်ကွန်ကို မချီမ,မကြတဲ့အခါ အသက်ဆုံးရှုံးကြရပုံကိုလဲ သင်ခန်းစာ ယူကြရပါမယ်။ အဲသလို မဖြစ်ကြရလေအောင် ရှောင်ကြဉ် ကြရပါမယ်။

## ညီညွတ်ခြင်းသည် အင်အား

ဦးဇင်းတို့ သူတော်စင်တို့တွေ အတုယူကြပြီးတော့ **''ညီညွတ်ခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် ချမ်းသာ''**ဆိုတဲ့အတိုင်း အချင်းချင်း မိသားစုအချင်းချင်း ရပ်ကွက်သူရပ်ကွက်သားအချင်းချင်း မြို့သူမြို့သား အချင်းချင်း တိုင်းသူပြည်သားအချင်းချင်း နိုင်ငံသူနိုင်ငံသား အချင်းချင်း

ညီညီညွတ်ညွတ် နေကြရပါမယ်၊ စည်းစည်း လုံးလုံး နေကြရပါမယ်။

တက်ညီလက်ညီနဲ့ တက်တက်ကြွကြွနဲ့ ကိုယ်စီကိုယ်စီ ပြုလုပ်ဖွယ်ကိစ္စ မှန်သမျှတွေကို ပြုလုပ်ကြရပါမယ်၊ ဆောင်ရွက်ဖွယ်ကိစ္စအဝဝတွေကို ဆောင်ရွက်ကြရပါမယ်။

**အစ်ကိုနဲ့နှမ**

တစ်ဦးနှင့်တစ်ဦး ညီညွတ်ကြပြီး စိတ်တူသဘောတူ ဆန္ဒတူ ရှိနေပြီဆိုရင် ဒီမိသားစုမှာ ဒီနိုင်ငံတော်မှာ ညီညွတ်နေကြတဲ့အတွက် ချမ်းသာကြောင်းဖြစ်ပါတယ်၊ ပျော်ရွှင်ကြောင်းဖြစ်ပါတယ်။ ညီညွတ်နေပြီဆိုရင် အခြားအခြား ပုဂ္ဂိုလ်တွေက သူတို့ရဲ့ဘက်မှာ ညီညွတ်တဲ့အတွက် ချမ်းသာတဲ့ခေတ်တွေ ကူးပြီးတော့သွားတာပါ။

ကဲ--တချို့ဆိုရင် မောင်နှမနှစ်ယောက်ရှိတယ် ဆိုပါတော့၊ အစ်ကိုနဲ့နှမဟုတ်လား။ အော်- အစ်ကိုနဲ့နှမ နှစ်ယောက်ထဲ ဖြစ်ပေမယ်လို့ တချို့ မတည့်ကြပါဘူး၊ မိဘရဲ့ အမွေနဲ့စပ်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် စိတ်သ ဘောထားခြင်းတွေ ကွဲပြီးတော့ ဆိုးဆိုးရွားရွားကို ကွဲပြားပြီးတော့သွားကြတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။

အဲသလိုကြားရပြီဆိုရင်တော့ သူတို့မောင်နှမ,မပြောနဲ့ သူတို့အချင်းချင်းမပြောနဲ့ အခြားအခြား မိတ်ဆွေသူငယ်ချင်း

တွေပါ သူတို့ရဲ့စိတ်ထဲမှာ အော်-- သူတို့ မညီညွတ်ကြဘူး၊ ဒီလိုဖြစ်ပြီးတော့နေကြသတဲ့၊ ရုံးပြင်ကနားရောက်ပြီးတော့ သူတို့ ဒုက္ခတွေရောက်နေကြတယ်၊ ကွဲပြားပြီးတော့ နေကြ တယ်လို့ အဲသလို ကြားလိုက်ရတာနဲ့ တွေ့လိုက်ရတာနဲ့ ကြားရ၊ မြင်ရ၊ တွေ့ရတဲ့ပုဂ္ဂိုလ်တွေရဲ့စိတ်ထဲမှာ ဆင်းရဲဒုက္ခတွေဖြစ်ကြရပါတယ်။ စိတ်မကောင်း ဖြစ်ကြရပါတယ်။

ကဲ- ခုနကပြောပြခဲ့တဲ့အတိုင်း မိသားစု ညီအစ်ကို မောင်နှမတွေ ညီညွတ်နေပြီဆိုရင် ညီညီညွတ်ညွတ် ရှိနေပြီဆိုရင် ညီညွတ်ပြီလို့ ကြားလိုက်တာနဲ့ မြင်တွေ့လိုက်တာနဲ့ အဲဒီပုဂ္ဂိုလ်တွေရဲ့မိတ်ဆွေတွေမှာလည်း စိတ်ချမ်းသာပြီး သွားပါတယ်၊ ဝမ်းသာရပါတယ်၊ ကြည်နူးရပါတယ်။

ထို့အတူပဲပေါ့၊ ဦးဇင်းတို့ရပ်ကွက်တွင်းမှာ ရပ်ကွက်သူ ရပ်ကွက်သားတွေ ပြောကြတယ်၊ ညီညွတ်ချင်းဟာ ချမ်းသာစရာပဲ။ ကဲ ခုလို အသင်းအဖွဲ့ သာသနရက္ခိတဘုံဆွမ်းလောင်း အသင်း လူငယ်လေးတွေ မိမိတို့ ညီညီညွတ်ညွတ်နဲ့ သာသနာရဲ့ အကျိုးတွေ ဆောင်ရွက်ပြီးတော့နေကြတယ်၊ ညီညီညွတ်ညွတ်နဲ့ ရပ်ကွက်ရဲ့ သာရေး၊နာရေးတွေ ဆောင်ရွက်ပြီးတော့နေကြပါတယ်။

အဲဒီလိုညီညွတ်နေကြတာဟာ ချမ်းသာကြောင်းပါပဲ။

ကဲ သံဃာဆိုတာ ခုနကပြောခဲ့တဲ့ အသင်းအဖွဲ့ကို လည်း သံဃာလို့ခေါ်ပါတယ်၊ မိသားစုကိုလည်း သံဃာလို့ ခေါ်ပါတယ်။

## ချမ်းသာကြောင်းလေးပါး

ရပ်ကွက်သူ၊ရပ်ကွက်သားတွေကိုလည်း သံဃာလို့ ခေါ်ပါတယ်။
မြို့သူ၊မြို့သားတွေကိုလည်း သံဃာ လို့ခေါ်ပါတယ်။
တိုင်းသူပြည်သားတွေကိုလည်း သံဃာလို့ ခေါ်ပါတယ်။
နိုင်ငံသူနိုင်ငံသားတွေကိုလည်း သံဃာလို့ ခေါ်ပါတယ်။
ကမ္ဘာသူ၊ကမ္ဘာသားတွေကိုလည်း သံဃာလို့ ခေါ်ပါတယ်။
ဒါကြောင့် ကုလသမဂ္ဂအဖွဲ့တဲ့၊ ဘာတဲ့လဲ?၊

"ကုလသမဂ္ဂအဖွဲ့ပါဘုရား"

ဒါကြောင့် အသင်းအဖွဲ့တွေ ညီညွတ်နေပြီဆိုရင် မိသားစုတွေ ညီညွတ်နေပြီဆိုရင် ရပ်ကွက်သူ၊ရပ်ကွက်သားတွေ ညီညွတ်နေပြီဆိုရင် မြို့သူ၊မြို့သားတွေ ညီညွတ်နေပြီဆိုရင် တိုင်းသူပြည်သားတွေ ညီညွတ်နေပြီဆိုရင် နိုင်ငံသူနိုင်ငံသားတွေ ညီညွတ်နေပြီဆိုရင် အမျိုးသားတွေ ညီညွတ်နေပြီဆိုရင်လဲ ကမ္ဘာသူကမ္ဘာသားတွေ ညီညွတ်နေပြီဆိုရင်လဲ ညီညွတ်ခြင်းဟာ ချမ်းသာပဲပေါ့။

## ဝမ်းသာစရာပါ

နောက်- မြတ်စွာဘုရားက တစ်နေရာမှာ မညီညွတ်ကြဘူး။ သံဃာဖြစ်စေ လူဖြစ်စေ မညီညွတ်ကြဘူးလို့ ကြားရင် အဲဒီနေရာကို ကိုယ်တိုင်သွားဖို့မပြောနဲ့ မညီညွတ် ကြဘူး တစ်ဦးတစ်ဦး ကွဲပြားနေကြတယ်လို့ အဲသလိုကြား ရတာနဲ့ကိုပဲ စိတ်မချမ်းမြေ့စရာတဲ့။

အဲဒီရဲ့ဆန့်ကျင်ဘက် သံဃာတွေ အသင်းအဖွဲ့တွေ အမျိုးသားတွေ မိသားစုတွေ ရပ်ကွက်သူရပ်ကွက်သားတွေ ညီညီညွတ်ညွတ်ရှိကြတယ်ဆိုရင် အဲဒီနေရာမျိုးကို ကိုယ်တိုင်မသွားရသေးဘူး၊ ကိုယ်တိုင်မရောက်သေးဘူး ညီညွတ်ကြတယ်လို့ ကြားရတာနဲ့ကို စိတ်ထဲမှာ ကြည်နူးစရာ ချမ်းသာစရာ ဝမ်းသာစရာပဲတဲ့။

## တော်တော်တိုးတက်တယ်

သာသနရက္ခိတဘုံဆွမ်းလောင်းအသင်းဆိုရင် ယခုဒီနှစ်ဆိုရင် သုံးနှစ်ပြည့်အထိမ်းအမှတ်ဖြင့် မိမိတို့ ဆင်ယင်ကျင်းပ နိုင်ကြတယ်၊ ဒါကြောင့်မို့ သာသနရက္ခိတဘုံးဆွမ်းလောင်းအသင်းဆိုရင် ဘုံဆွမ်းလောင်းအသင်း ဖွဲ့စက စပြီးတော့ လေးပြင်လေးရပ်က ကြွလာကြတဲ့ သံဃာတော်တွေကို ဆွမ်းလောင်းကြပါတယ်။ အဲဒီအခါ အခြား အခြားသော ပုဂ္ဂိုလ်တွေက ပြောကြပါတယ်။

အော်- လအနည်းငယ်လေး နှစ်အနည်းငယ်လေး ရှိသေးတာ၊ တော်တော်တိုးတက်တယ်။တိုးတက်တယ် ဆိုပြီးတော့ ချီးမွမ်းကြပါတယ်။

ဒါကြောင့် ဦးဇင်းတို့ သူတော်စင်တို့တတွေ မိမိတို့ မိသားစုတတွေ အချင်းချင်းညီညီညွတ်ညွတ် ချစ်ချစ် ခင်ခင် နေခြင်းသည် ချမ်းသာကြောင်းပါ၊ ကဲ- ဒါကြောင့် ဆိုကြည့်

## ချမ်းသာကြောင်းလေးပါး

ရအောင်--

**သံဃာများစွာ၊ ညီညွတ်တာ၊ မှတ်ပါချမ်းသာကြောင်း၊**

(၃-ခေါက် ဆိုလိုက်ပါ)

**ညီညွတ်ကြသူ များရှင်လူ၏ ပြုမှုဖွယ်ရာအဖြာဖြာ**

နောက်နံပါတ်(၄)ချမ်းသာက-

**"သမဂ္ဂါနံ တပေါ သုခေါ"**

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ဘိက္ခ ဝေ**-တရားနာပရိသတ်အပေါင်း အိုသူတော်ကောင်းတို့၊ **သမဂ္ဂါနံ**-ညီညွတ်ကြသူ များရှင်လူတို့၏၊ **တပေါ**-ပြုကျင့် ဖွယ်ရာ အဖြာဖြာသည်၊ **သုခေါ**-လူနတ်ဗြဟ္မာ သတ္တဝါ တို့အတွက် ချမ်းသာကြောင်းအစစ် အမှန်ပင်ဖြစ်ပါပေ တယ်လို့၊ **ဘဂဝါ**-ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား သည်၊ **အဝေါစ**-ကောင်းစွာမသွေ မိန့်ကြားတော်မူပါပေ သတည်း။

သာဓု- သာဓု- သာဓု၊

နံပါတ်(၄)ချမ်းသာက ညီညွတ်ကြတဲ့ပုဂ္ဂိုလ်တွေရဲ့ ညီညီညွတ်ညွတ် တက်တက်ကြွကြွနဲ့ ပြုလုပ်ဆောင်ရွက် နေတဲ့အကျင့်တွေ ပြုမူဆောင်ရွက်ချက်တွေ လုပ်ဆောင် ချက်တွေဟာ ချမ်းသာကြောင်းပါဘဲ့။

ဦးဇင်းတို့ သံဃာတော်တွေဆိုပါတော့။ ညီညွတ်

နေတဲ့သံဃာတော်တွေ ညီညွတ်ပြီဆိုရင် သံဃာ့ကိစ္စ ပြုလုပ်ကြပါမယ်၊ ညီညီညွတ်ညွတ် စည်းဝေးကြပါမယ်၊ ညီညီညွတ်ညွတ် အစည်းအဝေးမှ ထကြပါမယ်၊ ပြုဖွယ်ကိစ္စအဝဝတွေ ပြုကြပါမယ်။ သံဃာတွေ မိမိတို့ ပရိယတ်စာပေပို့ချတဲ့ သူတွေကလဲ ပို့ချပါမယ်၊ သင်ယူတဲ့ပုဂ္ဂိုလ်တွေကလဲ သင်ယူကြပါမယ်၊ ဓုတင်တွေကိုလဲ ကျင့်သုံးကြပါမယ်။

## အလုပ်ကိုယ်စီ

ဦးဇင်းတို့ ဒုလ္လဘဝတ်ကြတဲ့အခါမှာ ဓုတင်တွေ ဆောက်တည်ကြပါတယ်။ သုဿန်ဓုတင်တွေ ဆောက်တည်ကြပါတယ်၊ သစ်ပင်အောက်မှနေပြီးတော့ ရုက္ခမူဓုတင်တွေ ဆောက်တည်ကြပါတယ်။ ပံသုကူသင်္ကန်းတွေ ဝတ်ပြီးတော့ ပံသုကူဓုတင်တွေ ဆောက်တည်ကြပါတယ်။

ဓုတင်တစ်ဆယ့်သုံးပါး၊ ပရိသတ်ရေ- ဓုတင် ဘယ်နှစ်ပါးတဲ့လဲ?

"တစ်ဆယ့်သုံးပါးပါဘုရား"၊

အေး ဓုတင်တစ်ဆယ့်သုံးပါး၊ ဒီခေတ်မှာ ဒုလ္လဘဝတ်ပြီဆိုရင် သုဿာန်တွေမှာသွားပြီးတော့ ကြာနီကန် သုဿာန် သွားပြီးတော့ သုဿာန်ဓုတင်ဆောက်တည်ကြ တာ။

အဲဒီလို သံဃာတော်တွေ ညီညွတ်ပြီဆိုရင် မိမိတို့ ဓုတင်တွေ ဆောက်တည်နိုင်ပါတယ်။ "**သမဂ္ဂာဝမွ**"ဆိုတဲ့

ရဟန်းတရားတွေကိုလဲ အားထုတ်နိုင်ပါတယ်။ မြတ်စွာ ဘုရား ချမှတ်ထားတဲ့ သာသနာ့တာဝန်ဖြစ်တဲ့

**ဂန္ထဓုရ**- စာပေကျမ်းဂန်တွေ သင်အံပို့ချနိုင်ပါတယ်၊

**ဝိပဿနာဓုရ**-တရားဘာဝနာတွေ ရှုမှတ်ပွားများ အားထုတ်နိုင်ပါတယ်။

အဲသလို ညီညီညွတ်ညွတ်နဲ့ အားထုတ်နေကြပြီ ကိုယ့် အလုပ်ကို ကိုယ်စီကိုယ်စီ သံဃာတော်တွေ ပြုမူဆောင်ရွက် နေကြပြီဆိုရင် မချမ်းသာဘူးလား?

"ချမ်းသာပါတယ်ဘုရား"။

## နလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်း

ကျောင်းတိုက်ကြီးထဲမှာ ရောက်လာပြီဆိုရင် သံဃာ တော်တွေ စာကျက်နေကြတာတွေ စာတက်နေကြတာတွေ စာပေပို့ချ သင်ယူနေကြတာတွေ သံဃာတော်တွေ ဘုရား ဝတ်တက်နေကြတာတွေ သံဃာတော်တွေ တရားထိုင်နေ ကြတာ တွေကို တွေ့ရမြင်ရပါတယ်။

အဒီလို တိတ်ဆိတ်နေတဲ့ အချိန်မှာ ကျောင်းထဲရောက်လာ ပြီဆိုရင် ဒကာ၊ဒကာမတွေရဲ့စိတ်ထဲမှာ အအေး ဓာတ်တွေ ကူးပြီးတော့သွားပါတယ်။

တချို့ဆိုရင် အရင်က ကျောင်းထဲမှာ မရောက်ဖူးကြ ပါဘူး။ ကျောင်းထဲရောက်လာပြီဆိုရင် သူတို့ရဲ့စိတ်ထဲမှာ

အေးချမ်းလို့တဲ့-ပြောပြကြပါတယ်။

ဟာ- ကျောင်းကလည်း ကောင်းလိုက်တာ ကျယ်ဝန်းလိုက်တာ သန့်ရှင်းလိုက်တာ သူတို့ရဲ့စိတ်ထဲမှာ ဝမ်းသာ မှုတွေ ကြည်နူးမှုတွေဖြစ်ရတာပါ။ ဒါကြောင့်မို့ **'အာရာမေ'** နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသော၊ **ဇေတဝနေ-ဇေတဝန်** ကျောင်းတော်၌-လို့ စာပေမှာ ဆိုထားတာပေါ့။

## ချီးမွမ်းစကား ပြောကြားကြ

ဒီအတိုင်းပဲပေါ့၊ ဦးဇင်းတို့ လောကမှာ ခုနကပြောပြ တဲ့အတိုင်း အိမ်တစ်အိမ်မှာ မိသားစုတစ်စု ညီအစ်ကို မောင်နှမ တွေ ညီညီညွတ်ညွတ်နဲ့ မိမိတို့ရောင်းရေး ဝယ်ရာအဖြာဖြာတွေ စီးပွားရေးလုပ်ငန်းကိစ္စအဝဝတွေ တက်တက်ကြွကြွ ပြုလုပ်နေ ကြပြီဆိုရင် မိမိတို့မှာ မချမ်းသာဘူးလား?

"ချမ်းသာ ပါတယ်ဘုရား"။

မြင်ရတဲ့ပုဂ္ဂိုလ်တွေလဲ စိတ်ချမ်းသာတယ်၊ စိတ်မချမ်း သာဘူးလား?

"ချမ်းသာပါတယ် ဘုရား"။

ကဲ- တချို့တချို့ပုဂ္ဂိုလ်တွေပြောပြကြပါတယ်၊ သြော်- ဒီကလေးမလေးတွေ တော်တယ် တော်တယ်။ ဘာသံမှ မကြား ရဘူး၊ ညီညီညွတ်ညွတ်နဲ့ သူတို့စီးပွားရေးတွေ ပြုလုပ် ပြီးတော့နေကြတာ၊ သူတို့အလုပ် သူတို့လုပ်နေကြတာလို့

ချီးမွမ်းစကားတွေ ပြောဆိုကြပါတယ်။

ကောင်လေးတွေဆိုပါတော့၊ ဟာ- ဒီကောင်လေးတွေ တော်တယ်၊ ဒီကောင်လေးတွေတော်တယ်။ ညီညီ ညွတ်ညွတ်နဲ့ သူတို့ရဲ့အလုပ်တွေ စီးပွားရေးတွေ ပြုဖွယ် အသွယ်သွယ်ကို ပြုပြီးတော့နေကြတာ ကျိုးစားပြီးတော့ နေကြတာဆိုပြီးတော့ ဘေးကလူတွေက သူတို့ကိုကြည့် ပြီးတော့ ချီးမွမ်းစကား ပြောဆိုကြပါတယ်။

ပြောဆိုကြတဲ့ပုဂ္ဂိုလ်တွေရဲ့စိတ်ထဲမှာလဲ ကြည်နူးပြီးတော့နေကြပါတယ်၊ ဝမ်းသာပြီးတော့ နေကြပါတယ်၊ ချမ်းသာပြီးတော့နေကြပါတယ်။

ဒါကြောင့်မို့ မိမိတို့ မိသားစုတစ်ခုမှာလဲ မိသားစုအချင်းချင်း ညီအစ်ကိုမောင်နှမအချင်းချင်း ညီညီညွတ် ညွတ်နဲ့ မိမိတို့ရဲ့ တာဝန်ဝတ္တရားတွေ စားဝတ်နေရေးတွေ စီးပွားရေးလုပ်ငန်းကိစ္စအသီးသီးတွေ ပြုလုပ်ဆောင်ရွက်နေပြီဆိုရင် ချမ်းသာကြောင်းပဲ။ ဘာတဲ့လဲ?

"ချမ်းသာကြောင်းပါဘုရား"။

## သာသနရက္ခိတ

ထို့အတူပဲပေါ့၊ ရပ်ကွက်သူရပ်ကွက်သားတွေ သာရေး၊ နာရေးအသင်းမှာ မိမိတို့ပြုစရာမှန်သမျှတွေ တက်တက်ကြွကြွ ဆောင်ရွက်နေပြီဆိုရင် မိမိတို့ရဲ့ ပြုကျင့် ဆောင်ရွက်ခြင်းသည်

ချမ်းသာခြင်းရဲ့အကြောင်းပါပဲ။

ကဲ- ယခုလို သာသနရက္ခိတဘုံဆွမ်းလောင်းအသင်း သူအသင်းသားတွေ ကြွရောက်လာတဲ့ သံဃာတော်တွေကို မိမိတို့ တက်တက်ကြွကြွနဲ့ဟုတ်လား ယာဂုဆွမ်းတွေ ဆက်ကပ် ကြပါတယ်၊ ကြာဇံဆွမ်းတွေဆက်ကပ်ကြပါတယ်၊ မုန့်ဟင်းခါး ဆွမ်းတွေ ဆက်ကပ်ကြပါတယ်၊ ဆွမ်းလောင်း လှူကြပါတယ်။ ယခုလို တရားပွဲတွေ ကျင်းပကြပါတယ်၊ ဝါဆိုလမှာ ဝါဆို သင်္ကန်းတွေဆက်ကပ်ကြပါတယ်၊ ကထိန်ရာသီမှာ ကထိန်ခင်း ကြပါတယ်။

ယခုလို တက်တက်ကြွကြွနဲ့ ပြုလုပ်နေတာဆိုတော့ မိမိတို့အချင်းချင်းလဲ ပြုံးလို့ ရွှင်လို့ပေါ့၊ ပျော်ပြီးတော့နေကြ ပါတယ်။

မြင်နေရတဲ့ ရပ်ကွက်သူရပ်ကွက်သားတွေ တရားနာ သူတော်စင်တွေက အခြားအခြားပုဂ္ဂိုလ်တွေက သာသန ရက္ခိတ ဘုံဆွမ်းလောင်းအသင်းသူအသင်းသားတွေ တက်တက်ကြွကြွနဲ့ ညီညီညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံးနဲ့ ဝါဆိုသင်္ကန်းတွေ လှူဒါန်းနေကြတာ၊ ကထိန်ခင်းနေကြ တာတွေမြင်ပြီးတော့ ဝမ်းသာကြည်နူးကြပါတယ်၊ သာဓု ခေါ်ကြပါတယ်။

ထို့အတူပဲ ယခုလို တရားပွဲတွေ ကျင်းပတာတွေ မြင်ပြီးတော့ သြော်-- လပြည့်လကွယ်နေ့တွေမှာ ဥပုသ်နေ့ တွေမှာ ဆွမ်းလောင်းနေတာမြင်ရတော့ သူတို့စိတ်ထဲမှာ

ကြည်နူးကြပါတယ်၊ ဝမ်းသာကြပါတယ်၊ သာဓုခေါ်ကြပါတယ်။

## အထူးပြောစရာ မလိုပါ

ထို့အတူပဲ ဦးဇင်းတို့မြန်မာနိုင်ငံမှာ နိုင်ငံသူနိုင်ငံ သားတွေအားလုံး အမိနိုင်ငံတော်အတွက် တက်တက်ကြွကြွနဲ့ ညီညီညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံးနဲ့ မိမိတို့ရဲ့အလုပ် တွေကိုကိုယ်စီကိုယ်စီ ကြိုးကြိုးစားစား ပြုလုပ်ဆောင်ရွက် နေကြပြီဆိုရင်ချမ်းသာကြောင်းပေါ့။ ဘာတဲ့လဲ?

"ချမ်းသာကြောင်းပါဘုရား"။

လူတွေ ညီညီညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံးနဲ့ ကိုယ်စီကိုယ်စီ ကိုယ့်အလုပ်ကို လုပ်နေကြတယ် တက်တက် ကြွကြွနဲ့လုပ်နေကြတယ်ဆိုရင် လူတွေမှာ ချမ်းသာကြောင်း ဖြစ်တယ်ဆိုတာ အထူးပြောစရာမလိုတော့ပါ။

လူတွေလောက် အသိဉာဏ်မရှိတဲ့ အဟိတ်တိရစ္ဆာန်တွေတောင် ညီညီညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံးနဲ့ ကိုယ့်အလုပ်ကိုလုပ်နေကြရင် ချမ်းသာကြောင်းဖြစ်ပါတယ်။

## သုံးကြိမ်သုံးခါ

ဦးဇင်းတို့မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ရှင်ဒေဝဒတ်ကို

အကြောင်းပြုပြီးတော့ ဟောထားတဲ့ ကုရုင်္ဂမိဂဇာတ်ဆိုတဲ့ ဇာတ်တော်တစ်ခုရှိပါတယ်။

ပရိသတ်တွေ သိကြတဲ့အတိုင်း ရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို သတ်ပြီးတော့ ဘုရားလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပထမတစ်ကြိမ် လေးသမားတွေစေလွှတ်ပြီးတော့ မြတ်စွာဘုရားကို သတ်ခိုင်းပါတယ်။

ဒုတိယအကြိမ် မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်ခြေသီတင်းသုံးနေတဲ့အခါ တောင်ထိပ်ပေါ်ကနေ မြတ်စွာဘုရားအပေါ် ကျောက်တုံးကြီး လှိမ့်ချပါတယ်။

တတိယအကြိမ် နာဠာဂိရိဆင်ကြီးမာရ်ယစ်နေတဲ့အချိန် မြတ်စွာဘုရား ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွတော်မူ လာတဲ့အခါ မာရ်ယစ်နေတဲ့ နာဠာဂိရိဆင်ကြီးနဲ့ မြတ်စွာဘုရားကို တိုက်ပါတယ်၊ နင်းသတ်ခိုင်းပါတယ်။

အဲဒီလို သုံးကြိမ်သုံးခါ ဒေဝဒတ်က မြတ်စွာဘုရားကို သတ်ဖို့လုပ်တဲ့အခါ စီစဉ်တဲ့အခါ မြတ်စွာဘုရားက ရဟန်းတော်တွေကို မိန့်ကြားတော်မူတယ်။

ရဟန်းတို့ ဒေဝဒတ်ဟာ ယခုဘဝမှာပင် ငါဘုရားကို သတ်ဖို့ လုပ်တာမဟုတ်သေးဘူး၊ အားထုတ်တာ မဟုတ်သေးဘူး။ အရင်ဘဝကလည်း ငါဘုရားကို သတ်ဖို့ လုပ်ခဲ့တာပဲ၊ အားထုတ်ခဲ့တာပဲလို့ မိန့်တော်မူပြီး အခုလို အတိတ်ဆောင်ကာ မိန့်ကြားတော်မူပါတယ်။

## ကုရင်္ဂမိဂဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့အချိန်မှာ ဦးဇင်းတို့ရဲ့ ဘုရားအလောင်းတော်ဟာ ကုရင်္ဂဆိုတဲ့ သမင်ဖြစ်ပါတယ်။ သမင်နာမည်က ကုရင်္ဂတဲ့၊ သမင်နာမည်ကဘာတဲ့လဲ?

"ကုရင်္ဂပါဘုရား"၊

ဦးဇင်းတို့ သူတော်စင်တို့ရဲ့ ဘုရားအလောင်းတော် ကုရင်္ဂသမင်ဟာ တောထည်း ရေအိုင်တစ်အိုင်ရဲ့အနီးမှာ ချုံတစ်ချုံရှိပါတယ်၊ အဲဒီ ရေအိုင်အနီးချုံထဲမှာနေပါတယ်။ ရေအိုင်အနီး သစ်ပင်တစ်ပင်ရဲ့အပေါ်ဖျားလေးမှာ ခေါက်ရှာငှက်တစ်ကောင် နေပါတယ်။

ခေါက်ရှာငှက်ဆိုတာ ဦးဇင်းတို့ တောမှာတော့ သစ်တောက်ငှက်လို့လည်းခေါ်ပါတယ်။ အဲဒီငှက်က သစ်ပင်ရဲ့ အကိုင်းကို ပင်စည်ကို သူ့နှုတ်သီးလေးနဲ့ တောက် တောက်, တောက်တောက်နဲ့ ခေါက်,ခေါက်နေတာကိုး၊ သစ်ပင်ရဲ့ အပွေးကို စားချင်လဲ စားမှာပေါ့၊ ဒါကြောင့် သူ့ကို သစ်တောက်ငှက်လို့ ခေါ်ကြတာကိုး။

အဲဒီရေအိုင်ထဲမှာ လိပ်တစ်ကောင်လည်း နေပါ တယ်။ အဲသလို တောရိပ်တောင်ရိပ် သစ်ပင်ရိပ်တို့နဲ့ အုပ်အုပ်ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်းရှိတဲ့ တိတ်ဆိတ်အေးချမ်း တဲ့ ရေအိုင်ဝန်းကျင်မှာ ဦးဇင်းတို့ သူတော်စင်တို့ရဲ့ ဘုရားအလောင်းတော်ဖြစ်တဲ့

ကုရုဂ်သမင်ရယ်, ခေါက်ရှာငှက်ရယ်, လိပ်ရယ် အဆွေခင်ပွန်း သုံးယောက်၊ အဲ- အဆွေခင်ပွန်း သုံးကောင် အဆွေခင်ပွန်း သုံးဖော်တို့ ချစ်ချစ်ခင်ခင် အကျွမ်းတဝင်နေကြပါတယ်၊ ညီညီညွတ်ညွတ် နေကြပါတယ်၊ စည်းစည်းလုံးလုံး နေကြပါတယ်။

## ကျော့ကွင်းမှာမိပါလေရော

အဲသလို အဆွေခင်ပွန်းသုံးဖော်တို့ ချစ်ချစ်ခင်ခင်နဲ့ အကျွမ်းတဝင်နဲ့ ညီညီညွတ်ညွတ်နဲ့ ပျော်ပျော်ရွှင်ရွှင်နဲ့ နေနေကြတဲ့အချိန် တစ်နေ့မှာတော့ မုဆိုးတစ်ယောက် တောထဲ လှည့်လည်တဲ့အခါ အဲဒီရေအိုင်နား ရောက်လာပါတယ်။ ရေဆိပ်မှာ ရေအိုင်ရဲ့ကမ်းစပ်မှာ ဘုရား အလောင်းတော်သမင်ရဲ့ ခြေရာတွေ့သွားပါတယ်။ ကဲ- တရားနာပရိသတ်ရေ မုဆိုး ဘာတွေ့သွားလဲ?

"သမင်ခြေရာတွေ့သွားပါတယ်ဘုရား"

အေး သမင်ခြေရာတွေ့တော့ မုဆိုးက သားရေကြိုးနဲ့ ကျော့ကွင်းနဲ့ထောင်ပါတယ်။ သူ့သားရေကြိုးက ဦးဇင်းတို့ ဒီခေတ်မှာ တိုက်တွေဆောက်တဲ့အခါ RCတိုက်တွေ ဆောက်တဲ့ အခါ သုံးတဲ့ ခြောက်မူးလုံးသံလုံးလောက်ပေါ့၊ အဲဒီလို သံချောင်း သံလုံးနဲ့တူတဲ့ သားရေကိုကျစ်ထားတဲ့ ကြိုးနဲ့ ထောင်တာပါ။

မုဆိုးက ကျော့ကွင်းထောင်ပြီး ရွာပြန်သွားပြီဆိုပါတော့၊

## ချမ်းသာကြောင်းလေးပါး

ဦးဇင်းတို့ဘုရားအလောင်းတော်သမင်က ညဦးယံ မှောင်ရီပျိုးပျအချိန် ရေသောက်ဆင်းတော့ မုဆိုးထောင်ထားတဲ့ ကျော့ကွင်းမှာ မိပါလေရော၊ ဘုရားအလောင်းတော် ကုရုင်္ဂသမင်က ကျော့ကွင်းမှာ မိတဲ့အတွက်ကြောင့် ငယ်သံပါအောင် အော်ပါတယ်။

## တိုင်ပင်ကြ ဆွေးနွေးကြ

အဲဒီ အော်သံကြောင့် သစ်ပင်ပေါ်က ခေါက်ရှာငှက် ရယ် ရေထဲကလိပ်ရယ် အပြေးအလွှားရောက်လာကြပြီး တော့ "ဒို့ဘာလုပ်သင့်သလဲ" လို့တိုင်ပင်ကြပါတယ်၊ ဆွေးနွေးကြပါတယ်။

အဲဒီအခါ ခေါက်ရှာငှက်က လိပ်ကို "အဆွေလိပ် သင့်မှာသွားတွေရှိပါတယ်၊ သင် ဒီကျော့ကွင်းကို ကိုက်ဖြတ်ပါ။ ငါက ဒီနေရာ မုဆိုးမလာအောင် လုပ်ပါမယ်၊ ဒို့နှစ်ဦးလုံး နှစ်ကောင်လုံး တက်တက်ကြွကြွ ပြုလုပ်ကြတဲ့ လုံ့လဥဿာဟကြောင့် ဒို့ရဲ့သူငယ်ချင်း အသက်ချမ်းသာ ရလိမ့်မယ်" လို့ တိုင်ပင်ကြပါတယ်၊ ဆွေးနွေးကြပါတယ်။

တိုင်ပင်ကြ ဆွေးနွေးကြပြီးတဲ့နောက် လိပ်က သားရေကျော့ကွင်းကို ကိုက်ဖြတ်ပါတယ်။ ခေါက်ရှာငှက်က မုဆိုးနေတဲ့ ရွာကိုသွားပြီး ထောက်လှမ်းရေးလုပ်နေပါတယ်၊ သစ်ပင်ပေါ်မှာ နားနေပါတယ်။

မုဆိုးက မနက်စောစော လေးနာရီခွဲခန့်ထ၊ လှံထမ်း ပြီး

ရှာကထွက်ပါတယ်၊ ခေါက်ရှာငှက်က  မုဆိုး ရှာရဲ့အရှေ့တံခါးပေါက်က ထွက်လာတာသိတော့ မုဆိုးရဲ့ခေါင်းပေါ် ပျံဝဲကာ ကျယ်လောင်စွာ မြည်ဟီးပြီးတော့ မျက်နှာကို အတောင်နဲ့ ပုတ်ခတ်ပါတယ်။ မုဆိုးက 'ငှက်ယုတ် ငှက်စုတ်က ပုတ်ခတ်တယ်' ဆိုပြီး အိမ်ပြန်သွားပါတယ်။ ခေတ္တခဏ ပြန်အိပ်လိုက်ပါတော့တယ်။  အိပ်ယာမှ ပြန်ထပြီးတော့ လှံကိုထမ်းလို့ လာပါတယ်။

## သွားတွေကြွေကျမတတ်ဖြစ်

ခေါက်ရှာငှက်ကလည်း ငှက်ပေမယ်လို့ တိရစ္ဆာန်ပေမယ်လို့ အသိဉာဏ်ရှိပါတယ်။ ဒီမုဆိုး ခုနက အရှေ့တံခါးက ထွက်တယ်၊  အခု အနောက်တံခါးကနေ ထွက်လိမ့်မယ်လို့ သိတဲ့အတွက် အနောက်တံခါးပေါက်က စောင့် နေပါတော့တယ်။

မုဆိုးက ငါ အရှေ့တံခါးကထွက်လာတာကို ငှက်ယုတ်က မြင်တယ်။ အခု အနောက်တံခါးက ထွက်မယ် လို့ကြံပြီးတော့ အလာ၊ အနောက်တံခါး ရောက်နေတဲ့အခါ ခေါက်ရှာငှက်က ခုနကလို မျက်နှာကို အတောင်ပံနဲ့ ပုတ်ခတ်ပါတယ်။

မုဆိုးက အခုတစ်ဖန် ငှက်ယုတ်က ပုတ်ခတ်ပြန်ပြီ၊ ဒီငှက်ယုတ်က ငါ့ကို ထွက်ခွင့်မပေးဘူးလို့ ကြံတွေးပြီးတော့ မနက်လင်းအောင် အိပ်နေလိုက်ပါတော့တယ်။ မနက် မိုးလင်းမှ လှံဆွဲပြီး ထွက်လာတယ်။

## ချမ်းသာကြောင်းလေးပါး

အဲဒီအခါမှာ ခေါက်ရှာငှက်က အမြန်ပြန်ပြီး ''မုဆိုး လာပြီ''လို့ ဘုရားလောင်းကုရင်္ဂသမင်အား ပြောပါတယ်။ အဲဒီအချိန်မှာ လိပ်က သားရေကြိုးကိုကိုက်ဖြတ်တာ တစ်ကြိုးပဲ ကျန်ပါတော့တယ်။ တစ်ညလုံး ကိုက်ရတာဆိုတော့ လိပ်ခမျာမှာ လဲ သွားတွေကြွေကျမတတ်ဖြစ်နေပါတယ်၊ ပါးစပ် ကသွေး တောင်ထွက်နေပါတယ်၊ အဲသလိုနဲ့ မုဆိုးလည်း ရောက်လာ ပြီဆိုပါတော့။

### ဘယ်သူသေသေ ငတေမာရင်ပြီးရော

ဘုရားအလောင်းတော်က လုံထမ်းလျက် မိုးကြိုးပစ် သလိုတဲ့၊ အလျင်အမြန် အပြေးအလွှားလာနေတဲ့ မုဆိုးကို မြင်တဲ့အခါ အားနဲ့ရုန်းလိုက်တော့ သားရေကျော့ကွင်း ပြတ်ပြီး တောထည်း ပြေးဝင်သွားပါတော့တယ်၊ ခေါက်ရှာငှက်က သစ်ပင်ပေါ်မှာ နားနေပါတယ်။

အဲဒီအခါ မုဆိုးက လိပ်ကိုကောက်ပြီး အိပ်ထည်း ထည့် သစ်ငုတ်မှာချိတ်ထားပါတယ်၊ ဘုရားအလောင်းတော် သမင်က ပြန်လှည့်ကြည့်တဲ့အခါ လိပ်ကို မုဆိုးကောက်ယူနေတာ မြင်သွားပါတယ်။

ဒီမှာ ဦးဇင်းတို့ သူတော်စင်တို့တွေ သင်ခန်းစာ ယူသင့်ပါတယ်၊ 'စံ'နမူနာယူသင့်ပါတယ်။ တိရစ္ဆာန်တွေ တောင် သေဘေးနဲ့ကြုံတွေ့နေရပေမဲ့ ကိုယ်လွတ်မရုန်းပဲ အချင်းချင်း

အပေါ် ငဲ့ကြပါတယ်၊ စာနာထောက်ထားကြ ပါတယ်။

ဦးဇင်းတို့ လူသားတွေလည်း အချင်းချင်းအပေါ် ''ဘယ်သူသေသေ ငတေမာပြီးရော''ဆိုတဲ့သဘော အတ္တကြီးတဲ့သဘောကိုပယ်ရှားပြီး လူသားအချင်းချင်းအပေါ် ငဲ့ကြမယ်၊ စာနာထောက်ထားကြမယ်၊ မေတ္တာ ထားကြမယ် ဆိုရင်-- လောကကြီးဟာ ဘယ်လောက် သာယာချမ်းမြေ့ ဖွယ်ကောင်းလိုက်လေမလဲ။

## ခေါင်းငိုက်စိုက်ချကာ

အဲသလို မုဆိုးက လိပ်ကို ကောက်ယူတာ တွေ့ရ တော့ ''ငါရဲ့ အဆွေခင်ပွန်းဖြစ်တဲ့လိပ်အား အသက်ကယ်မယ်'' လို့ဆုံးဖြတ်ချက်ချပြီးတော့ မုဆိုးအား အားမရှိလေဟန် မသွားနိုင်တော့ဟန် ပြပါတယ်။

မုဆိုးက 'ဒီသမင် အားမရှိတော့ဘူး၊ ဒီသမင်ကို ငါသတ်မယ်'လို့ကြံစည်ပြီး လုံကိုလက်စွဲကာ အပြေးအလွှား လိုက်ပါတယ်။ သမင်က မုဆိုးရှေ့က ကိုယ်ရောင်ပြပြေးရင်း ပြေးရင်း တောထဲဝင်သွားပါတယ်။ မုဆိုးကို လှည့်ပတ်ဖြား ယောင်းရင်း မျက်ချည်ဖြတ်ပြီးတော့ လိပ်ဆီပြန်လာပါတယ်၊ ချိုနဲ့ အိပ်ကိုချီမပြီး အိပ်ထည်းကနေ လိပ်ကိုထုတ်ပါတယ်။ အဲဒီအခါမှာ ခေါက်ရှာငှက်ကလည်း အောက်သို့ဆင်းလာ ပါတယ်။ ဘုရားအလောင်းတော်သမင်က---

## ချမ်းသာကြောင်းလေးပါး

"ငါဟာ အသင်တို့ကိုမှီ၍ အသက်ရှင်ခွင့်ကို ရပါတယ်၊ အသင်တို့ဟာ အဆွေခင်ပွန်းဖြစ်သော ငါ့ကို ပြုလုပ်သင့် ပြုလုပ်ထိုက်တဲ့အမှုကိုပြုကြပါတယ်။ မုဆိုးလာပြီး သင်တို့ကို ဖမ်းပါလိမ့်မယ်။

ခေါက်ရှာငှက် ! သင်ဟာ သားငယ် သမီးငယ်တို့ကို ခေါ်ပြီး အခြားအရပ်သို့သွားပါ။ အဆွေလိပ်! သင်လည်း ရေထဲသို့ဆင်းပါတော့" လို့ ပြောပါတယ်။

တော်တော်ကြာမှ မုဆိုးလည်း ရေအိုင်နား ပြန်လာတဲ့အခါ ဘာမှမတွေ့ရတော့ဘဲ ခုနက လိပ်ကို ထည့်ထားတဲ့ အိပ်ပေါက်ကိုသာ ကောက်ယူပြီးတော့ စိတ်ပျက် လက်ပျက်နဲ့ ခေါင်းငိုက်စိုက်ချကာ အိမ်ပြန်သွားပါတော့တယ်။

### ချစ်ခြင်းကို မခွဲကြပါ

အဆွေခင်ပွန်းသုံးဖော်ဖြစ်ကြတဲ့ ကုရင်္ဂသမင်ရယ်, ခေါက်ရှာငှက်ရယ်, လိပ်ရယ်၊ သူတို့သုံးဦး တစ်ဦးနဲ့တစ်ဦး "**ဝိဿာသံ အစ္ဆိန္ဒိတွာ**"တဲ့ ။ **ဝိဿာသံ**-အကျွမ်းဝင်ခြင်း ချစ်ခြင်းကို၊ **အစ္ဆိန္ဒိတွာ**-မဖြတ်မူ၍, မခွဲမူ၍၊ တစ်ဦးနဲ့တစ်ဦး အကျွမ်းဝင်ခြင်းကို မဖြတ်ပဲ ချစ်ခြင်းကို မခွဲကြဘဲ စည်းစည်း လုံးလုံးနဲ့ ညီညီညွတ်ညွတ်နဲ့ အသက်ထက်ဆုံး နေသွားကြပြီးတော့ ကံအားလျော်စွာ လားရာဂတိရောက်ရှိကြပါတယ်။

ဒီဇာတ်တော်မှာ အဆွေခင်ပွန်းသုံးဦး မုဆိုးရဲ့ လက်

ထဲကလွတ်အောင် အသက်ချမ်းသာရာရအောင် ညီညီညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံးနဲ့ တက်တက်ကြွကြွနဲ့ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို ကိုယ်စီကိုယ်စီ တက်ညီလက်ညီ ပြုလုပ်ကြတဲ့အတွက်ကြောင့် မုဆိုးလက်က လွတ်ရခြင်း အသက်ချမ်းသာရာရခြင်း ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် ဒီဇာတ်တော်ကို ပေါင်းတော်မူတဲ့ အခါ မုဆိုးက ဒေဝဒတ်ဖြစ်ပါတယ်။ ပရိသတ်ရေ မုဆိုးက?

"ဒေဝဒတ်ပါဘုရား"။

ခေါက်ရှာငှက်က ရှင်သာရိပုတ္တရာဖြစ်ပါတယ်။ ခေါက်ရှာငှက်က?

"ရှင်သာရိပုတ္တရာပါဘုရား"။

လိပ်က ရှင်မောဂ္ဂလာန်ဖြစ်ပါတယ်။ လိပ်က?

"ရှင်မောဂ္ဂလာန်ပါဘုရား"။

ကုရင်္ဂသမင်က မြတ်စွာဘုရားဖြစ်တော်မူပါတယ်။ ကုရင်္ဂသမင်က?

"မြတ်စွာဘုရားပါဘုရား"။

ဒါကြောင့် ညီညွတ်ကြတဲ့ပုဂ္ဂိုလ်တို့ရဲ့ ညီညီညွတ် ညွတ်ဆောင်ရွက်ကြတဲ့ပုဂ္ဂိုလ်တို့ရဲ့ ဆောင်ရွက်ချက်ဟာ ချမ်းသာကြောင်းပါပဲ၊ ဆိုကြည့်ရအောင် -

## ချမ်းသာကြောင်းလေးပါး

ညီညွတ်ကြသူ၊ များရှင်လူ၏၊ ပြုမူဖွယ်ရာ၊ အဖြာဖြာ၊ မှတ်ပါချမ်းသာကြောင်း။ (၃-ခေါက်ဆို)

ဒါနံပါတ်(၄)တဲ့၊ ညီညွတ်ကြတဲ့ပုဂ္ဂိုလ်တွေရဲ့ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ မိမိတို့ရဲ့ လုပ်ငန်းကိစ္စအသီးသီးကို ပြုမူဆောင်ရွက်နေခြင်းဟာလဲ ချမ်းသာကြောင်းပဲ။ ကဲ-ယခု သာသနရက္ခိတဘုံဆွမ်းလောင်းအသင်းရဲ့ ၃-နှစ် ပြည့်အောင်ပွဲအထိမ်းအမှတ် အကြိုဓမ္မသဘင်ဆိုတော့ ပြောပြခဲ့တဲ့အတိုင်း သာသနရက္ခိတ ဘုံဆွမ်းလောင်းအသင်း လူငယ်ကလေးတွေ တက်တက်ကြွကြွနဲ့ ဆွမ်းတွေချက်ကြပါတယ်၊ ဆွမ်းတွေလောင်းကြပါတယ်။

အဲသလို လောင်းတဲ့လှူတဲ့အခါမှာ ဦးဇင်းတို့ အကျဉ်းချုပ်လေးပေါ့။ သုတ်မဟာဝါပါဠိတော်မှာ ပါယာသိသုတ္တန်ဆိုတဲ့ သုတ္တန်တစ်ခုရှိတယ်၊ အဲဒီသုတ္တန်မှာ ပါယာသိမြို့စားတဲ့၊ ဘာမြို့စားတဲ့လဲ?

"ပါယာသိမြို့စားပါဘုရား"

### ဥစ္ဆေဒဒိဋ္ဌိ

အဲဒီ ပါယာသိမြို့စားအား နတ္ထိကဝါဒလို့ခေါ်တဲ့ မိစ္ဆာအယူရှိပါတယ်၊ နတ္ထိကဝါဒဆိုတာ-

* တမလွန်လောကဆိုတာ မရှိဘူး၊

*　ဥပပါတ်သတ္တဝါတွေ နတ်တွေ ဗြဟ္မာတွေ ပြိတ္တာတွေ ဆိုတာ မရှိဘူး၊

*　ကောင်းစွာပြုအပ်တဲ့ ကုသိုလ်ကံရဲ့အကျိုး၊ မကောင်းသဖြင့်ပြုအပ်တဲ့ အကုသိုလ်ကံရဲ့အကျိုးဆိုတာ မရှိဘူးဆိုတဲ့ ဝါဒပါ။

ပါယာသိမြို့စားရဲ့ နတ္ထိကဝါဒက မိစ္ဆာဒိဋ္ဌိ(၆၂)ပါး ထဲမှာ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါတယ်။ ဟိုတစ်နေ့က ဒကာတစ် ဦးက မိစ္ဆာဒိဋ္ဌိ(၆၂)ပါး သိချင်လို့ အမိန့်ရှိပါဘုရားလို့ လျှောက်ထားလာပါတယ်။ အကျဉ်းချုပ် ပြောပြလိုက်ပါတယ်၊ အကျယ်ကို သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ် မြန် မာပြန် ကြည့်ပါလို့ ပြောလိုက်ရပါတယ်။

## မိစ္ဆာဒိဋ္ဌိ(၆၂)ပါး

အခု မိစ္ဆာဒိဋ္ဌိ(၆၂)ပါးကို အကျဉ်းချုပ်လေး ဗဟုသုတ ဖြစ်ဖွယ် ပြောပြပါအုံးမယ်။

| | | |
|---|---|---|
| သဿတဝါဒ- | တည်မြဲအယူ | ၄-ပါး |
| ဧကစ္စသဿတဝါဒ- | အချို့တည်မြဲ အချို့ မတည်မြဲအယူ | ၄-ပါး |
| အန္တာနန္တိကဝါဒ- | အဆုံးရှိ အဆုံးမရှိအယူ | ၄-ပါး |
| အမရာဝိက္ခေပိက- | အဆုံးမရှိ ပစ်လွှင့်သော အယူ | ၄-ပါး |

## ချမ်းသာကြောင်းလေးပါး

| | | |
|---|---|---|
| အဓိစ္စသမုပ္ပန္နိက- | အကြောင်းမဲ့အယူ | ၄-ပါး |
| သညီဝါဒ- | သေပြီးနောက် သညာရှိ အယူ | ၁၆-ပါး |
| အသညီဝါ- | သေပြီးနောက် သညာမရှိ အယူ | ၈-ပါး |
| နေဝသညီနာသညီဝါဒ- | သေပြီးနောက် သညာမရှိလဲ မဟုတ် ရှိလဲမဟုတ်အယူ | ၈-ပါး |
| ဥစ္ဆေဒဝါဒ | ပြတ်ဆဲအယူ | ၇-ပါး |
| ဒိဋ္ဌာဓမ္မနိဗ္ဗာနဝါဒ | မျက်မှောက်(လောကီ) နိဗ္ဗာန်အယူ | ၅-ပါး |
| | **ပေါင်း--** | **၆၂-ပါး** |

ဖြစ်ပါတယ်။

အခုနေအခါ ဗုဒ္ဓဘာသာထဲမှာ မိစ္ဆာဒိဋ္ဌိတွေ ပြန်ခေါင်းထောင်နေကြပါတယ်၊ ဦးဇင်းတို့ သူတော်စင်တို့ သတိထားကြရမှာပါ။

## ရနိုင်တဲ့ဆိုးကျိုးတွေ

တစ်ချို့ကပြောကြပါတယ်၊ ဘဝဆိုတာ မွေးတာနဲ့သေတာကြားမှာပဲရှိတယ်၊ နောင်ဘဝမှ မဖြစ်တော့ဘူးလို့ ပြောကြပါတယ်၊ အဲဒါ ဘာဝါဒလဲဆိုရင် ဥစ္ဆေဒဝါဒဖြစ်ပါတယ်။ ဘာဝါဒဖြစ်ပါသလဲ?

"ဥစ္ဆေဒဝါဒပါဘုရား"။

အဲဒီအယူက ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါတယ်၊ ဘာဒိဋ္ဌိ ဖြစ်ပါသလဲ?

"ဥစ္ဆေဒဒိဋ္ဌိပါဘုရား"။

မြတ်စွာဘုရားက မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ပုဂ္ဂိုလ်အား ရနိုင်တဲ့ဆိုးကျိုးတွေကို အခုလို ဟောတော်မူထားပါတယ်။

မဖြစ်သေးတဲ့ အကုသိုလ်တရားတွေလဲ ဖြစ်ကြ ပါတယ်။

ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေလဲ ပိုပြီးတော့ ဖြစ်ကြပါတယ်။

မဖြစ်သေးတဲ့ ကုသိုလ်တရားတွေလဲ မဖြစ်ကြတော့ ပါ။

ဖြစ်ပြီးတဲ့ ကုသိုလ်တရားတွေလဲ ဆုတ်ယုတ်ကြပါတယ်လို့ အင်္ဂုတ္တိုရ် ဧကကနိပါတ်မှာ မိန့်တော်မူထား ပါတယ်။

## နောင်ဘဝမှာ မဆုံရပါစေနဲ့

ပါယာသိမြို့စားက သူကိုယ်တိုင်မလှူဘဲနဲ့ လှူဘို့ ပစ္စည်းတွေထုတ်ပေးပါတယ်၊ ဆန်ကွဲထမင်းရယ် ပုံးရည် ဟင်းရယ် ဒီနှစ်မျိုးကိုပဲ စားစရာအနေနဲ့လှူခိုင်းပါတယ်။ အဝတ်ကြတော့ ချည်ထုံးချည်မျှင်တွေတန်းလန်းနဲ့ ထူတဲ့ အဝတ် ကြမ်းပေဆိုတဲ့ အဝတ်တွေကို လှူခိုင်းပါတယ်။

သူ့ရဲ့တပည့်ဖြစ်တဲ့ ဥတ္တရလုလင်ကို စီမံခိုင်းပါတယ်၊ ခေါင်းဆောင်ပြီး လှူဒါန်းခိုင်းပါတယ်။ ဥတ္တရလုလင်က

## ချမ်းသာကြောင်းလေးပါး

သမဏာတွေကို လှူဒါန်းပါတယ်၊ ဗြဟ္မဏာတွေကို လှူဒါန်းပါတယ်၊ ခရီးသွားတွေကို လှူဒါန်းပါတယ်၊ အထီးကျန်မွဲဆင်းရဲတဲ့ပုဂ္ဂိုလ်တွေ နွမ်းပါးတဲ့ပုဂ္ဂိုလ်တွေကို လှူဒါန်း ပါတယ်၊ တောင်းစားတဲ့သူတို့ကို လှူဒါန်းပါတယ်။

အဲဒီအလှူပွဲမှာ ခေါင်းဆောင်ပြီးတော့လှူတဲ့ ဥတ္တရလုလင်က အခုလို ဆုတောင်းပါတယ်။

"ဒီအလှူကြောင့် ပါယာသိမြို့စားကို သူ ဒီဘဝမှာသာ တွေ့ရဆုံရပါစေ၊ နောင်ဘဝမှာ မတွေ့ရ မဆုံရပါစေနဲ့"လို့ ဆုတောင်းပါတယ်။ အဲဒီတော့ ပါယာသိမြို့စားက အကျိုးအကြောင်း ခေါ်မေးပါတော့တယ်။ ဘာကြောင့် ဒီလို ဆုတောင်းရတဲ့အကြောင်း မေးပါတယ်။

## စားဖို့ ဝတ်ဖို့ ဝေလာဝေး

အရှင်မြို့စားရဲ့ အလှူမှာ စားစရာအနေနဲ့ ပုံးရည်ဟင်းနဲ့ဆန်ကွဲထမင်းသာ လှူပါတယ်၊ အဲဒီစားစရာတွေကို အရှင်မြို့စား ခြေနဲ့တောင် တို့ချင်မှာမဟုတ်ပါဘူး၊ စားဖို့ ဝေလာဝေးပါ၊ အဝတ်အနေနဲ့ ချည်ထုံးချည်မျှင်တန်းလန်းနဲ့ အဝတ်ကြမ်းတွေကိုသာ လှူပါတယ်၊ အဲဒီအဝတ်တွေကိုလဲ အရှင်မြို့စားခြေနဲ့တောင်တို့ချင်မှာမဟုတ်ပါ၊ ဝတ်ဖို့ဆိုတာ ဝေလာဝေးပါလို့ ဥတ္တရလုလင်က သံတော်ဦးတင်ပြပါတယ်။

အဲဒီကျမှ ပါယာသိမြို့စားက မောင်ဥတ္တရ ! ဒီလို

ဆိုရင် ဒို့သုံးဆောင်တဲ့စားဖွယ်ကိုသာ လှူပါ၊ ဒို့ဝတ်တဲ့ အဝတ်ကိုသာ လှူပါ-လို့ မိန့်ပါတော့တယ်။ ဥတ္တရလုလင်က ပါယာသိမြို့စားပြောတဲ့အတိုင်း ကောင်းတဲ့စားဖွယ်တွေနဲ့ ကောင်းတဲ့အဝတ်တွေကိုသာ လှူပါတော့တယ်။

## ကုက္ကိုပြင်ရှိတဲ့ဗိမာန်

အဲဒီလိုလှူဒါန်းတဲ့အခါမှာ ခုနက တကယ်လှူစရာ ပစ္စည်းတွေ စိုက်ထုတ်ပြီးတော့ပေးတာက ဘယ်သူလဲဆိုရင်

"ပါယာသိမြို့စားပါဘုရား"။

အဲဒီပါယာသိမြို့စားတာဝန်ပေးတဲ့ ခေါင်းဆောင်ပြီး လှူဒါန်းတဲ့ပုဂ္ဂိုလ်က

"ဥတ္တရလုလင်ပါဘုရား"။

ကဲ တိုတိုပြောမယ်ဆိုရင် ပါယာသိမြို့စား ကွယ်လွန်သွားတဲ့အခါမှာ ဘယ်ရောက်လဲဆိုရင် စတုမဟာရာဇ်ဘုံ နန်းမှာ၊ စတုမဟာရာဇ်ဘုံမှာ သေရီသကဗိမာန်တဲ့၊ သေရီ သကဗိမာန် ဆိုတာ တံခါးဝရဲ့အနီးမှာ ကုက္ကိုပြင်ရှိတဲ့ ဗိမာန်တဲ့၊ အဲဒီ သေရီသကဗိမာန်မှာ စတုမဟာရာဇ်နတ် ရုက္ခစိုးနတ် ဖြစ်တာတဲ့။

သူကတော့မြို့စားပဲ၊ မြို့စားဖြစ်ပေမဲ့ သူရဲ့ပစ္စည်း ပစ္စယတွေငွေကြေးတွေ ထုတ်ပေးပြီးတော့ အလှူနိုင်းတာပါ။ ဒါပေမဲ့ ဖြစ်တဲ့အခါကြတော့ ဘယ်သွားဖြစ်သလဲဆိုတော့ ခုနကပြောပြခဲ့တဲ့ စတုမဟာရာဇ်နတ်ပြည် သေရီသက ဗိမာန်၊

## ချမ်းသာကြောင်းလေးပါး

မြန်မာလိုရှင်းအောင်ပြောမယ်ဆိုရင် တံခါးဝရဲ့အနီးမှာ ကုက္ကိုပင်ရှိတဲ့ဗိမာန်မှာသွားပြီးဖြစ်ပါတယ်။

## တက်တက်ကြွကြွ လှူဒါန်းကြ

ကဲ ကြောင့်ကြစိုက်ပြီးတော့လှူဒါန်းတဲ့ ဥတ္တရလုလင်က ဘယ်မှာသွားဖြစ်သလဲဆိုရင် တာဝတိံသာနတ်ပြည်၊ ဘာနတ်ပြည်တဲ့လဲ?

"တာဝတိံသာနတ်ပြည် ပါဘုရား"။

ဟုတ်တယ်၊ တာဝတိံသာနတ်ပြည်မှာ သွားဖြစ်တာ၊ ဒါကြောင့် **"ဥပပန္နော ဒေဝါနံ တာဝတိံသာနံ သဟဗျတံ"** လို့ စာမှာဆိုထားတယ်။

ကဲ သာသနရက္ခိတဘုံ ဆွမ်းလောင်းအသင်းဆိုရင် နာယကကြီးဦးဆောင်ပြီးတော့ ကဲ- ကိုငွေးက,ဦးဆောင်ပြီး တော့ တက်တက်ကြွကြွနဲ့ လူငယ်တွေနဲ့ တက်တက်ကြွကြွ လှူဒါန်းကြပါတယ်။

## နွားကျောင်းသားဘဝ

ဘုရားလက်ထက်က အရှင်ဂဝံပတိမထေရ်မြတ်ဆို တာရှိပါတယ်။ အရှင်ဂဝံပတိထေရ်ဟာ ရှေးဘဝက လူ့ဘဝမှာ ဖြစ်ခဲ့ပါတယ်။ နွားကျောင်းသားတွေထဲမှာ အကြီးအမှူးဖြစ်ပါတယ်။

## အရှင်ဣန္ဒိကာဘိဝံသ

တစ်နေ့တော့ ကုက္ကိုပင်ကြီးရဲ့အောက်မှာ ရှင်းလင်းပါတယ်၊ သန့်ပြန့်အောင် သဲခင်းပါတယ်။ အဲဒီနောက် ဆွမ်းခံကြွလာတဲ့ ပိဏ္ဍပါတ်စုတင်ဆောင်တဲ့မထေရ်တစ်ပါးကို သစ်ပင်အောက် ပင့်ပါတယ်။ မထေရ်ကို သစ်ပင်အောက်ထိုင်နိုင်းပြီးတော့ သူ့အတွက်ဝေစုရခဲ့တဲ့အာဟာရကို လှူဒါန်းပါတယ်။

အဲဒီ နွားကျောင်းသားဘဝမှ စုတေတဲ့အခါ ဆွမ်းအာဟာရလှူဒါန်းခဲ့တဲ့အတွက်ကြောင့် စတုမဟာရာဇ်နတ်ပြည် တံခါးဝအနီးမှာ ကုက္ကိုပင်ရှိတဲ့ ငွေဗိမာန်မှာ ဖြစ်ရပါတယ်။

အဲဒီကုက္ကိုပင်က အနှစ်(၅၀)မှ တစ်ကြိမ်သီးပါတယ်။ နတ်သားက အော်- အနှစ်(၅၀)ရောက်ပါပြီပကောလို့ သံဝေဂဖြစ်ပါတယ်။ နတ်သားဟာ ဦးဇင်းတို့မြတ်စွာဘုရား လက်ထက်လူပြည်မှာ လာဖြစ်ပါတယ်။ မြတ်စွာဘုရားရဲ့ တရားတော်ကိုနာရလို့ ရဟန္တာဖြစ်ပါတယ်။

### အရှင်ဂဝံပတိမထေရ်

အရှင်ဂဝံပတိမထေရ်ဟာ စတုမဟာရာဇ်နတ်ပြည် ကုက္ကိုပင်အနီးမှာရှိတဲ့ ငွေဗိမာန်မှာ နေခဲ့ရဘူးတော့ ရှေးအလေ့အကျက်ရဲ့အစွမ်းကြောင့် နေ့ခင်းပိုင်းမှာ အဲဒီ ငွေ ဗိမာန်သို့ အမြဲကြွတော်မူပါတယ်။ အဲဒီဗိမာန်က ရာသီ ဥတုလဲ ကောင်းပါတယ်၊ နေရထိုင်ရတာ အေးချမ်းပါတယ်။ ဦးဇင်းတို့ မန္တလေးရာသီဥတုလို မပူပါဘူး။ ပါယာသိ နတ်သားက အရှင်ဂဝံပတိ

မထေရ်ထံရောက်လာပြီးတော့ ရှိခိုးတဲ့အခါမှာ အရှင်ဂဝံပတိ မထေရ်က မိန့်ကြားပါတယ်။

သင်ဟာဘယ်သူလဲ?။

တပည့်တော် ပါယာသိနတ်သားပါဘုရား၊ တပည့် တော် အရှင်ဘဝက ပါယာသိမြို့စား၊ ယခု ပါယာသိနတ် သားပါဘုရား၊ အဲဒီလို လျှောက်ထားပါတယ်။

ပါယာသိမြို့စားဘဝတုန်းက သူက မိစ္ဆာအယူရှိခဲ့ပါ တယ်။ အဲဒီတော့ အရှင်ဂဝံပတိမထေရ်ကမိန့်တော်မူပါတယ်။

သင်က မိစ္ဆာအယူရှိတဲ့ပုဂ္ဂိုလ်မဟုတ်လား?။

သူကဘာလဲဆိုရင်-

တမလွန်လောကဆိုတာမရှိဘူး၊

ဥပပါတ်သတ္တဝါတွေ နတ်တွေဗြဟ္မာတွေ ပြိတ္တာတွေ ဆိုတာ မရှိဘူး၊

ကောင်းစွာပြုအပ်တဲ့ ကုသိုလ်ကံရဲ့အကျိုး, မကောင်း သဖြင့်ပြုအပ်တဲ့ အကုသိုလ်ကံရဲ့အကျိုးဆိုတာ မရှိဘူးတဲ့။ သူကအဲဒီလို မကောင်းတဲ့အယူ မိစ္ဆာအယူရှိခဲ့ပါတယ်။

## မိစ္ဆာအယူက ကင်းကွာ

တပည့်တော် မိစ္ဆာအယူရှိခဲ့ပါတယ်။ ဒါပေမယ်လို့ အရှင်ကုမာရကဿပမထေရ်က ဟောကြားတဲ့အတွက် အရှင်ကုမာရကဿပမထေရ်ရဲ့ တရားကိုနာကြားရပြီးတော့

တပည့်တော် အဲဒီမိစ္ဆာအယူက ကင်းကွာပြီးတော့ သွားပါတယ်ဘုရား။

ကင်းကွာပြီးတော့သွားတဲ့အခါမှာ သူက ခုနက ပြောပြခဲ့တဲ့အတိုင်း ပစ္စည်းတွေ၊ငွေကြေးတွေ ထုတ်ပေးပြီးတော့ လှူဒါန်းခိုင်းပါတယ်၊ လှူဒါန်းခိုင်းတဲ့အခါမှာ ဥတ္တရလုလင်ကို သူက လှူဒါန်းခိုင်းပါတယ်။ လှူဒါန်းခိုင်းတဲ့အတွက် စတုမဟာရာဇ်နတ်ပြည်မှာ လာပြီးဖြစ်ရပါတယ်လို့ လျှောက်ထားတယ်။ အဲဒီလိုလျှောက်ထားတဲ့အခါမှာ အရှင်ဂဝံပတိမထေရ်က မေးမြန်းတော်မူပါတယ်။

## ဥတ္တရနတ်သား

ဥတ္တရလုလင်က ဘယ်မှာသွားဖြစ်သလဲ? -လို့မေးတဲ့အခါမှာ-

ဥတ္တရလုလင်က တာဝတိံသာနတ်ပြည်မှာ ဖြစ်ပါတယ်ဘုရားလို့ လျှောက်ထားပါတယ်။

**တာဝတိံသာနံ ဒေဝါနံ** - တာဝတိံသာနတ်တို့၏၊ **သဟဗျတံ**-အပေါင်းအဖော်၏အဖြစ်သို့၊ **ဥပပန္နော**-ဖြစ်ရပါ ပြီ၊ **ဣတိ**-ဤသို့၊ **ပါယာသိဒေဝပုတ္တော**-ပါယသိနတ်သား သည်၊ **အာယသ္မန္တံဂဝံပတိတ္ထေရံ**-အရှင်ဂဝံပတိမထေရ်ကို၊ **အဝေါစ**-ကောင်းစွာမသေွ လျှောက်ထားလေတော့သတည်း။

သာဓု- သာဓု- သာဓု၊

## ချမ်းသာကြောင်းလေးပါး

အဲဒီမှာ ခုနကပြောခဲ့တဲ့ မြို့စားကတော့ နိမ့်တဲ့ စတုမဟာရာဇ်ဘုံမှာဖြစ်ပြီးတော့ ဦးစီးဦးဆောင်ကြောင့်ကျစိုက်ပြီးတော့လှူဒါန်းခဲ့တဲ့ဥတ္တရလုလင်က အထက် တာဝတိံသာနတ်ပြည်မှာ ဘယ်လိုကြောင့် ဖြစ်ရတာလဲဆိုရင် သူကဆက်ပြီးတော့လျှောက်ထားပါတယ်။

### အကြောင်းကြောင့် အကျိုးရ

ဥတ္တရလုလင်က-

၁။ ကံနှင့်ကံရဲ့အကျိုးတရားကို ယုံကြည်ပြီးတော့ ပေးလှူခဲ့တဲ့အတွက်ကြောင့်၊

၂။ ကိုယ်တိုင် ကိုယ်လက်နဲ့ လှူခဲ့တဲ့အတွက်ကြောင့်

၃။ လှူဖွယ်ဝတ္ထုနှင့်အလှူခံပုဂ္ဂိုလ်တို့အပေါ်မှာမြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး လှူခဲ့တဲ့အတွက်ကြောင့်

၄။ စွန့်ပစ်သလိုမဟုတ်ပဲ ရိုရိုသေသေ လေးလေးစားစားလှူခဲ့တဲ့အတွက်ကြောင့်-တာဝတိံသာနတ်ပြည်မှာ ဖြစ်ရပါကြောင်း လျှောက်ထား ပါတယ်။

တပည့်တော်ကတော့-

၁။ ကံနှင့်ကံရဲ့အကျိုးတရားကို မယုံကြည်ပဲ ပေးလှူခဲ့တဲ့အတွက်ကြောင့်၊

၂။ ကိုယ်တိုင် မလှူခဲ့တဲ့အတွက်ကြောင့်၊

၃။ လှူဖွယ်ဝတ္ထုနှင့်အလှူခံပုဂ္ဂိုလ်တို့အပေါ်မှာမြတ်မြတ်

နိုးနိုး တန်ဖိုးထားပြီး မလှူခဲ့တဲ့အတွက်ကြောင့်၊

၄။ စွန့်ပစ်သလို လှူခဲ့တဲ့အတွက်ကြောင့်-

စတုမဟာရာဇ်နတ်ပြည် သေရီသကဗိမာန်မှာ ဖြစ်ရပါကြောင်း လျှောက်ထားပါတယ်။

**သက္ကစ္စဒါန**

အရှင်ဘုရား ! အရှင်ဘုရားလူ့ပြည်ရောက်တဲ့အခါ မှာ လူတွေကို အမိန့်ရှိပေးပါဘုရားတဲ့။ လူပြည်ကို ပြန် ရောက်ပြီဆိုရင် အရှင်ဘုရား လူတွေကိုဘယ်လို အမိန့်ရှိ ရမလဲဆိုရင်-

**"သက္ကစ္စံ ဒါနံ ဒေထ"**

**သက္ကစ္စံ**-ကံနှင့်ကံ၏အကျိုးတရားကို ယုံကြည်သည် ကိုပြု၍၊ **ဒါနံ**-စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ဒါနကို၊ **ဒေထ**-ပေးလှူကြပါကုန်လော။

အရှင်ဘုရား လူပြည်ပြန်ရောက်ရင် လူ့လောက လူသားတွေကို အရှင်ဘုရားအမိန့်ရှိပေးပါဘုရားတဲ့၊ လှူဒါန်း တဲ့အခါမှာ သက္ကစ္စဒါန၊ ဘာဒါနတဲ့လဲ?။

"သက္ကစ္စဒါနပါဘုရား"။

ကဲ တချို့နေရာမှာဆို ဒါ ရိုရိုသေသေ လေးလေး စားစားလှူတယ်။ ဒီနေရာမှာတော့ ကံနှင့်ကံ၏အကျိုး တရားကိုယုံကြည်ပြီးတော့ပေးလှူကြ၊ ကံနှင့်ကံ၏အကျိုး

တရားကို မယုံကြည်ပဲနဲ့ မပေးလှူကြပါနဲ့၊ အဲဒီလိုလဲ သူက အပြန်အလှန် လျှောက်ပါတယ်။

ဒါကြောင့်မို့ ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ အလှူဒါနပြုလုပ်ပြီဆိုရင် ကံနှင့်ကံ၏အကျိုးတရားကို ယုံကြည်ပြီး ပေးလှူရပါမယ်တဲ့။

ကံဆိုတာ ကုသိုလ်ကံရယ် အကုသိုလ်ကံရယ်လို့ နှစ်မျိုးရှိပါတယ်။ မိမိတို့ပေးလှူပြီဆိုရင်တော့ ကုသိုလ်ကံပေါ့၊ အဲဒီလိုပေးလှူခြင်းဆိုတဲ့ ကုသိုလ်ကံပြုရင် အဲဒီကုသိုလ်ကံကြောင့် ကောင်းကျိုးတွေရတယ်။ အဲဒီလိုသိမြင်ပြီးတော့ ပေးလှူကြပါ။

ဗုဒ္ဓဘာသာဝင်သူတော်စင်တိုင်း သူတော်စင်တိုင်း ဒီတရားကိုနာရပြီးတော့ မိမိတို့တတွေ ကုသိုလ်ပြုပြီဆိုရင် မိမိတို့ရဲ့ဒါနသည် 'သက္ကစ္စဒါန'ဖြစ်ရပါမယ်။ ကံနှင့်ကံ၏ အကျိုးတရားကို ယုံကြည်သိမြင်ပြီးတော့ ပေးလှူကြပါလို့ အရှင်ဘုရား မိန့်ကြားပေးပါဘုရားလို့ သူ့ကိုယ်တွေနဲ့ယှဉ်ပြီး လူတွေအား မိန့်ကြားပေးဘို့ လျှောက်ထားခြင်းဖြစ်ပါတယ်။

## ကိုယ်ထိလက်ရောက်လှူကြ

နောက်ဆက်ပြီးတော့ နံပါတ်နှစ်အနေနဲ့-

**"သဟတ္ထာ ဒါနံ ဒေထ"**

**သဟတ္ထာ(သဟတ္ထေန)**-မိမိလက်ဖြင့် ကိုယ်ထိလက်

ရောက်၊ **ဒါန်**-လှူဖွယ်ဝတ္ထုအစုစုကို၊ **ဒေထ**-ပေးလှူကြပါကုန်လော့။

မိမိတို့ အလှူဒါနပြုပြီဆိုရင် စွန့်ကြဲပေးကမ်း လှူဒါန်းပြီဆိုရင် မိမိလက်နဲ့ ကိုယ်တိုင်လှူကြပါ။ အဲဒီလို မိန့်ကြားပြီးတော့ပေးပါဘုရား။

ကဲ- ဦးဇင်းတို့ ဒါကြောင့် ဆရာတော်တွေအား လှူပြီတန်းပြီဆိုရင် ဆရာတော်တွေက ဆက်ကပ်နိုင်းပါတယ်၊အဲ အခုကြွရောက်လာကြတဲ့ ဒကာ၊ဒကာမအပေါင်း သူတော် ကောင်းတို့တတွေအားလုံးပဲ အိမ်မှာ ဆွမ်းကပ်ပြီ၊ သို့မဟုတ် ကျောင်းလာဆွမ်းကပ်ပြီ၊ ဆွမ်းလောင်းပြီဆိုပါတော့။ မိမိတို့ ကိုယ်တိုင်ကိုယ်ထိလက်ရောက်လှူကြပါ။

ဒကာမတွေဆိုရင် မိမိတို့ကိုယ်တိုင် ဆေးကြော ချက်ပြုတ်ပြီးတော့ ကိုယ်တိုင်လောင်းလှူကြတာပါ။ ထို့အတူပဲ သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်းပြီး လှူပြီ ဆိုရင်လဲ မိမိတို့ကိုယ်တိုင်လှူကြရပါတယ်။ ဒါကြောင့်မို့ ဘာပဲလှူလှူ မိမိတို့လှူပြီဆိုရင် မိမိတို့ကိုယ်တိုင်လှူပါ၊ ကိုယ့်လက်နဲ့လှူပါ။

ကဲ- အခု ပါယာသမြို့စားက လှူဖွယ်ပစ္စည်းတွေ ထုတ်ပေးပြီးတော့ ဥတ္တရလုလင်က ကိုယ်တိုင်ကိုယ်ကြ လှူတဲ့အတွက် သူဟာ တာဝတိံသာနတ်ပြည်မှာဖြစ်ရတာပါ။

ဒီပါယာသိနတ်သား လျှောက်ထားချက်ကိုကြည့်ပြီးတော့ ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ နံပါတ်နှစ် အနေနဲ့

## ချမ်းသာကြောင်းလေးပါး

စွန့်ကြဲပေးကမ်းလှူဒါန်းတဲ့အခါမှာ ယခုလို ဆွမ်း လောင်းတဲ့အခါ အခြားအခြားသော လှူတန်းဖွယ်တွေ လှူပြီ တန်းပြီဆိုရင် မိမိလက်နဲ့လှူဒါန်းရပါမယ်။

ဒါကြောင့်မို့ လူတွေပြောကြပါတယ်၊ 'သဟတ္ထိကဒါန' တဲ့။ ဘာဒါနတဲ့လဲ?

"သဟတ္ထိကဒါနပါဘုရား"။

သဟတ္ထိကဒါနနဲ့စပ်ပြီးတော့ မှတ်သားဖွယ် အကြောင်း လေး ပြောပြပါအုံးမယ်။

ရွှေရတု တိပိဋကဓရဆရာတော် ဘဒ္ဒန္တဝံသပါလာ လင်္ကာရရဲ့ ရဟန်းမယ်တော်ကြီး ဒေါ်ရွှေညွှန့်-တဲ့။ သူ့ကို အမေညွှန့်လို့ ခေါ်ကြပါတယ်။ မင်းကွန်း တိပိဋကဓရဆရာ တော်ရဲ့ တပည့်ရင်းချာ ဖြစ်ပါတယ်။

မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်ကြီးနဲ့ မန္တလေး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တို့ကို တည်ထောင်တဲ့ အခါ **"ကိုယ်တိုင်လဲလှူ၊ တိုက်တွန်းသူ"**ဆိုသလို သူကိုယ်တိုင်လဲ ကျောင်းဆောက်လှူဒါန်းပါတယ်။ အခြားအခြား လိုအပ်တဲ့ပစ္စည်းတွေကိုလဲ လှူဒါန်းပါတယ်။ အခြားသူတွေကိုလဲ လှူကြဘို့ တိုက်တွန်းနှိုးဆော်ပေးပါတယ်၊ အလှူခံပေးပါတယ်။

### တစ်ဆယ့်နှစ်သိန်းနဲ့နှစ်သောင်းသာ

မိန်းမသားဖြစ်ပေမဲ့အတော် အရှိန်အဝါကြီးပါတယ်။

အားလုံးကလဲ လေးစားကြပါတယ်။ အဲဒီ ဒေါ်ရွှေညွန့်က မန္တလေး အောင်မြေသာစံမြို့နယ် သူဌေးတန်းရပ်မှာနေပါတယ်။ သူမဆုံးခင် တစ်လကျော်ကျော်လောက်အလိုမှာ သူပိုင်တဲ့မြေနဲ့ တိုက်စတဲ့ပစ္စည်းတွေကို မင်းကွန်း တိပိဋက နိကာယကျောင်း တိုက်နဲ့ ဘဒ္ဒန္တဝံသပါလာလင်္ကာရတို့အား လှူဒါန်းသွားပါတယ်။

ဦးဇင်းတို့ကျောင်းကိုလည်း ၅-ခန်း၊ ၃-ခန်း၊ RCတစ်ထပ် ဘဏ္ဍာဂါရကျောင်းဆောက်ရန် ၁၂-သိန်း လှူဒါန်းပါတယ်။ အဲဒီ ၁၉၉၅-ခုနှစ်က ၅-ခန်း၊ ၃-ခန်း၊ RCတစ်ထပ်ဆောင်ဟာ ၁၂-သိန်းနဲ့ ၂-သောင်းပဲ ကုန်ကျပါတယ်။

ဦးဇင်းပြောပြလိုတာက တိပိဋကရေမယ်တော်ကြီး ဒေါ်ရွှေညွန့်ဟာ သူ့မသေခင် သတိရှိနေစဉ် အသိရှိနေစဉ် သူကိုယ်တိုင်သူ့လက်နဲ့ ရေစက်ချ လှူဒါန်းသွားပုံဖြစ်ပါတယ်။

## ကိုယ့်လက်နဲ့ ကိုယ်တိုင်လှူ

ဦးစကြီး+ဒေါ်တင်ရဲ့ သမီးဖြစ်တဲ့ ဒါယိကာမကြီး ဒေါ်သောင်း (၈၂)နှစ်က ဦးဇင်းကို အခုလို လျှောက်ထားပါတယ်။

"အမေညွန့်လုပ်သွားပုံလေး ကောင်းလိုက်တာ၊ မသေခင် သူကိုယ်တိုင် ရေစက်ချ လှူဒါန်းသွားတာ"လို့ အားရဝမ်းသာ လျှောက်ထားတာပါ။

ဦးစကြီး+ဒေါ်တင်ဆိုတာ သူတော်စင်တို့ သိကြတဲ့ အတိုင်း

## ချမ်းသာကြောင်းလေးပါး

မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးမှာ O-P-Tအဆောင်ရယ် စက်လှေကားရယ် ဆေးရုံသုံးပစ္စည်း တွေရယ် သိန်းနှစ်ထောင်ဖိုးခန့် လှူဒါန်းထားပါတယ်။ ပြဟ္မ စိုရ်မှာလဲ သိန်းတစ်ထောင့်ငါးရာ လှူဒါန်းထားပါတယ်။ အခြားအခြား နေရာအနှံ့အပြားမှာလဲ "ဦးစကြီး+ဒေါ်တင် သားသမီးတစ်စု ကောင်းမှု"ဆိုတဲ့ လှူဒါန်းထားတဲ့ အဆောက်အုံတွေကို တွေ့မြင်ကြမှာပါ။

ဒါကြောင့်မို့ မိမိတို့လှူတဲ့အခါမှာ အမြဲတမ်း ကိုယ်ထိ လက်ရောက်လှူပါ၊ ကိုယ့်လက်နဲ့ ကိုယ်တိုင်ကိုယ်ကြ လှူပေး ရပါမယ်။

### မြတ်မြတ်နိုးနိုး တန်ဖိုးထား

ကဲ နောက်နံပါတ်သုံးအနေနဲ့ လျှောက်ထားတဲ့အခါ မှာ လှူပြည်လှူ့လောကရောက်တဲ့အခါမှာ လူတွေကို

**"စိတ္တီကတံ ဒါနံ ဒေထ"**

**စိတ္တီကတံ** - လှူဖွယ်ဝတ္ထုအစုစုနှင့်အလှူခံပုဂ္ဂိုလ် တို့အပေါ်မှာ မြတ်မြတ်နိုးနိုး လေးလေးစားစားပြု၍၊ **ဒါနံ** - လှူဖွယ်ဝတ္ထုအစုစုကို၊ **ဒေထ** - ပေးလှူကြကုန်လော့။

အလှူပေးပြီ စွန့်ကြဲပေးကမ်းလှူဒါန်းမှုပြုပြီဆိုရင် ကုသိုလ်ပြုပြီဆိုရင် လှူဒါန်းတဲ့ မိမိတို့လှူဖွယ်ပစ္စည်းတွေ ဆွမ်းတွေ ဟင်းတွေ မုန့်ခဲဖွယ်တွေ သစ်သီးတွေကို သန့်သန့်

ရှင်းရှင်း သပ်သပ်ရပ်ရပ်နဲ့ လှလှပပဖြစ်အောင် ကြည်နူးဖွယ် မြတ်နိုးဖွယ်ဖြစ်အောင် ပြင်ဆင်ပြီးတော့ လှူရပါမယ်။

ဆွမ်းတော်တင်တဲ့အခါမှာလည်း ဆွမ်းပန်းကန်ထဲမှာ ဟင်းတွေပုံထည့်ထားတာမျိုး မဟုတ်ဘဲ ဆွမ်းသန့်သန့် ဆွမ်းဟင်း သန့်သန့် တစ်ပါးစာလှူတယ်ဆို ပိုကောင်းတာ ပေါ့။ အဲသလို တစ်ပါးစာဘုန်းပေးလောက်အောင် ပြင်ဆင် ပြီးလှူပါလို့ တိုက်တွန်းပါတယ်။ အဲ- အဲသလိုမတက်နိုင်လဲတက်နိုင် သလောက် လှူနိုင်ပါတယ်။

မြတ်စွာဘုရားရဲ့အပေါ်မှာ မြတ်စွာဘုရားကို ဘုရား ပန်းတင်ပြီဆိုရင်လဲ ဘုရားပန်းကို ရေနဲ့စင်ကြယ်အောင် ဆေးပါ၊ ဘုရားပန်းအိုးကိုလဲ သေသေချာချာဆေးပါ။ ဘုရားပန်းကို လှလှပပဖြစ်အောင် ပြင်ဆင်ပါ။

ဆီမီးတိုင်ထွန်းပြီ အမွှေးတိုင်ထွန်းပြီဆိုရင်လဲ မိမိတို့ လှူတဲ့ ဆီမီးတိုင်အပေါ်ရော အမွှေးတိုင်အပေါ်ရော လှူ ဖွယ်ပစ္စည်းအပေါ်ရော အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ မြတ်စွာဘုရား အပေါ်မှာရော ရိုရိုသေသေ လေးလေးစားစား မြတ်မြတ် နိုးနိုးတန်ဖိုးထားပြီးတော့ လှူပါတန်းပါ။

## ကိုရင်ဒက်ချေးလေးတွေလို့ သဘောမထားရ

ယခုလို ဆွမ်းလောင်းပြီဆိုရင်လဲ ဒီအတိုင်းပဲပေါ့၊ မိမိ တို့ လှူဖွယ်ဝတ္ထုအစုစုမှာရော မိမိတို့လှူဒါန်းတဲ့ သံဃာတော်

တွေအပေါ်မှာရော မွန်မွန်မြတ်မြတ်ပြုပြီးတော့ မြတ်မြတ်နိုးနိုးတန်ဖိုးထားပြီးတော့ လှူဒါန်းပါ။

ကဲ - သာသနရက္ခိတဘုံဆွမ်းလောင်းအသင်းသူအသင်းသားတွေ လှူဒါန်းပြီဆိုရင် ဩော်- ဒါ ကိုရင်လေးတွေပဲ၊ တနည်းအားဖြင့် ကိုယ်ရင်ဒက်ချေးလေးတွေပဲ၊ အဲဒီလို သဘောမထားရပါဘူး။ တကယ့်ကို ရိုရိုသေသေ လေးလေးစားစား မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီးတော့ လှူကြပါ။

ဒါကြောင့် ပါယာသိနတ်သားက အရှင်ဂဝံပတိ မထေရ်ကို အရှင်ဘုရား လူ့ပြည်ရောက်တဲ့အခါမှာ လှူဒါန်း ပြီဆိုရင် လှူဖွယ်ဝတ္ထုအစုစုနှင့် အလှူခံပုဂ္ဂိုလ်တွေအပေါ်မှာ ရိုရိုသေသေ လေးလေးမြတ်မြတ် လေးလေးစားစား တန်ဖိုးထားပြီး လှူကြပါလို့ အရှင်ဘုရား အမိန့်ရှိပေးပါဘုရားလို့ လျှောက်ထားခြင်းဖြစ်ပါတယ်။

## စွန့်ပစ်သလို မလှူပါနဲ့

ကဲ နောက်ဆက်ပြီးတော့ နံပါတ်လေးအနေနဲ့

**"အပဝိဒ္ဓံ ဒါနံ ဒေထ"**

**အပဝိဒ္ဓံ**-စွန့်ပစ်သကဲ့သို့မပြုမူ၍၊ **ဒါနံ**-လှူဖွယ်ဝတ္ထုအစုစုကို၊ **ဒေထ**-ပေးလှူကြကုန်လော့။

လှူပြီတန်းပြီဆိုရင် အသုံးမလိုတော့လို့ စွန့်ပစ် သလိုမျိုး မရိုမသေမလေးမစား မလှူကြပါနဲ့၊ ရိုရိုသေသေ လေးလေး

စားစား လှူကြပါလို့ အရှင်ဘုရား မိန့်တော်မူပေး ပါဘုရားလို့ ဆိုပြီးတော့ ပါယာသိနတ်သားက အရှင်ဂဝံပတိ မထေရ်ကို လူတွေတဆင့်မိန့်ပေးပါလို့ လျှောက်ထားတာပါ။

## ထောင်မြင် ရာစွန့်

အခုလိုလျှောက်ထားတာဟာ လှူတဲ့အခါ သူလို (ပါယာသိလို)မဖြစ်စေလိုလို့ပါ။ တကယ့်ကိုစေတနာနဲ့ လျှောက်ထား ခြင်းဖြစ်ပါတယ်။

ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ မှတ်သား သင့်ပါတယ်။ လှူတဲ့အခါ လက်တွေ့လိုက်နာဖြစ်အောင်ပါ၊ လက်တွေ့ကျင့်သုံးဖြစ်အောင်ပါ။ ဦးဇင်းတို့ မြန်မာက အလှူ အတန်းများပါတယ်။ ကမ္ဘာမှာ မြန်မာလောက် လှူတာ မရှိဘူးလို့ ပြောရမှာပါ။

အဖြူတွေဆိုပါတော့၊ အမည်းတွေလဲ ဒီအတိုင်းပါပဲ။ သူတို့က ပေးပြီးဆိုရင် သူတို့အကျိုးမျှော်ပြီးမှ ပေးကြတာပါ။ ဥပမာ တစ်ကျပ်၊တစ်ဒေါ်လာ ပေးပြီဆိုပါတော့၊ သူတစ် ကျပ်၊တစ်ဒေါ်လာပေးလိုက်တဲ့အတွက် ဘယ်နှစ်ကျပ် ဘယ် နှစ်ဒေါ်လာ ပြန်ရမလဲလို့ မျှော်ပြီးမှ ပေးကြတာပါ။ ဒါ ကြောင့်မို့ မြန်မာစကားပုံမှာ **ထောင်မြင်** ဘာတဲ့လဲ?

**"ရာစွန့်ပါဘုရား"**

## အလှူတွေ ပေါမှပေါ

ဦးဇင်းတို့ မြန်မာတွေက မြို့လဲ,မြို့အလိုက် တောလဲ တောအလိုက် လှူကြတန်းကြပါတယ်။ သီတင်းကျွတ် ကျောင်းပိတ်ချိန်နဲ့ စာမေးပွဲပြီး ကျောင်းကြီးတွေပိတ်ချိန် တပို့တွဲ,တပေါင်းဆိုပါတော့၊ အလှူတွေ ပေါမှပေါ။

ဦးဇင်းတို့ သူတော်စင်တို့ မန္တလေးမှာဆိုရင် တပို့တွဲ တပေါင်းအလှူရာသီတွေမှာ ရှင်လောင်းလှည့်တဲ့အခါ မဟာမုနိဘုရားကြီးတို့ မန္တလေးတောင် ဘိုးဘိုးကြီးတို့မှာ အလှူတွေ များလွန်းလို့ တန်းစီစောင့်နေရပါတယ်။ ပရိသတ်တွေ ကိုယ်တွေ ဖြစ်ပါတယ်။

ဦးဇင်းတို့ကျောင်းမှာတောင် တစ်နှစ်,တစ်နှစ် ရှင်ပြု အလှူလာလာလှူကြတာ ဆယ်လှူ,ဆယ့်ငါးလှူခန့် ရှိပါတယ်။ ကျောင်းတွေမှာလာလှူတော့ မဏ္ဍပ်ဖိုး ဘာဖိုး ညာဖိုး သက်သာတာကိုး။ အပြင်မှာ မဏ္ဍပ်ဖိုးကိုက ဆယ်သိန်းကျော်ပေးရပါတယ်။

ဒါကြောင့် ဦးဇင်းက ကိုရင်တွေ ဦးပဉ္စင်းတွေကို ဩဝါဒ ပေးတဲ့အခါ ပြောရပါတယ်။

''အရှင်ဘုရားတို့ ကျောင်းမှာ အလှူလာလှူကြတော့ ဝေယျာဝစ္စကုသိုလ်ရတာပေါ့။ မပျင်းကြနဲ့၊ ဒို့ ကလေး တုန်းက ရွာကျောင်းမှာ နှစ်စဉ်အလှူတွေရှိပါတယ်။ အလှူကြွလာမဲ့ သံဃာတော်တွေ သီတင်းသုံးဖို့အတွက် နေရာထိုင်ခင်း ခင်းရ,

ကျင်းရပါတယ်၊ ပြင်ဆင်ရပါတယ်။

ဆွမ်းကပ်ဖို့ အချိုပွဲကပ်ဖို့အတွက် ဆေးရ၊ကြောရ ပြင်ရ၊ဆင်ရပါတယ်။ နောက်ဆုံး အလှူပြီးတော့လဲ သိမ်းရ ဆည်းရပါတယ်။ ရွာမှာ ကိုရင်၊ကျောင်းသား နဲနဲလေးပါ။ ဒို့ ဒီမှာ သံဃာတော်တွေ အများကြီးပါ။

## တစ်ဖက်တစ်လမ်းက ကူညီရ

နောက်ပြီးတော့ ဒို့ရဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ သားရှင်ပြုအလှူတော်မင်္ဂလာ ကျောင်းလာပြီး လုပ်ကြတဲ့ အခါ တစ်ဖက်တစ်လမ်းက ကူညီရတာပေါ့။ သူတို့က အရုဏ်ဆွမ်း၊ နေ့ဆွမ်းလဲ ကပ်ကြပါတယ်။ ဒါ အရှင်ဘုရား တို့ တပည့်တော် တို့ကို လာပြီး ဆက်ကပ်ကြတာပါ၊ လှူကြတန်းကြတာပါ။ အလုပ်ပိုတယ်လို့တော့ သဘောမထားကြ ပါနဲ့။ အရှင်ဘုရားတို့ တပည့်တော်တို့မှာ ဝေယျာဝစ္စ ကုသိုလ်ရတာပေါ့” လို့ ပြောပြရပါတယ်။

## ငါးခြောက်ထောင်းနဲ့ကျွေး

ဦးဇင်း ဟိုနေ့က စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ငါးကင်း ရွာ ရဟန်းခံက ပြန်လာပါတယ်။ ငါးကင်းရွာဆိုတာ ဒသမရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး ကိုရင်လေးဘဝက နေခဲ့ဘူးပါတယ်။

## ချမ်းသာကြောင်းလေးပါး

မြောင်းမြဆရာတော်ဘုရားကြီး လောင်းလျာကိုရင် လေးရဲ့ ဆရာဖြစ်ကြတဲ့ ငါးကင်းဆရာတော်ကြီးတွေဟာ ဝိနည်း သိက္ခာပုဒ်ကိုလဲ အလွန်လေးစားကြပါတယ်။ စာပေ လဲပို့ချကြ ပါတယ်၊ တရားလဲ ရှုမှတ်ပွားများ အားထုတ်ကြပါတယ်။ တကယ့် သူတော်ကောင်းကြီးတွေပါ။

အဲဒီ ငါးကင်းရွာက ရွှေရတု တိပိဋကရေဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရရဲ့ ဇာတိဖြစ်တဲ့ ခွက်ခွင်းရွာနဲ့ နီး ပါတယ်။ ငါးကင်းရွာ ရွှေကျောင်း ရဟန်းခံအလှူပွဲမှာ ပင့်သံဃာ(၈၅)ပါး ပင့်ပါတယ်၊ တစ်ပါးတစ်ပါးကို နှစ်သောင်း သုံးထောင်တန် 3,Rifleသင်္ကန်းဒွိစုံ တစ်စုံစီနဲ့ ဇလုံတစ်လုံးစီ လှူပါတယ်။ သူ့သားကိုရင်ကို ရဟန်းခံပေးတာပါ၊ ကိုရင်က ဦးဇင်းတို့ကျောင်းမှာ နေသွားတဲ့ကိုရင်ပါ၊ ရဟန်းမယ်တော် ခမည်းတော်က ကွမ်းသူဌေးတွေ ဖြစ်ပါတယ်။ အလှူမှာ အကူလဲမခံပါဘူး၊ လာသမျှလူတွေနဲ့ ရွာနီးချုပ်စပ်ကလူတွေ ငါးခြောက်ထောင်းနဲ့ ကျွေးပါတယ်။ တောမှာ လှူတဲ့အလှူ တွေက မြို့ထက်တောင် ကုန်ပါသေးတယ်။

### သံသရာအတွက် အမြင်

ဦးဇင်းတို့ ဗုဒ္ဓဘာသာ မြန်မာတွေက အလှူအတန်း မှာ ပိုတောင် ပိုနေပါသေးတယ်။ တစ်ခါက ကျေးဇူးတော်ရှင် မုံရွာပန္နောတာရုံဆရာတော်ကြီးက ပြောဘူးပါတယ်။ ဂျပန်တွေက

ပြောတယ်တဲ့၊ မြန်မာတွေ မွဲမှာပေါ့တဲ့။ စုစု စားကြတာကိုးလို့ ပြောပါသတဲ့။

မြို့မှာဖြစ်စေ တောမှာဖြစ်စေ ရှင်ပြုအလှူတွေ အိမ်တက်မင်္ဂလာတွေ မွေးနေ့ပွဲစတဲ့ပွဲတွေမှာ သံဃာတော်တွေ ပင့်၊ လူတွေဖိတ်ပြီး ကျွေးကြမွေးကြတာကိုး၊ လှူကြတန်းကြတာကိုး။

အဲဒီ ဂျပန်တွေရဲ့အမြင်က တစ်ဘဝ တစ်နပ်စာ အတွက် အမြင်သာဖြစ်ပါတယ်။ ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေရဲ့အမြင်က မြတ်စွာဘုရားအလောင်းတော် သုမေဓာပညာရှိလို သံသရာအတွက် အမြင်ဖြစ်ပါတယ်။

## သုမေဓာပညာရှိ

ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူတဲ့အချိန်က ဖြစ်ပါတယ်။ အခုကမ္ဘာက ဘဒ္ဒကမ္ဘာဖြစ်ပါတယ်။ ဘာကမ္ဘာတဲ့ပါလဲ?

"ဘဒ္ဒကမ္ဘာပါဘုရား"။

ဒီဘဒ္ဒကမ္ဘာမှာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းအထက်မှာ အမရဝတီဆိုတဲ့ မြို့ရှိခဲ့ပါတယ်။ ဦးဇင်းတို့ သူတော်စင်တို့ရဲ့ ဘုရားအလောင်းတော်ဟာ သုမေဓာမည်တဲ့ ပုဏ္ဏားဖြစ်ခဲ့ပါတယ်။ သုမေဓာပုဏ္ဏားလေး ငယ်စဉ် ကပင် မိဘနှစ်ပါး ကွယ်လွန်သွားကြပါတယ်။

မိဘတွေ ကွယ်လွန်သွားတဲ့အခါ သုမေဓာပုဏ္ဏား

လေးရဲ့ဘဏ္ဍာစိုး၊ဘဏ္ဍာထိန်းက သော့ယူပြီးတော့ စိန် ရွှေ ငွေ ပတ္တမြား ပုလဲစတဲ့ ရတနာတွေ အပြည့်ထည့်ထားတဲ့ တိုက်ခန်းတွေကို ဖွင့်ပြပါတယ်။ အခုလိုလဲ ပြောပြပါတယ်။

"အရှင်သား ! ဒီဥစ္စာပစ္စည်းတွေက အမေရဲ့ ဥစ္စာပစ္စည်းတွေပါ။ဒီဥစ္စာတွေက အဖေရဲ့ ဥစ္စာပစ္စည်းတွေပါ။ ဒီဥစ္စာပစ္စည်းတွေက အဘိုး၊အဘွားစသူတို့ရဲ့ ဥစ္စာ ပစ္စည်းတွေပါ"လို့ ပြောပြပါတယ်။ ဆွေခုနစ်ဆက် မျိုး ခုနစ်ဆက်တိုင်အောင်သော ဆွေးတော်မျိုးတော်တို့ရဲ့ ဥစ္စာ ပစ္စည်းတွေအထိ ပြောပြပါတယ်။ အသေးစိတ် စာရင်းနဲ့ တကွ ပြောပြပါတယ်။ ဒီဥစ္စာပစ္စည်းတွေကို ခံစားစံစားပါ၊ စီမံပါ"လို့ ပြောပြပါတယ်၊ အပ်နှံပါတယ်။

အဲဒီအခါမှာ သုမေဓာသုခမိန်က အခုလို ကြံစည်မိပါတယ်၊ စဉ်းစားမိပါတယ်။

"ငါ့ရဲ့ အမေ၊အဖေ အဘွားစတဲ့ ဆွေတော်မျိုးတော်တို့ဟာ ဒီဥစ္စာပစ္စည်းတွေကို ရှာဖွေရုံသာ ရှာဖွေသွားကြ ပါတယ်၊ စုဆောင်းရုံသာ စုဆောင်းသွားကြပါတယ်။ တမ လွန်ဘဝ သွားကြတဲ့အခါ ငွေအသပြာစိုးစဉ်းမျှတောင် ယူမသွားနိုင်ကြပါဘူး၊ အားလုံး ထားခဲ့ကြရပါတယ်။

ငါကတော့ ဒီဥစ္စာပစ္စည်းတွေကို ငါ့နောက်ပါအောင် ယူသွားမယ်"လို့ ကြံစည်မိပါတယ်၊ စဉ်းစားမိပါတယ်။

## ကိုယ့်နောက်ပါအောင် ယူခြင်း

သုမေဓာပညာရှိဟာ ရှင်ဘုရင်အား အကျိုးအ-ကြောင်း သံတော်ဦးတင်ပါတယ်။ ရှင်ဘုရင်က မြို့ထဲ စည်တီးလှည့်လည် ကြေညာနိုင်းပါတယ်၊ဒီခေတ်ကတော့ ကြော်ငြာအားကောင်းတဲ့ ခေတ်ပါ။ မြဝတီကနေဖြစ်စေ၊ မြန်မာ့ရုပ်သံအစီအစဉ်ကနေ ဖြစ်စေ ကြေညာလိုက်ရုံပါ။

စိန်၊ရွှေ၊ငွေစတဲ့ ဥစ္စာပစ္စည်းတွေ လိုချင်တဲ့သူ လာယူ လှည့်ပါပေါ့။

ရှေးခေတ်ကတော့ **နဂရေ ဘေရိံ စရာပေတွာ**-တဲ့

**နဂရေ**-အမရဝတီမြို့တော်တစ်ခွင်လုံး၌၊ **ဘေရိံ**-စည်ကို၊ **စရာပေတွာ**-လှည့်လည်စေ၍။

လူနှစ်ယောက် စည်ကြီးထမ်း၊ နောက်ကလူက စည် ကိုထု၊ ပါးစပ်မှလည်း ''စိန်၊ရွှေ၊ငွေစတဲ့ ဥစ္စာပစ္စည်းတွေကို အလိုရှိသူတို့ သုမေဓာပညာရှိအိမ်သို့ အလှူခံကြွရောက်နိုင် ပါကြောင်း ကြော်ငြာမောင်း ခတ်ရတာဖြစ်ပါတယ်။

သုမေဓာပညာရှိဟာ များပြားလှစွာသော လူ အပေါင်းကို စိန်၊ရွှေ၊ငွေစတဲ့ ဥစ္စာပစ္စည်းတွေကို ပေးလှူပြီးတော့ ရသေ့ရဟန်းပြုသွားပါတော့တယ်။

ဘုရားအလောင်း သုမေဓာပညာရှိက နောက်ဘဝ အဆက် ဆက်တွေအထိပါအောင် ဥစ္စာပစ္စည်းတွေကို ယူဆောင်သွား ပုံဖြစ်ပါတယ်။ ဒါကြောင့်မို့ ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင်

## ချမ်းသာကြောင်းလေးပါး

သူတော်စင်တွေ မိမိတို့စွမ်းအားရှိသမျှ လှူကြတန်း ကြတာဟာ သုမေဓာပညာရှိလို ကိုယ့်နောက်ပါအောင် ယူ ခြင်းဖြစ်ပါတယ်။

ကဲ ပါယာသိနတ်သားဟာ အရှင်ဂဝံပတိမထေရ်ကို လူ့ပြည်ပြန်ရောက်တဲ့အခါ လူတွေကို တစ်ဆင့်ပြန်ပြီး အမိန့်ရှိပါဘုရားလို့ လျှောက်ထားတဲ့အကြောင်းကို ပြောလိုက်တာ သုမေဓာအထိတောင် ရောက်သွားပါပြီ။

### အတိုချုပ်လေး

အရှင်ဂဝပတိမထေရ်က လူ့ပြည်ပြန်ရောက်တဲ့အခါ ပါယာသိနတ်သား လျှောက်ထားတဲ့အတိုင်း လူတွေကို တစ်ဆင့်ပြန်ပြီး အမိန့်ရှိပါတယ်။

ဒါ ကြောင့်မို့ ဦးဇင်းတို့ ချုပ်မယ်ဆိုရင် ဦးဇင်းတို့ တတွေ သူတော်စင်တို့တတွေ အလှူဒါနပြုကြပြီဆိုရင်

**နံပါတ်တစ်-** ကံနှင့်ကံ၏အကျိုးကိုယုံကြည်ပြီးတော့ ပေးလှူရပါမယ်၊

**နံပါတ်နှစ်-** မိမိတို့ကိုယ်တိုင် ကိုယ့်လက်နှင့်လှူပြီး တော့ပေးရပါမယ်၊

**နံပါတ်သုံး-** မိမိတို့လှူတဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းအစုစု နှင့် အလှူခံပုဂ္ဂိုလ်တို့အပေါ်မှာ မွန်မွန် မြတ်မြတ်နဲ့ မြတ် မြတ်နိုးနိုး တန်ဖိုးထား ပြီးတော့ လှူဒါန်းကြရပါမယ်၊

**နံပါတ်လေး-** မိမိတို့လှူပြီတန်းပြီဆိုရင် မိမိ တို့တတွေ ဟာ အမှိုက်ပစ်သလို အသုံးမလိုတော့လို့ ပစ်လိုက်သလို မပေးလှူဘဲနဲ့ ရော့- အင့်လို့ လူတွေပေး သလိုပဲပေါ့ ဟုတ်လား မရိုမသေ မပေးဘဲနဲ့ မလှူပဲနဲ့ ရိုရိုသေသေ လေးလေးစားစား တန်ဖိုးထား ပြီးတော့ လှူပေးကြရပါမယ်။

**တရားလက်ဆောင်**

အဲဒီလိုလေးချက်နဲ့ လှူပြီဆိုရင် မိမိတို့မှာ လှူတဲ့ အတွက် မွန်မြတ်တဲ့ အကျိုးကို ရစေပါတယ်။ မိမိတို့ မှာ ကြီးမားတဲ့ အကျိုးကိုရစေပါတယ်။ တန်ဖိုးရှိတဲ့အကျိုးကို ရစေပါတယ်။ အထက်တန်းကျကျ မျက်နှာပန်းလှလှ ဆိုသလို အထက်တန်း ကျတဲ့ ကြီးကျယ်တဲ့အကျိုးကို ရစေပါတယ်။

ဒါကြောင့်မို့လို့ ဦးဇင်းတို့တတွေ သူတော်စင်တို့ တတွေ လှူဒါန်းတဲ့အခါမှာ အရှင်ဂဝံပတိမထေရ်အား ပါယာသိနတ်သား လျှောက်ထားတဲ့ အင်္ဂါလေးချက် အချက်အလက် လေးချက်နဲ့အညီ လှူကြပါတန်းကြပါလို့ ဒီနေ့ညဦးဇင်း ကတာဆင့် ဖောက်သယ်ချ ပါတယ်၊ စကားလက်ဆောင် တရားလက်ဆောင်ပေးပါတယ်။

**ကုသိုလ်သုံးမျိုးစုံရအောင်**

ဦးဇင်းတို့ဟောနေကြအတိုင်း နံပါတ်နှစ်အနေနဲ့ သီလ ကုသိုလ်လည်း မိမိတို့တတွေ ဦးဇင်းတို့တတွေ ပြုလုပ် ပြီးတော့ ပေးရပါမယ်။ သီလကုသိုလ်တွေကိုလည်း လုံခြုံအောင်

စောင့်ထိန်းပြီးတော့ပေးရပါမယ်။

ကဲ ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေမှာ ဒါန ကုသိုလ်တွေလည်းပြုဖြစ်ပြီ၊ သီလကုသိုလ်တွေလည်း စောင့်ထိန်းဖြစ်ပြီဆိုရင် တဆင့်တက်ပြီးတော့ ခုနက ပြောပြ ခဲ့တဲ့အတိုင်း "ဓမ္မဝိဟာရီ"ဖြစ်အောင်ပေါ့ နံပါတ်သုံးအနေနဲ့ တရားဘာဝနာတွေလည်း ကျင့်သုံးလိုက်နာပြီးတော့ ပေးရ ပါမယ်။ ဘာဝနာတရား ရှုမှတ်ပွားများပေးရပါမယ်၊ အားထုတ် ပေးရပါမယ်။

အဲဒီလိုဆိုရင် မိမိတို့မှာ ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ကုသိုလ်သုံးမျိုး စုံပြီးတော့နေမှာပါ။

ဒါကြောင့် ဒီနေ့ည ဦးဇင်းတို့ ဟောကြားတဲ့တရားက **"သုခလေးပါးတရား၊ ချမ်းသာကြောင်းလေးပါးတရား"**၊ အဲဒီဂါထာကို ရွတ်ဆိုပြီးတော့ ဦးဇင်းတို့ တရားသိမ်းကြ ရအောင်-

**သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ ၊ သုခါ သဒ္ဓမ္မဒေသနာ။**
**သုခါ သံဃဿ သာမဂ္ဂီ ၊ သမဂ္ဂါနံ တပေါ သုခေါ၊**

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ဘိက္ခ ဝေ**-တရားနာပရိသတ်အပေါင်း အိုသူတော်ကောင်းတို့၊ **ဗုဒ္ဓါနံ**- သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ပေလတ် သိစေတော်မူတတ်သော ဘုရားရှင်ကိုယ် တော်မြတ်တို့၏၊

**ဥပ္ပါဒေါ**-လောကတစ်ခွင်မှာပွင့်ထွန်း ပေါ်ပေါက်တော်မူလာခြင်းသည်၊ **သုခေါ**-ချမ်းသာကြောင်း စင်စစ် အမှန်ပင်ဖြစ်ပါပေ၏။

**သဒ္ဓမ္မဒေသနာ**-သူတော်ကောင်းတရားကို နာကြား ရခြင်း ယောကြားရခြင်း ဖတ်ရှုရခြင်း နာကြား,ယောကြား, ဖတ်ရှုထားတဲ့အတိုင်း လိုက်နာကျင့်သုံးရခြင်း, ပွားများအားထုတ်ရခြင်းသည်၊ **သုခါ**-ချမ်းသာကြောင်း စင်စစ် အမှန်ပင်ဖြစ်ပါပေ၏။

**သံဃဿ**-သံဃာတော်များ၏၊ **သံဃဿ**-မိမိတို့ရဲ့ မိသားစု အသင်းအဖွဲ့တစ်ခု၏၊ **သံဃဿ**-တိုင်းသူပြည်သားလူအများ၏၊ သံဃဿ-နိုင်ငံသူ,နိုင်ငံသားအပေါင်း၏၊ **သံဃဿ**-ကမ္ဘာသူ,ကမ္ဘာသားအပေါင်း၏၊ **သာမဂ္ဂီ**-ညီညွတ်ခြင်းသည်၊ **သုခါ**-ချမ်းသာကြောင်းစင်စစ် အမှန်ပင်ဖြစ်ပါပေ၏။

**သမဂ္ဂါနံ**-ညီညွတ်ကြသူ များရှင်လူတို့၏၊ **တပေါ**-ပြုကျင့်ဖွယ်ရာ အဖြာဖြာသည်၊ **သုခေါ**-ချမ်းသာကြောင်း စင်စစ် အမှန်ပင်ဖြစ်ပါပေ၏။

**ဣတိ**-ဤသို့၊ **သုဂတော**-ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်၊ **ကထေသိ**-ကရုဏာရှေ့ထား ဉာဏ်တော်အားဖြင့် ကောင်းစွာမသွေ မိန့်ကြားတော်မူပါပေသတည်း--။

သာဓု- သာဓု- သာဓု၊

# ကျေးဇူးတင်လွှာ

မှန်ကင်းပဋ္ဌာနတာရုံစာသင်တိုက်၏(၂၅)နှစ်ပြည့်လောကမှန်ကင်းကျောင်းတိုက်ကြီး၏ နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ဤ"ချမ်းသာကြောင်းလေးပါး"စာအုပ်ကို ဒုတိယမြောက်စာအုပ်အဖြစ် ထုတ်ဝေပူဇော်လိုက် ပါတယ်။

ဒီတရားတော်ဟာ သာသနရက္ခိတဘုံဆွမ်းလောင်းအသင်းရဲ့ သုံးနှစ်ပြည့်အောင်ပွဲ အထိမ်းအမှတ်အဖြစ် ဓမ္မသဘင်မှာ ဟောကြားခဲ့တဲ့ တရားဖြစ်ပါတယ်။ ပိုနေတာလေးတွေ ထပ်နေတာလေးတွေကို ဖြုတ်လို့၊ လိုနေတာလေးတွေကိုဖြည့်ကာ စီစဉ်ထားပါတယ်။

## ရှင်းရှင်းလင်းလင်း သိရတာပေါ့

ဟောကြ,ပြောကြတဲ့ပုဂ္ဂိုလ်တိုင်း အကြောင်းအရာတစ်ခုကို ထပ်ခါ,ထပ်ခါ ဟောကြ,ပြောကြတာ ဓမ္မတာပါ။ ပရိသတ်တွေ သိစေချင်တဲ့ နားလည်စေချင်တဲ့ စေတနာ ကြောင့်ပါ။ စာရေးသူ နာမည်ကြီး ဓမ္မကထိကတွေရဲ့ ဟောတရားတွေကို နာရတဲ့အခါ နှစ်ခါသုံးခါတင်မကပါ၊ နားလည်စေချင်လို့ လေးငါးခြောက်ခါ ထပ်ခါ,ထပ်ခါ ဟော ထားတာတွေကိုတောင် နာရကြားရပါတယ်။

## အရှင်ဣန္ဒကာဘိဝံသ

အို စာရှုသူ ! ဤချမ်းသာကြောင်းလေးပါး စာအုပ်မှာလဲ ထပ်ထပ်ပြောတာလေးတွေ တွေ့ခဲ့ရမှာပါ၊ ဗုဒ္ဓစာပေမှာလဲ နိဒါန်းရယ် စာကိုယ်မှာရယ် နိဂုံးမှာရယ် ထပ်ထပ်ဟောထား မိန့်ထားတာတွေ ပါရစမြဲပါ။ "ကြားဘူးပြီးပြန်ထပ်မံ၍ရှင်း" ဆိုတဲ့အတိုင်း ရှင်းရှင်းလင်းလင်း သိရတာပေါ့၊ ပို မှတ်မိတာပေါ့။

### ကျောင်းတိုက်အထိ လိုက်လှူ

၁။ ကြည်ညိုဖွယ်ကောင်းသော သာသနာ၊
၂။ ချမ်းသာကြောင်းလေးပါး၊
၃။ အမှီကောင်းရင် ကြီးပွားမည်၊

စာအုပ်သုံးအုပ်စီနဲ့ သက်န်းစတဲ့ လှူဖွယ်တွေကို (၂၅)နှစ် ပြည့်နှင့် နှစ်(၁၅၀)ပြည့် သာသနာ့အောင်ပွဲ အထိမ်းအမှတ် အဖြစ် သံဃာတော်(၃၅၀)ပါးတို့အား လှူဒါန်းမှာဖြစ်ပါတယ်၊

လှူဒါန်းတဲ့အခါမှာလဲ အိမ်တိုင်ရာရောက်ဆိုသလို ဆရာတော်များသီတင်းသုံးရာ ကျောင်းတိုက်အထိ လိုက်လှူမှာဖြစ်ပါတယ်။

### တအား လောင်းလှူကြ

နှစ်(၁၅၀)ပြည့်အထိမ်းအမှတ် ကျောင်းတော်ကြီးရဲ့ ကျောင်းဒါယကာ ကျောင်းဒါယိကာမများ, အလှူရှင်များ ကိုလဲ

## ချမ်းသာကြောင်းလေးပါး

ဓမ္မဒါနပြုပါမယ်။ စာရေးသူတို့ကျောင်းတိုက်မှာ နေ့စဉ် ဆွမ်းခံသံဃာတန်း(၉)တန်း ထွက်ပါတယ်။ ဆွမ်း ခံတန်းပြီးဆုံးမှ ဆွမ်းခံအိမ်တွေကို ကြွကြပါတယ်။ ဆွမ်းခံ တန်းရော, ဆွမ်းခံ အိမ်ရောဆိုတော့ ဆွမ်း,ဆွမ်းဟင်း အဆင်ပြေပါတယ်။ မန္တလေး မြို့သူမြို့သားတွေက တအားလောင်း လှူကြတာပါ။

### မှတ်တမ်း

(၂၃-၁၀-၀၉)နေ့က တန်းဆွမ်းကြွစဉ်က မှတ်ခဲ့တဲ့ မှတ်တမ်းကို ကြည့်ပါဦး။

| | |
|---|---|
| ပထမတန်း | ၆၈-ဦး |
| ဒုတိယတန်း | ၅၄-ဦး |
| တတိယတန်း | ၄၀-ဦး |
| စတုတ္ထန်း | ၈၅-ဦး |
| အိုးဘိုတန်း | ၃၉-ဦး |
| အောင်ချမ်းသာတန်း | ၅၇-ဦး |
| အတန်းသစ် | ၃၄-ဦး |
| ၁၆-လမ်း | ၄၀-ဦး |
| ၁၄-လမ်း | ၃၀-ဦး |
| သစ်ဆန်းလွင်နှင့်ဘုရင်မ | ၇-ဦး |
| နန်းတွင်း | ၈၄-ဦး |
| အဖိတ်နေ့ | ၂၇-ဦး |

ဥပုသ်နေ့ ၄၇-ဦး
ပေါင်း(၆၁၂)ဦး လောင်းလှူကြပါတယ်။

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

စနေ၊တနင်္ဂနွေနေ့တွေမှာ အမှတ်-၂၅-အ-ထ-က)ရဲ့ အရှေ့ဘက်နဲ့ နန်းတွင်းသို့ ဆွမ်းခံကြွပါတယ်။ အဲဒီ စနေ တနင်္ဂနွေနေ့တိုင်း လောင်းတဲ့ကုသိုလ်ရှင်က (၈၄)ဦး ရှိပါတယ်။

အဖိတ်နေ့၊ဥပုသ်နေ့တွေမှာ အရဏ်ဆွမ်းခံ ထွက်ကြပါတယ်။ ၄င်းနေ့တွေမှာ ဆွမ်း၊ဆွမ်းဟင်းလောင်းလှူကြတဲ့ အလှူရှင်တွေက (၇၄)ဦးရှိပါတယ်။

နေ့စဉ်နေ့တိုင်း ဆွမ်းခံတန်း(၉)တန်းရယ်၊ စနေ တနင်္ဂနွေ အဖိတ်နေ့ ဥပုသ်နေ့တွေက (၃)တန်းရယ်၊ ပေါင်းလိုက်တော့ ဆွမ်းခံတန်း(၁၂)တန်းရှိပါတယ်။ အဲဒီ ဆွမ်းခံတန်း(၁၂)တန်းက အမြဲ နိစ္စဘတ်လောင်းလှူကြတဲ့ ဆွမ်းအလှူရှင်(၆၁၂)ဦးတို့အားလည်း တစ်အုပ်စီ ဓမ္မဒါနပြုမှာဖြစ်ပါတယ်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်နဲ့အညီလဲ ဖြစ်ပါတယ်။ ပြာသိုလ်ဆန်း(၃)ရက် နေ့မှ (၇)ရက်နေ့အထိ (၅)ညတိုင်တိုင် တရားပွဲများနဲ့ ကျင်းပပူဇော်မှာဖြစ်ပါတယ်။

## စိန်ရတုစေတီ

လောကမှန်ကင်းကျောင်းတိုက်ကြီးရဲ့ အရှေ့ထိပ် မှာ မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ ပဋ္ဌာနတာရုံဆရာတော် ကြီးရဲ့ သက်တော်(၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် **"အောင်ချမ်းသာမဟာစိန်ရတုစေတီတော်"**ကို တည်ထား ကိုးကွယ်ခဲ့ပါတယ်။ ၂၀၀၀-ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ လွှပ်လပ်ရေးနေ့မှာ ပန္နက်တင်မင်္ဂလာ ပြုလုပ်ခဲ့ပါတယ်။

ဘုရားတည်တာဆိုတော့ မြတ်စွာဘုရားရဲ့ တန်ခိုး တော်ကြောင့် တစ်နှစ်အတွင်းမှာပင် ပြီးစီးအောင်မြင်သွားပါ တယ်။ နှစ်စဉ် လွှပ်လပ်ရေးနေ့တိုင်း မန္တလေးထုံးစံနဲ့အညီ ဗုဒ္ဓပူဇနိယဘုရားပွဲတော် သံဃဒါနစာရေးတံဆွမ်းလောင်း ပွဲ ကျင်းပခဲ့ပါတယ်။

## အေးအေးချမ်းချမ်းနဲ့သာ

ဒီနှစ် ၁၃၇၁-ခုနှစ်၊ ပြာသိုလ်လွှန်း(၇)ရက်နေ့က လောကမှန်းကင်းကျောင်းတိုက်ကြီးရဲ့ နှစ်(၁၅၀)ပြည့်သော နှစ်၊ ပြည့်သောရက်ပါ။ ဒါကြောင့် ဒီနှစ်မှာတော့ ပြာသိုလ် လွှန်း(၇)ရက်နေ့မှာပဲ အောင်ချမ်းသာမဟာစိန်ရတုစေတီ တော်ရဲ့ ဗုဒ္ဓပူဇနိယဘုရားပွဲတော် သံဃဒါန စာရေးတံဆွမ်း လောင်းလှူပွဲပါ ပူးတွဲကျင်းပမှာဖြစ်ပါတယ်။

မှန်ကင်းပဋ္ဌာနတာရုံစာသင်တိုက်ရဲ့ (၂၅)နှစ်ပြည့်၊

## အရှင်ဣန္ဒိကာဘိဝံသ

လောကမှန်ကင်းကျောင်းတိုက်ကြီးရဲ့ နှစ်(၁၅၀)ပြည့်၊ အောင်ချမ်းသာမဟာစိန်ရတုစေတီတော်ရဲ့ ဘုရားပွဲတော်များ ကျင်းပပြုလုပ်တဲ့အခါ အခြားအခြား ဘုန်းကံကြီး မားကြသော ပုဂ္ဂိုလ်များရဲ့ ပွဲတော်များနည်းတူ စည်စည် ကားကား သိုက်သိုက် ဝန်းဝန်းနဲ့ ကျင်းပမည်တော့ မဟုတ်ပါ။ အေးအေးချမ်းချမ်းလေး နဲ့သာ တရားနှင့်အညီ ကျင်းပသွားမှာဖြစ်ပါတယ်။

### အလုပ်မပျက်စေလိုပါ

စာရေးသူတို့ကျောင်းမှာ ရှင်ပြုအလှူတော်မင်္ဂလာ ပွဲတွေ ကျင်းပပြုလုပ်ကြတဲ့အခါ ကားတစီစီ ဆိုင်ကယ် တစီစီနဲ့ပါ။ ဧည့်ပွဲလာတွေက လာတဲ့သူကလာ၊ ပြန်တဲ့သူ ကပြန် ရှုပ်ယှက်ခတ် လို့ပါ။ ရှင်ပြုအလှူတော်မင်္ဂလာကို တော့ ဗုဒ္ဓဘာသာဝင်တွေကို တစ်ဖက်တစ်လမ်းက ကူညီတဲ့ အနေနဲ့ ကျင်းပခွင့် ပြုရပါတယ်။

မိမိတို့ရဲ့ ပွဲကိုကား စည်စည်ကားကား သိုက်သိုက် ဝန်းဝန်း မလုပ်လိုတော့ပါ။ ဆရာတော်သံဃာတော်များ ကိုလဲ မိမိတို့ရဲ့အလုပ် မပျက်စေလိုပါ။ ဒါကြောင့် မှန်ကင်း ပဌာနတာရုံ အထိ၊ လောကမှန်ကင်းကျောင်းတိုက်အထိ မပင့်တော့ပါ။ ဗုဒ္ဓပူဇနီယဘုရားပွဲတော် သံဃဒါန စာရေးတံ ဆွမ်းလောင်းလှူပွဲ နှစ်စဉ်ကြွတဲ့ ပင့်သံဃာများကိုသာပင့်ပါမယ်။

## ဘဝရဲ့အနှစ်

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ဟာ မိမိတို့ရဲ့(၁၀)နှစ်ပြည့်မင်္ဂလာအထိမ်းအမှတ်၊ (၂၅)နှစ်ပြည့်အထိမ်း အမှတ်ငွေရတု၊ နှစ်(၃၀)ပြည့်အထိမ်းအမှတ် ပုလဲရတု၊ နှစ်(၅၀)ပြည့်အထိမ်းအမှတ် ရွှေရတုစသည်စသည်ဖြင့် ကျင်းပ ကြပါတယ်။

အဲသလို ကျင်းပကျတဲ့အခါ ဆရာတော်သံဃာတော်များအား ပင့်ဖိတ်ကာ လှူဒါန်းပူဇော်ကြပါတယ်။ ဓမ္မဒါနပြုကြပါတယ်။ ဧည့်ပရိသတ်တို့အား ကျွေးမွေးဧည့်ခံ ကြပါတယ်။

အဲဒီလိုပြုလုပ်ခြင်းဟာ ပစ္စည်းဥစ္စာရဲ့အနှစ်၊ ဘဝရဲ့အနှစ်ဖြစ်တဲ့ ဒါန,သီလ,ဘာဝနာ ကုသိုလ်တွေကို ထုတ်ယူခြင်းပါ၊ စုဆောင်းခြင်းပါ၊ ဆည်းပူးခြင်းပါ။

အထက်ပါ တင်ပြခဲ့တာတွေက---

မှန်ကင်းပဓ္ဓောတာရုံစာသင်တိုက်ရဲ့ (၂၅)နှစ်ပြည့်၊

လောကမှန်ကင်းကျောင်းတိုက်ကြီးရဲ့ နှစ်(၁၅၀)ပြည့်၊ အထိမ်းအမှတ်ပွဲတော်တို့နဲ့စပ်လို့ လုပ်ဆောင်ဖွယ်လေးတွေပါ၊ ဆောင်ရွက်ချက်လေးတွေပါ၊ သိစရာလေးတွေပါ။

# မှတ်တမ်းတင်ဂုဏ်ပြု

ဤချမ်းသာကြောင်းလေးပါးကို တရားတိတ်ခွေမှ တဆင့် ကူးယူခြင်း၊ ကူပျူတာစာစီစာရိုက်ခြင်း၊ ပရုဖတ်ခြင်း၊ မိတ္တူကူးခြင်း၊ စာပေစိစစ်ရေးသို့တင်ပေးခြင်း၊ စာအုပ်ရိုက်ခြင်းစသော ကိစ္စအဝဝတို့ကို ဆောင်ရွက်ပေးကြပါသော-

အရှင်အဿဇိယ (ဓမ္မာစရိယ)
အရှင်ဝံသပါလ(ဓမ္မာစရိယ)
အရှင်စာရိတ္တ (ဓမ္မာစရိယ)
အရှင်ဇနက (အင်္ဂလိပ်စာပေဌာန၊ နပသ၊ ရန်ကုန်)
အရှင်ခန္တီဗလ (M.A Thesis) နပသ၊ ရန်ကုန်)

တို့နှင့် တပည့်များ၊ ပန်းချီပညာရှင်များ၊ အခြားအခြားသော ပုဂ္ဂိုလ်များ၊ ဓမ္မဒါနကုသိုလ်ရှင်များအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုလိုက်ပါတယ်။

ချမ်းသာကြပါစေ---

အရှင်ဣန္ဒိကာဘိဝံသ
(ကေတုပဗ္ဗာ)

## ကျမ်းကိုး

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပဌမ
၂။ အင်္ဂုတ္တိုရ်ပါဠိတော် ဒုတိယ
၃။ အင်္ဂုတ္တိုရ်ပါဠိတော် တတိယ
၄။ သီလက္ခန်ပါဠိတော်
၅။ သုတ်မဟာဝါပါဠိတော်
၆။ ဝိနည်းမဟာဝါပါဠိတော်
၇။ ရူဠဝါပါဠိတော်
၈။ မူလပဏ္ဏာသပါဠိတော်
၉။ အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမ
၁၀။ ဓမ္မပဒအဋ္ဌကထာ ပဌမ
၁၁။ ဓမ္မပဒအဋ္ဌကထာ ဒုတိယ
၁၂။ ဇာတကအဋ္ဌကထာ ပဌမ
၁၃။ ဇာတကအဋ္ဌကထာ ဒုတိယ
၁၄။ မဟာဝဂ္ဂအဋ္ဌကထာ
၁၅။ ကင်္ခါဝိတရဏီအဋ္ဌကထာ
၁၆။ သာရတ္ထဒီပနီဋီကာ ဒုတိယ

ဓမ္မဒါနကုသိုလ်ရှင်

**ဦးဝင်းအောင် + ဒေါ်ခင်လှ၊**

သား–မောင်သိန်းအေးဝင်း

**သမီး – မစိမ်းမိုမို၊ မမိုမိုစမ်း၊**

ဂုဏ်–စည်သာလမ်း၊

ဥပုသ်တော်၊မန္တလေးမြို့

# အရှင်ဣန္ဒိကာဘိဝံသ

## ဓမ္မဒါနကုသိုလ်ရှင်များ

### ကျပ်ခြောက်သိန်းကုသိုလ်ရှင်

၁။ ဒေါ်စန်းမြင့်အားရည်စူး၍၊ ဦးအေးကျော်ကို အမှူး
ထား၍ ကိုခင်မောင်ဝင်း+မထားထားခိုင်၊
သား- မောင်ဝေယံထွန်း၊ သမီး- မနုဒီဝင်း၊
၂၃-လမ်း၊၈၇-၈၈လမ်းကြား အင်းဘဲကြီးရပ်၊
မန္တလေးမြို့၊

### ကျပ်ငါးသိန်းကုသိုလ်ရှင်

၁။ ဦးဝင်းအောင်+ဒေါ်ခင်လှ၊ သား-မောင်သိန်းအေးဝင်း
သမီး-မစိမ်းမို့မို့၊ မမို့မို့စမ်း၊ ၇၆-စည်သာလမ်း၊
ဥပုသ်တော် ၊ မန္တလေးမြို့၊

### ကျပ်သုံးသိန်းကုသိုလ်ရှင်

၁။ ကိုဇော်နိုင်+မခင်နှင်းနှင်းရီ၊ သမီး-မခင်ဖြိုးဖြိုးသော်၊
သား-မောင်ဝေယံဖြိုးဦး၊ ၄၃-ကွက်၊ ရှမ်းဝိုင်း၊
ဌာနီအရှေ့၊ မန္တလေးမြို့၊

## ချမ်းသာကြောင်းလေးပါး

### ကျပ်နှစ်သိန်းကုသိုလ်ရှင်

၁။ နှစ်ဖက်မိဘများကိုအမှူးထား၍ ဦးသန်းအေး+ဒေါ်တင်တင်အောင်၊ သား- မောင်ကောင်းမြတ်ကျော်၊ သမီး-မမြတ်မြတ်ထွန်း၊ မိသားစု၊ အမှတ်-၆၁/၆၃၊ ၃-လွှာ ဆြင်မင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊

### ကျပ်တစ်သိန်းငါးသောင်းကုသိုလ်ရှင်

၁။ ဒေါက်တာစိန်မြင့်+ဒေါ်ညွန့်ညွန့်ဝေ သား- ဒေါက်တာအောင်မြင့်မြတ်၊ မောင်မိုးဝေမြင့်၊ မောင်ထက်မြက်အောင်၊ မိသားစု၊ ၃၄-ကွက်၊ ရှမ်းဝိုင်း၊ ဌာနီအရှေ့၊ မန္တလေးမြို့၊

၂။ ဦးစိုးမောင်အားရည်စူး၍ ဒေါ်ကြည်မြင့်မိသားစု၊ လင်းဇင်းရပ်၊ မန္တလေးမြို့၊

### ကျပ်တစ်သိန်းကုသိုလ်ရှင်များ

၁။ ဦးကျော်ဝင်း+ဒေါ်သန်းသန်း မိသားစု၊ ၇၆-စည်သာလမ်း၊ ဥပုသ်တော်၊ မန္တလေးမြို့၊

၂။ ဦးအေးကျော်+ဒေါ်မြမြ၊ ညီမ-ဒေါ်စိန်စိန် မိသားစု ၁၈-လမ်း၊ ၈၁×၈၂-လမ်းကြား၊ မန္တလေးမြို့၊

၃။ ဦးသိန်းမောင်+ဒေါ်တင်တင်မိသားစု၊
စကားဝါအထည်ဆိုင်၊ ဆရာစံဈေး၊ မန္တလေးမြို့၊

၄။ ကွယ်လွန်သူ ဦးသံလုံးအားရည်စူး၍ ဒေါ်ဆယ်
မိသားစု၊ အကွက်-၂၃၊ ဥပုသ်တော်၊ မန္တလေးမြို့၊

၅။ ဦးထွန်းမောင်ဝင်း+ဒေါ်မြသောင်းမိသားစု
သောင်းထွန်းနှင့်ညီများ ကားပစ္စည်းရောင်းဝယ်ရေး၊
စက်မှုဇုံ(၁)၊ မန္တလေးမြို့၊

၆။ ကိုကျော်ထွန်း+မဥမ္မာ သား- မောင်မျိုးကျော်၊
ညဏ်လင်းထွန်း၊ သီဟမင်းထက် စက်မှုဇုံ(၁)
မန္တလေးမြို့၊

၇။ ကိုတင်မျိုးဝင်း+မအေးလှ သား-ဟိန်းလင်းထွန်း၊
အောင်လင်းထွန်း၊ ဟန်လင်းထွန်း၊ စက်မှုဇုံ(၁)
မန္တလေးမြို့

၈။ ကိုတင်မျိုးထွန်း+မတင်အောင် သမီး- မေဇင်ကို၊
အိမ့်လဲ့ကို စက်မှုဇုံ(၁) မန္တလေးမြို့

## ကျပ်ငါးသောင်းကုသိုလ်ရှင်

၁။ ဦးခင်မောင်အေး+ဒေါ်ဝင်းဝင်း၊ သား-မောင်ငြိမ်းဟန်၊
မောင်လှိုင်ဝင်း၊ သမီး-မကြူကြူနိုင်၊ မဝါဝါနိုင်၊

## ချမ်းသာကြောင်းလေးပါး

မကေသွယ်အေး၊ "အေးဝင်း"စက်မှုလက်မှု မိသားစု၊ မြို့ပေါ်တန်း၊ မန္တလေးမြို့၊

၂။ အရှင်သုမန ခိုချောင်းကျောင်း၊ ခိုချောင်းရွာ၊

၃။ ဦးဟန်မြင့်+ဒေါ်ကြည်လေး မိသားစု၊ ခိုချောင်းရွာ၊

၄။ ကိုကျော်လင်း+မစန်းမြင့် မိသားစု၊ ခိုချောင်းရွာ၊

၅။ ဦးရှင်+ဒေါ်ပု၊ သမီး-ဒေါက်တာသောင်းသောင်းနု၊ သူရပ်တပ်၊ မန္တလေး၊

၆။ မသင်းသင်း စက်မှုဇုံ(၁) မန္တလေးမြို့၊

၇။ မနွယ်နွယ်၊ မလှလှတင့် ချိုချိုသိန်း ကွမ်းနှင့်ကွမ်း ပစ္စည်း ရောင်းဝယ်ရေး နန်းရှေ့ဈေး၊ မန္တလေးမြို့၊

## ကျပ်နှစ်သောင်းကုသိုလ်ရှင်

၁။ ကိုလင်းထင်+မသဥ္ဇာဦး မင်္ဂလာ(၁)နှစ်ပြည့် အထိမ်းအမှတ်ဓမ္မဒါန

## ကျပ်တစ်သောင်းကုသိုလ်ရှင်

၁။ ဗိုလ်ကြီးနိုင်လင်းထွန်း + ဒေါ်နန်းဇာဇာဝင်း၊ သားလေး အောင်ဘုန်းလင်း တစ်နှစ်ပြည့် မွေးနေ့အလှူ။